
www.burmeseclassic.com



BURMESE CLASSIC .com

# ဝန်ခင်းထန်

လူထူးလူဆန်း

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မန်ခင်းထန်

# လူထူးလူဆန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၀၂၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၀၃၀၅၀၉
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉၊ ဒီဇင်ဘာ။
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သာစံအိမ်ရာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မန်ခင်းထန်
လူထူးလူဆန်း/ မန်ခင်းထန် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၂၇၇ - စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) လူထူးလူဆန်း

BURMESE CLASSIC .com



ဒီကောင့်နာမည်က ရှားရှားပါးပါး ငပြူး။ သူ့အဖေ ကိုဘုန်းရှိန်နဲ့ သူ့အမေ ဒေါ်ချယ်ကလည်း ဒီကောင့်နာမည်ကို ကြံကြံဖန်ဖန်ပေးတာတဲ့တယ်။ ဒါကြောင့်လား မသိဘူး။ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို၊ ကိုဘုန်းရှိန်နဲ့ ဒေါ်ချယ် မွေးလာတဲ့ သားသမီးငါးယောက်တည်းမှာ ဒီကောင်က ထူးထူးခြားခြားဖြစ်နေတာ။

ကြည့်လေ။ ငပြူးက ခေါင်းတုံးက ပြောင်ပြောင်၊ အသားက ညည်းမည်း အရပ်က ပုကွကွ။ ကွမ်းအမြဲတမ်းစား ထားလို့ ရယ်လိုက်ရင် သွားတောင် မတွေ့ရဘူး။ အဲဒီအထိ ပည်းနိုင်နေတာ။ ပိုပြီးထူးတာက အင်္ကျီမဝတ်ဘဲ ကျော



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြီးနဲ့ နေတတ်တဲ့အကျင့်။

ကျုပ်ပြောလို့သာ ပြောရတာပါဗျာ။ ပြေူးကလည်း ပြေူးပဲ။ တစ်မိပေါက် တစ်ယောက်ထွန်းခဲ့တဲ့ အဖြစ်၊ ကြည့် လေဗျာ။ ပြေူးတို့ ညီအစ်ကိုမောင်နှမတွေက အသားဖြူဖြူ နဲ့ ချောမောတဲ့သူချည်းပဲ။ သူကျမှ ရုပ်ဆိုးလိုက်တာ လွန်ပါ ရောပဲ။ ဒါကြောင့်လည်း ပြေူးက ကျုပ်နဲ့တွေ့တိုင်း အမြဲတမ်း ပြောပြောနေတဲ့စကား။

"ကျုပ်ဘဝပေးတာက ဆိုးလိုက်တာ အစ်ကိုကြီး ရယ်။ အဖေနဲ့အမေက ကျုပ်အစ်ကိုနဲ့ အစ်မတွေလို လှလှ ပပကြီး မွေးလိုက်ပါလား။ ခုတော့ဗျာ . . . ကျုပ်တစ်ယောက် တည်းကွက်ပြီး ဘာကြောင့် ခုလိုမွေးခဲ့တယ်ဆိုတာ မတွေး တတ်အောင်ဘဲဗျာ"

ပြေူးက ကျုပ်ကိုပြောပြီး သူ့ရုပ်ရည် ဘဝက အကျိုးမပေးခဲ့တာကို နာကြည်းချက်တစ်လေ့ကြီးနဲ့ ဝမ်း နည်းတကြီး ပြောနေတဲ့စကားသံ။ ကျုပ် ပြေူးကိုကြည့်ပြီး သနားသွားမိတယ်၊ ဗုတ်ထယ်လေ။ ပြေူးကို ဘယ်လို





ကြည့်ကြည့် သူ့အစ်ကို၊ အစ်မတွေနဲ့ ရုပ်ရည်က တသီး တခြားလိုဖြစ်နေတဲ့ဘဝ မဟုတ်လား။ ဒါကြောင့်လည်း ကျုပ် မနေသာဘူး။

"အားမငယ်ပါနဲ့ ပြေူးရာ။ မင်းက အသားမည်း မည်း၊ ရုပ်ဆိုးပေမယ့် တစ်ဖက်သားအပေါ် အမြဲတမ်းကူညီ တဲ့စိတ်ထားကို အားလုံးသိကြပါတယ်ကွာ"

ကျုပ်က ပြေူးကို ညီတစ်ယောက်လို အမြဲတမ်း အားပေးနှစ်သိမ့်နေကြ။ ဒါကြောင့်လား မသိဘူး။ ပြေူးက အရက်ကလေးထွေထွေဖြစ်လာရင် ကျုပ်ကို အမြဲတမ်း ဂျိုကျနေကြ။ ကျုပ်ပြောလို့သာ ပြောရတာ ကျုပ်နဲ့ပြေူးက ဘယ်ဘဝက ရေစက်ပါခဲ့သလဲမသိဘူး။ ခက်နေတာက ကျုပ်အလုပ်။

ကျုပ်အလုပ်ဆိုလို့ ကြီးကြီးကျယ်ကျယ်လို့ မထင် ပါနဲ့ဗျာ။ ကျုပ်က နေ့စဉ် ကွန်တစ်လက်၊ လှေတစ်စင်းနဲ့ ချောင်းကြိုချောင်းကြား၊ မြောင်းကြိုမြောင်းကြား ငါးဖမ်းရှာတဲ့ အလုပ်ဆိုတော့ ကျုပ်က အိမ်ကပ်ရတယ်လို့ မရှိဘူး။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရသလျှ ငါးဖားတွေကို ကျွန်ုပ်မိန်းမ မြနိုကာ ဈေးတိုးပေးထန်တာပေး။ ရွာတွေလှည့် ဈောင်းတန်ဈောင်းနဲ့ အသက်မွေးရတာ။

ခက်နေတာက ပြေါ့း သူ့မိဘတွေက အချမ်းသာကြီး မဟုတ်ပေမယ့် ရွာမှာတော့ ချောင်ချောင်လည်လည်တွေ။ လယ်နဲ့ ခြံနဲ့၊ ဒါပေမယ့် ပြေါ့းက ငယ်ငယ်လေးကတည်းက သူ့အခ်တို၊ အခ်မတွေနဲ့ တစ်တန်နဲ့ငံနေတာ၊ သူ့မိဘတွေက အိမ်မှာ ဘယ်လိုထားထား မရဘူး၊ ကျွန်ုပ်ဆိုပြေါ့းက လွှတ်ခင်တာ၊ ဘယ်သွားသွား လာလာ ကျွန်ုပ်နဲ့မှ၊ ကြာတော့ သူ့အဖေနဲ့အမေက လက်လျှော့ပြီး ကျွန်ုပ်နဲ့ စိတ်ချလက်ချ ပြေါ့းကို အပ်ထားတာ။

ပြေါ့းကလည်း သူ့မိဘအိမ်ဘက်ကို ခြေဦးမလှည့်တော့ဘူး။ ကျွန်ုပ်အိမ်မှာနေ၊ ကျွန်ုပ်အိမ်မှာစား၊ ကြာတော့ ကျွန်ုပ်မိသားစုလိုဖြစ်နေတာ။ ဒါကြောင့်လည်း ကျွန်ုပ် ပြေါ့းအဖြစ်ကို ဂယနကာပြောပြနိုင်တာပေါ့ဗျား ကျွန်ုပ် ပြေါ့းအဖြစ်ကို ပြောပြနိုင်တာပေါ့ဆိုတဲ့ စကားကိုကြားတော့။ အံ့ဩသွားကြမယ်ထင်တယ်၊ ဟုတ်တယ်လေ။ ကျွန်ုပ် ပြေါ့း





အဖြစ်ကို လက်တွေ့မျက်တွေ့သိခဲ့ရတော့ ကျွန်ုပ် တွေးမိတိုင်း ကြက်သီးဖြန်းဖြန်း ထသွားမိတယ်။

ကျွန်ုပ် ကြက်သီးဖြန်းဖြန်း မထလို့ မဖြစ်ဘူး။ ကျွန်ုပ်က လက်တွေ့ကြုံမှ ယုံတတ်တဲ့သူ၊ ခုပဲကြည့်လေ။ ကျွန်ုပ် ပြေါ့းအဖြစ်ကို တွေးမိရင်း ကြည့်လိုက်မိတယ်။ ကျွန်ုပ် မျက်စိရှေ့မှာ တသွင်သွင်စီးနေတဲ့ချောင်း။ ကျွန်ုပ်တို့နေတဲ့အရပ်က ချောင်းတွေ မြောင်းတွေပေါ်သလို၊ သားငါးဆိုတာကလည်း ပေါ်မှပေါ်၊ ဒါကြောင့် ကျွန်ုပ်မိသားစုရဲ့ ထမင်းအိုးဆိုရင်လည်း မမှားဘူး။

ခက်နေတာက ကျွန်ုပ်၊ ကျွန်ုပ်အဖေက စာရင်းငှားဘဝနဲ့ ချောင်းရိုးလေးဘေးမှာ တဲထိုးပြီးနေရတာ။ ကျွန်ုပ်က ငယ်ငယ်လေးကတည်းက ဘုန်းကြီးကျောင်းသားဘဝနဲ့ ကိုရင်ဝတ်နေတုန်းရှိသေးတယ်။ ကျွန်ုပ်အဖေ ရုတ်တရက် ဆုံးပါးခဲ့လို့ ကျွန်ုပ် ကိုရင်ဘဝက ထွက်ခဲ့ရတာ။ ခက်နေတာက ကျွန်ုပ်အဖေအဖြစ်။ အဖေက စာရင်းငှားဘဝဆိုပေမယ့် တစ်ဖက်တစ်လမ်းက မိသားစုဝမ်းရေးပြည့်ဖို့ ကွန်တစ်လက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငါးဖားရှာနေလို့တော်သေးတာ။

တစ်ည ကျုပ်အဖေ ချောင်းရိုးထဲ ငါးရှာရင်း ပျောက်သွားတဲ့အဖြစ်က ဆန်းဆန်းကြယ်ကြယ်။ ကျုပ် အဖေအဖြစ်ကိုသိလိုက်ရလို့ အဖေတို့ကို အံ့ဩတုန်လှုပ် သွားမိတယ်။ ကြည့်လေ၊ အဖေက ဒီအရပ်သားဆိုတော့ ချောင်းရိုးမြောင်းရိုးအနံ့ ရောက်ဖူးပေါက်ဖူးခဲ့ထာ ခြေတို နေပြီ။ ခု . . . အဖေပြန်မလာလို့ ကျုပ်အမေ စိတ်ပူပြီး ဘကြီး ထုံကို ပြောပြတော့ ဘကြီးထုံတောင် အဖေ့အဖြစ်ကို သိပြီး အံ့ဩသွားတယ်။

"နေပါဦး . . . ခင်တင့်ရေ၊ နှင့်ယောက်ျားက ဘယ် သွားပြီး ငါးသွားရှာမယ်လို့ ပြောပြခဲ့ဘူးလား"

"ဟို . . . ကိုင်းဝင် ပြောသွားတာက မဆယ်ဂလိုင် ကွေ့လို့ ပြောသွားတာပဲ ဘကြီးထုံ"

"ဟော"

ကျုပ်အမေရဲ့စကားလည်းကြားရော . . . ဘကြီးထုံ တောင် အံ့အားသင့်ပြီး အာမေဍိတ်သံတောင်ထွက်သွားလို့





ကျုပ်ရင်တွေ ထဒိန်းဒိန်းခုန်သွားမိတယ်။ ဘကြီးထုံက သောက်လက်စ ဆေးပေါ့လိပ်ကြီးတောင် ဆက်မဖွာနိုင်ဘူး။ ကျုပ်တို့တဲရှေ့မှာ အရှိန်ပြင်းပြင်းနဲ့ ရေစီးသံကြားနေတဲ့ ချောင်းရေကိုကြည့်ပြီး . . .

"ခက်ပြီ ခင်တင့်ရာ။ ဘကြီး နင့်ယောက်ျားကို တွေ့ တိုင်း သတိပေးပေးနေတာ။ ဒီမဆယ်ဂလိုင်ကွေ့ဆိုတာ သွားဖို့မသင့်ဘူး"

ကျုပ်လည်း ဘကြီးထုံစကားကြောင့် အဖေ့ အတွက် ပိုပြီး ရင်ထိတ်သွားမိတယ်။ အမေကတော့ ဘကြီး ထုံ ဆက်ထွက်လာမယ့်စကားသံကို နားစွင့်ပြီး ကျုပ်အဖေ အတွက် စိုးရိမ်စိတ်နဲ့ မျက်ရည်တောင်မထိန်းနိုင်ရှာဘူး။

"ဘ . . . ဘကြီးထုံ။ အဲဒီမဆယ်ဂလိုင်ကွေ့က ဘာ ဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ခင်တင့်ရာ။ အဲဒီ မဆယ်ဂလိုင် ကွေ့က မကျွတ်မလွတ်တဲ့ နာနာဘာဝတွေ အမြဲတမ်းရှိ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မကျွတ်မလွတ်တဲ့ နာနုဘာဝ ဟုတ်လား"

"ဟုတ်တယ် . . . ခင်တင့်၊ ရွာကလူတွေဆို ဘယ်သူမှ ငါးမရှာရဲကြဘူး၊ နှင့်ယောက်ျားလည်း အသိပဲ၊ ဟိုကောင် ဝေလွင်မြင့်မောင်ဆို အဖြစ်ဆိုးနဲ့ကြုံခဲ့ရတာ နှင်မသိဘူးလား"

ဘကြီးထုံစကားကြားမှ ကျုပ်အမေ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားတယ်။

"ကိုဝေလွင်မြင့်မောင်က ဘာ . . . ဘာဖြစ်လို့လဲ ဘကြီးထုံ"

ဘကြီးထုံစကားကြောင့် ကျုပ်အမေ ကြောက်လန့်သွားတဲ့မျက်နှာလေးနဲ့ ရင်ဘတ်ကို လက်နဲ့ဖိပြီး တုန်တုန်ယင်ယင်နဲ့မေးလိုက်တဲ့ စကားသံ၊ ကျုပ်လည်း ကြားဖူးတာပေါ့ဗျာ။ မကောင်းဆိုးဝါး နာနာဘာဝတွေကို လက်တွေ့ကြုံခဲ့ရပေမယ့် ကြုံဖူးခဲ့တဲ့သူတွေရဲ့ ပြောစကားအတိုင်းဆို မကောင်းဆိုးဝါး၊ နာနာဘာဝတွေက ကြောက်စရာကောင်းတဲ့အဖြစ်။ ခု . . . ဘကြီးထုံပြောမယ့်အဖြစ်ကို ကျုပ်သိချင်





စိတ်က တရွားရွားပေါ်လာမိတယ်။ ဒါဆို ကျုပ်အဖေ ကိုဖိုးထင် နာနာဘာဝတွေနဲ့ တွေ့ကြုံနေပြီလား။

"ဒီလို ခင်တင့်ရေ။ တစ်ညာ အဲဒီဝေလွင်မြင့်မောင်နဲ့ မောင်ညိုမှိုင်းဆိုတဲ့ကောင် နှစ်ယောက်သား အရက်မူးမူးနဲ့ မဆာယ်ဂလိုင်ကွေ့မှာ ငါးရှာမယ်ဆိုပြီး ထွက်သွားကြတာ၊ နောက်တစ်နေ့အထိ ပြန်မလာလို့ ဘကြီးတို့ လူစုပြီးလိုက်ရှာတော့၊ ဝေလွင်မြင့်မောင်ကို မိချောင်းကိုက်တဲ့ဒဏ်ရာနဲ့ ဒေါင်းချောင်းက သောင်ခုံပေါ်မှ ပြန်တွေ့ရတာ။ ထူးတာက ဝေလွင်မြင့်မောင်ကို ပြန်တွေ့ပြီး မောင်ညိုမှိုင်းကို အစအန ပြန်မတွေ့ရတာဘဲ"

"ဒါဆို . . . အဲဒီ မောင်ညိုမှိုင်းအဖြစ်က သနားစရာပါလား ဘကြီးထုံ"

"ဒါပေမယ့် မောင်ညိုမှိုင်းအလောင်းကို ပင်လယ်ဘက်ထွက်တဲ့ ချောင်းဘက်မှာတွေ့ခဲ့သလို အသံကြားပြီး သတင်းပြတ်သွားခဲ့တာ။ ဝေလွင်မြင့်မောင် သတိရပြီး ပြောပြတာကတော့ အဲဒီ မဆာယ်ဂလိုင်ကွေ့မှာ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငါးတွေအများကြီးရလို့ ဝမ်းသာနေတာ။ အဲဒီမှာ မောင်ညိုမှိုင်းက သရဲတွေကို အရက်မူးမူးနဲ့ စိန်ခေါ်ပြီး ကော်ဘော်ဆဲခဲ့တာဆိုပဲ"

ဘကြီးထုံစကားသံနဲ့အတူ ကျုပ်နားထောင်ရင်း ကြက်သီးတွေတောင် ထသွားမိတယ်၊ ဒါဆို အဖေလည်း အဲဒီ မောင်ညိုမှိုင်းလိုဖြစ်ခဲ့ရင် . . . ဘုရား . . . ဘုရား။ ကျုပ် ဘုရားကို တမိတယ်။ ကျုပ်အမေဆို ဘကြီးထုံစကားကြားပြီး ရှုံးပွဲချငိုတော့တာပဲ။

"ကဲ . . . ခင်တင့် နင်ငိုနေလို့မပြီးဘူး။ အဘ ဇမိုးတို့လူစုကို မှာထားခဲ့တယ်၊ မဆယ်ဂလိုင်တွေမှာ ဖိုးထင်ကို တွေ့လိုတွေ့ငြား ရှာကြည့်မှာဖြစ်မယ်"

အဘထုံက ပြောပြောဆိုဆို တဲပေါ်က ဆင်းသွားမှ ကျုပ်လည်း ငိုနေတဲ့ အမေ့ကိုဖက်ပြီး ငိုလိုက်မိတယ်၊ ကျုပ် မငိုလို့မဖြစ်ဘူးလေ၊ ကျုပ်အဖေသာ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး။ ကျုပ်က ဘုန်းကြီးကျောင်းသားအရွယ်။ အဖေ့လုပ်စာကိုသာ အားကိုးနေရတာမဟုတ်လား။



အဖေ့ကို ပြန်တွေ့ပါရစေလို့ ကျုပ်စိတ်ထဲမှာ ကြိတ်ပြီး ဆုတောင်းနေသလို ကျုပ်အမေလည်း အဖေ့အတွက် ဆုတောင်းနေမှာ ကျိန်းသေပဲ။ ဒါနဲ့ ကျုပ်နဲ့ကျုပ်အမေ၊ ကျုပ်တို့နေတဲ့တဲရှေ့မှာ တသွင်သွင်စီးနေတဲ့ ချောင်းရေကိုကြည့်ရင်း ဘကြီးထုံ အပြန်ကို မျှော်နေမိတယ်။ ဒါပေမယ့် အဖေ ပြန်မလာသေးဘူး။ အမေကတော့ ကျုပ်ကို ဖက်ဖက်ပြီး . . .

"လူလေးရယ် . . . ဒီအတိုင်းဆို မင်းအဖေဘဝ ဆုံးပြီနဲ့တူတယ်"

ယူကျုံးမရဖြစ်နေတဲ့ အမေ့ရဲ့စကားသံနဲ့အတူ ကြိတ်ငိုနေရှာတဲ့ အမေ့အသံ။ ဒီလိုနဲ့ တစ်ညမိုးချုပ်ခဲ့တယ်။

"ကိုဖိုးထင်ကို ပြန်တွေ့ပြီ"ဆိုတဲ့ ကျုပ်တို့နေတဲ့ ချောင်းငရွာလေးက လူတွေအသံကြားမှ ကျုပ်အမေနဲ့ကျုပ် ဝမ်းသာအားရနဲ့ တဲပေါ်က ပြေးဆင်းပြီး ချောင်းထဲကို ကြည့်လိုက်မိတယ်။ ကျုပ်မြင်တွေ့လိုက်ရတဲ့မြင်ကွင်း။ ကျုပ်တစ်သက် မေ့နိုင်စရာမရှိတဲ့ အဖေ့အဖြစ်။ လှေပေါ်မှာ ဒက်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဇရပ်ပွန်နဲ့ သွေးသံရဲရဲတွေ့လိုက်ရတဲ့ အဖေ။ ဘကြီးထုံနဲ့ ရွာသားတွေ အဖေ့ကို တဲပေါ်သယ်းတင်ပြီး ပြုစုတော့မှ အဖေ သတိရလာပြီး စကားသံပေါ်လာတယ်။

"ကျုပ် . . . ရွှေတွေ . . . ကျုပ်ရွှေတွေ ယူသွားပြီ။ ပြန်ပေး . . . ပြန်ပေး"

ဒဏ်ရာအပြင်းအထန်ရနေတဲ့ကြားက ထွက်လာတဲ့ အဖေ့ရဲ့ တူးထူးဆန်းဆန်း စကားသံ၊ ကျုပ်မပြောနဲ့ ဘကြီးထုံနဲ့ ရွာသားတွေတောင် အံ့အားသင့်တုန်ကြတယ်။

"ဖိုးထင် . . . ဖိုးထင် သတိထားဦးလေး၊ မင်းအိမ်ကို ပြန်ရောက်နေပြီ၊ ပေဘာဒီမှာ ခင်တင့်နဲ့ မင်းသား"

ဘကြီးထုံစကားသံနဲ့အတူ ကျုပ်အဖေ ကိုဖိုးထင် မျက်လုံးပွင့်သွားပြီး ကျုပ်နဲ့ ကျုပ်အမေကို မမြင်ဘူးသည့် အလား ခပ်စိမ်းစိမ်း ကြည့်နေတဲ့အကြည့်။ ဘကြီးထုံက ကျုပ်အဖေ ကိုဖိုးထင်အခြေအနေကို ရိပ်စားမိသည့်အလား ဘုရားစင်ပေါ်က ရေမန်းရေဘူးလေးကိုယူပြီး ကျုပ်အဖေကို တိုက်ဖို့ပြင်နေတာ။ ဒါကို ကျုပ်အဖေကြည့်ပြီး ကြောက်ရွံ့





တကြီးဖြစ်နေတာ။

"ကျုပ် . . . မသောက်ဘူး . . . မသောက်ဘူး . . . ကျုပ်ရွှေတွေကို ပြန်ပေး"

"ဘယ်က ရွှေလဲ၊ ပြောစမ်းဖိုးထင်"

"ကျုပ် . . . ကျုပ်ရွှေတွေကို ဒီကောင် ယူသွားတာ"

ကျုပ်အဖေရဲ့ ထူးထူးခြားခြား စကားသံကိုကြား လိုက်ရလို့ ဘကြီးထုံက စဉ်းစားပြီး . . .

"ကဲ . . . ကဲ . . . မင်းရွှေတွေကို ပြန်ပေးပါ့မယ်၊ မင်းက ဘယ်ကလာတာလဲဆိုတာ ပြောစမ်း"

"ကျုပ် . . . ရှောင်းဖျားကလာတာ။ အဲဒါ ကျုပ်ရွှေတွေကို ယူသွားတာ။ ပြန်ပေးရင် ကျုပ်ပြန်မယ်"

ကျုပ်အဖေ ကိုဖိုးထင်က မကျေနပ်တဲ့မျက်လုံးကြီးနဲ့ လှန်လှန်ပြီး ဘကြီးထုံကို ကြည့်ပြီး အံတကြိတ်ကြိတ်နဲ့ ဖြစ်နေတာ။ ကျုပ်လည်း အဖေ့အဖြစ်ကိုကြည့်ပြီး နားမလည်နိုင်အောင်ဖြစ်သွားမိတယ်။ ဟုတ်တယ်လေ၊ ကျုပ်အဖေရဲ့ ထူးခြားတဲ့ စုလိုအဖြစ်မျိုး ကျုပ်တစ်ခါမှ ကြုံမှ မကြုံဖူးခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ။

"ကဲ . . . ဒါဆို ဖိုးထင်ကိုယ်စား ဘကြီး တောင်းပန်ပါတယ်ကွယ်။ ရလာတဲ့ ရွှေတွေကိုလည်း အလှူဒါန ပေးပြီး အမျှဝေပေးပါ့မယ် ကျေနပ်ရဲ့လား"

ဘကြီးထုံ စကားကြားမှ ကျုပ်အဖေ ကိုဖိုးထင်ရဲ့ ခက်ထန်တဲ့အကြည့်တွေ လျော့ပါးသွားတယ်။

"ကျုပ် . . . ကျုပ်ကို ရက်စက်ကြတယ်ဗျာ။ ကျုပ် လူ့ဘဝမှာ သိပ်နေချင်ပါတယ်။ ကျုပ်မိန်းမအတွက် ကျုပ် ရွှေတွေယူလာတုန်း ဟို . . . ဟိုလူကြီးက ကျုပ်ကို ရွှေမပေးဘူးဆိုပြီး . . . ဟီး . . . ဟီး"

ကျုပ်အဖေ ကိုဖိုးထင်က စကားပြောရင်း ရှိုက်ကြီးတကြီးငိုလိုက်တဲ့အသံကြောင့် ကျုပ် အဖေ့ကိုကြည့်ပြီး မျက်ရည်တောင်ကျမိတယ်။ အမေ့ကိုလည်း သနားလည်း သနားတယ်။

"ကဲ . . . ဒါဆို ကာယကံရှင်အတွက် ပင်ပန်းလွန်းလို့ တောင်းပန်ပါတယ်ကွယ်၊ မင်းဘယ်သူလဲဆိုတာ ပြော





စမ်းပါဦး"

"ကျုပ် . . . ကျုပ်နာမည်ကို မပြောပါရစေနဲ့ဗျာ။ ကျုပ်ပြောလို့မရလို့ပါ။ ကျုပ်မိန်းမ မငြိမ်းကို ပြော . . . ပြောပေးစမ်းပါဦး"

ကျုပ်အဖေ ကိုဖိုးထင် ပြောရင်း မှိန်းနေတယ်။ ဘကြီးထုံက အဖေ့ကို ရေမန်းရေတိုက်ပြီး . . .

"ခင်တင့် . . . နင့်ယောက်ျားက မကောင်းဆိုးဝါး အပမှီနေတာ။ အပမှီနေတာ မသိရင် မလွယ်ဘူး"

ဘကြီးထုံစကားကြောင့် ကျုပ်အမေ မျက်နှာတစ်ခုလုံး ကြောက်ဖိတ်တွေဖုံးပြီး တုန်တုန်ယင်ယင်ဖြစ်နေတယ်။

"ဟို . . . ကိုဖိုးထင်ကို ဘယ်မှာတွေ့ခဲ့တာလဲ ဘကြီးထုံ"

ကျုပ်အမေစကားကြောင့် ဘကြီးထုံနဲ့အတူ ရွာသားတွေအကြည့်က အိပ်ရာပေါ်မှာမှိန်းနေတဲ့ ကျုပ်အဖေအပေါ် အကြည့်တွေ စုပြုံရောက်သွားတယ်။ ကျုပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားမိတယ်။

"နင့်ယောက်ျားက မသေကောင်း၊ မပျောက်ကောင်းအဖြစ်ပဲ ခင်တင့်။ ဘကြီးတို့ မဆယ်ဂလိုင်ကျွန်းမှာ သွားရှာတာ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ ဘကြီးတို့ လက်လျှော့ပြီး ပြန်မယ်လုပ်တော့ ညည်းသံကြားလို့ လိုက်ရှာတော့ မဆယ်ဂလိုင်ကျွန်းရဲ့ ချောင်းဆွယ်က လတာပြင်ပေါ်မှာ လဲနေတာတွေ့ရတာ။ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပြည့်နေတာ။ ခက်နေတာက အဲဒီလတာပြင်ပေါ်မှာ ထူးထူးဆန်းဆန်း မိကျောင်းသိုက်ကို တွေ့ခဲ့ရလို့ ဘကြီး ဖိုးထင်ကို ခေါ်ပြီး အပြေးပြန်ခေါ်လာခဲ့ရတာ"

ဘကြီးထုံရဲ့ အသည်းထိတ်စရာ စကားသံကြောင့် ကျုပ်အဖေကို ကြည့်လိုက်မိတယ်။ အဖေက ဒဏ်ရာတွေကြောင့် မှိန်းနေရာက မျက်လုံးပွင့်လာပြီး . . .

"ခင်တင့် . . . ခင်တင့်"

ကျုပ်အမေကိုခေါ်နေတဲ့ အဖေ့အသံ။ အဖေက အမေ့ကိုခေါ်ရင်း ဘကြီးထုံနဲ့ရွာသားတွေ။ ပြီး . . . ကျုပ်နဲ့





ကျုပ်အမေ။

အဖေက ကြည့်ပြီး သူ့အဖြစ်ကို အံ့ဩတကြီး ဖြစ်နေပုံရတယ်။

"ကျုပ် . . . ကျုပ် . . . ငါးတွေ . . . ငါးတွေ"

"သတိလည်းထားစမ်းပါဦး ဖိုးထင်ရယ်။ မင်း ပြန်ရောက်နေပြီပဲမဟုတ်လား ဘာမှမစိုးရိမ်နဲ့တော့"

"ဘာ . . . ကျုပ်တဲကို ပြန်ရောက်နေပြီ ဟုတ်လား"

ကျုပ်အဖေက အိပ်နေရာက ကမန်းကတန်း လူးလဲထပြီး ဟိုကြည့်ဒီကြည့်နဲ့ သူ့အဖြစ်ကို မယုံနိုင်အောင်ဖြစ်နေပုံရတယ်။ ဘကြီးထုံက အဖေ့အဖြစ်ကို ကြည့်ပြီး . . .

"ဖိုးထင် . . . မင်းကို ဘကြီး သတိပေးရက်နဲ့ကွာ။ ဘာဖြစ်လို့ မဆယ်ဂလိုင်ကျွန်းကို သွားရတာလဲ ဘကြီးကို ပြောစမ်းပါဦး။ ပြီးတော့ ရွှေတွေရခဲ့တယ်ဆိုတာ ဘယ်မှာလဲ ဖိုးထင်"

"ဗျာ . . . ကျုပ် ရွှေတွေရခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် . . . ဖိုးထင်။ မင်းကို အပမှီပြီးပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွေပဲ။ အဲဒီရွှေကို ခြေမြိန်းကို ပေးရမယ်"

ဘကြီးထုံစကားသံနဲ့အတူ ကျုပ်အဖေ ကိုဖိုးထင် ကျုပ်တို့နေတဲ့ ထဲကလေးရှေ့က ချောင်းရေပြင်ကို အဝေးသားကြည့်နေတယ်။ ပြီးမှ . . . ဘကြီးထုံကို ကြည့်ပြီး . . .

"ဒီလို ဘကြီးရဲ့၊ ကျုပ် အဲဒီနေ့က ငါးဘယ်လိုရှာရှာ မရလို့၊ မထူးဘူးဆိုပြီး အဲဒီမဆယ်ဂလိုင်ကွေ့ကို အရဲစွန့်ပြီး ထွက်ခဲ့တာ"





ကိုဖိုးထင် လှေကလေးလှော်ပြီး ထွက်လာတော့ အချိန်ပင် မနည်းတော့။ မနေ့က ကိုဘိုးလူ မှာထားတဲ့စကားသံက နားမှာမထွက်။ ခုတလော ကိုဖိုးထင် ဘယ်လိုဖြစ်နေမှန်း မသိ။ ချောင်းရိုးမြောင်းရိုးအနံ့ ငါးဖားရှာသော်လည်း ထင်သလောက် မရခဲ့။ ကိုဖိုးထင် ချောင်းရေစီးအတိုင်း လှေကလေးလှော်လာပြီး ဒေါင်းချောင်းဖျားရောက်တော့ ရေပင်ထက်လာသည်။

လှိုင်းခေါင်းဖြူများနှင့် ဒေါင်းချောင်းအတွင်းသို့ မြွေနဂါးကြီး ပါးပျဉ်းထောင်လာသည့်နယ် တလိပ်လိပ်ဖြင့် ဟာဝေါဝေါမြည်သံပေးပြီး ဝင်လာသည့် လှိုင်းခေါင်းဖြူမြ



www.burmeseclassic.com

www.burmeseclassic.com



များ။ ကိုဖိုးထင် လှေကို သတိထားပြီး ချောင်းကမ်းစပ်ဘေးရှိ ခနိတောကို လှေဦးထိုးပြီး ဒီရေစောင့်နေလိုက်မိသည်။

တဖေါ်ဖေါ်မြည်သံနှင့်အတူ ချောင်းအတွင်း ဒီရေ ပြည့်သွားမှ ကိုဖိုးထင် စိတ်ရှုလက်ရှဖြစ်ပြီး လှေတလေးကို လှော်ခတ်လိုက်မိသည်။ ချောင်းတစ်ခုလုံး ညအမှောင်ဖုံး လွှမ်းလာ၍ ကိုဖိုးထင် ချောင်းရေပြင်ကိုကြည့်ပြီး ဆုံးဖြတ် ချက်ချလိုက်မိသည်။ ပြီး . . . လှေကို မဆယ်ဂလိုင်တွေဘက် ဆီသို့ လှေဦးတည်လိုက်မိသည်။

ကိုဖိုးထင် လှေဦးမတည်လို့ မဖြစ်။ ခုတလော ငါး ဖားအရနည်းနေသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ခင်တင့်က ကျန်းမာရေး ချူချာနေသည့်အတွက် ဆေး ကောင်းဝါးကောင်း ဝယ်ကျွေးချင်သည်၊ ကိုဖိုးထင် တွေးရင်း ဒေါင်းချောင်းဝထိပ်မှအတွက် ကြားလိုက်ရသည့် ငါးပွက်သံ ကြီး။

ကြည့်လေ၊ ညအမှောင်ဖုံးလွှမ်းနေသည်ကြားမှ ရေစီးသံနှင့်အတူ တဝုန်းဝုန်းဖြင့် ကြားနေရသည့် ငါးပွက်သံ





က ကြက်သီးထဖွယ်။ ရေဝဲကန်တော့ထိုးနေသည့် အသံများ နှင့်အတူ မဆယ်ဂလိုင်တွေ၊ ငါးရှာဖားရှာသူများ မလာရဲ၍ လား မသိ။ ငါးကြီးများပွက်သံက ရင်တုန်စရာ။ ကိုဖိုးထင် လှေဝမ်းထဲမှ အသင့်ပါလာသည့် လှံနှင့်ဓားကို ကြည့်ပြီး မဆယ်ဂလိုင်တွေဆီမှ တဟဲဟဲမြည်သံကို နားစွင့်ရင်း လှေ ဝမ်းထဲမှ မီးအုပ်ဆောင်းကို မီးထွန်းလိုက်သည်။

မီးအုပ်ဆောင်းကို လှေဦးတွင်ထားပြီး ကိုဖိုးထင် မဆယ်ဂလိုင်တွေကို သတိထားပြီး ကွန်ပစ်ရန် ငါးအခြေ အနေကိုကြည့်လိုက်မိသည်။ မီးအုပ်ဆောင်းအလင်းရောင် ဖြင့် ဝုန်းခနဲမြည်သံနှင့်အတူ ချောင်းရေပြင်တွင် ဂယက်ကြီး ထသွားပြီး တွေ့လိုက်ရသည့် ငါးကြီးတစ်ကောင်။

"ဟင် . . . ငါးကြီးပါလား"

ကိုဖိုးထင် ငါးကြီးကိုတွေ့လိုက်ရ၍ အံ့ဩတကြီး ဖြင့် ကွန်ကိုပစ်လိုက်သည်။ ကွန်ချက်ချောင်းရေပြင်ကျသံ နှင့်အတူ တဝုန်းဝုန်းအသံဖြင့် ရုန်းကန်လှုပ်ရှားနေသည့် ကွန် ထဲမှ ငါးကြီးတစ်ကောင်။ ကိုဖိုးထင် ဝမ်းသာအားရဖြင့် ကွန်



www.burmeseclassic.com

www.burmeseclassic.com



ကို လှေဝမ်းထဲဆွဲတင်ပြီး ကြည့်လိုက်မိသည်။ မီးအုပ်ဆောင်းမီးရောင်ဖြင့် ဝင်းဝင်းလဲ့လဲ့ဖြင့် တွေ့လိုက်ရ၍ အံ့ဩမဆုံးနိုင်အောင် ဖြစ်သွားမိသည်။

"ရွှေ . . . ရွှေငါးကြီးပါလား"

ကိုဖိုးထင် ဝမ်းသာအားရဖြင့် ရွှေငါးကြီးကို ကွန်ထဲမှဖြုတ်ပြီး လွတ်မသွားစေရန် အမြီးကို ကြိုးနှင့်ချည်ပြီး စိတ်ချလက်ချဖြစ်သွားမှ မဆယ်ဂလိုင်ကျွေးကို ကြည့်လိုက်မိသည်။ လှေဦးထိပ်မှချထားသည့် မီးအုပ်ဆောင်းအလင်းရောင်ဖြင့် မှုန်ဝါးဝါးတွေ့ရသည့် ဂလိုင်ကြီး ရေစီးသံတဝေါဝေါနှင့်အတူ ငါးပွက်တွေက တဝုန်းဝုန်းပေါ်လာပြန်သည်။ ကိုဖိုးထင် ကွန်ကိုအသင့်ပြင်ပြီး အခြေအနေကြည့်လိုက်မိသည်။ ချောင်းကမ်းဘေးတွင် ဂလိုင်ကြီးဖြစ်ပြီး ရေစီးသံ တဖဲ့ဖဲ့မြည်သံနှင့် အသည်းထိတ်စရာ မဆယ်ဂလိုင်ကျွေ့ခဲ့။

ထိုစဉ် မီးအုပ်ဆောင်းအလင်းရောင်နှင့် လျှပ်တစ်ပြက်တွေ့လိုက်ရသည့် ချောင်းကမ်းစပ်ဘေးဆီမှ ငါးကြီးတစ်ကောင်။ ကိုဖိုးထင် ကွန်ဖြင့် ကမန်းကတန်းပစ်လိုက်မိသည်။





ကိုဖိုးထင် ကွန်ကိုဆွဲတင်ပြီး လှေဝမ်းထဲသို့ ထည့်လိုက်စဉ် ရုတ်တရက် မီးရောင်ဖြင့်တွေ့လိုက်ရသည့် အထုပ်ကလေး။ ကိုဖိုးထင် ကွန်ထဲမှပါလာသည့် အထုပ်ကိုယူပြီး ဖြေကြည့်လိုက်မိသည်။

"ဟာ . . . ရွှေ . . . ရွှေတွေပါလား"

ကိုဖိုးထင် တအံ့တဩဖြစ်မိပြီး ပါးစပ်မှ အသံပင်ထွက်သွားမိသည်။ ကိုဖိုးထင် ကွန်ထဲတွင်ပါလာသည့် ရွှေထုပ်ကလေးကိုကြည့်ပြီး လှေအံဖုံးထဲသို့ ထည့်လိုက်ပြီး ချောင်းရေပြင်ကို ကြည့်လိုက်မိစဉ် ရုတ်တရက် လှေဘေးမှ တွေ့လိုက်ရသည့် အသည်းထိတ်စရာ မည်းမည်းသဏ္ဍာန်ပြင်ကွင်း။

"မိ . . . ကျောင်း . . . မိကျောင်း"

"ဗြုံး"

"ဝုန်း"

ကိုဖိုးထင် စကားသံပင်မဆုံးသေးချေ။ ချောင်းရေထဲ လျှပ်တစ်ပြက်ပေါ်လာသည့် မည်းမည်းအရာနှင့်အတူ

www.burmeseclassic.com



ကိုဖိုးထင် ချောင်းရေထဲသို့ ပစ်ကျသွားသည်။ ကိုဖိုးထင် သတိမလွတ်ဘဲ ချောင်းထဲတွင် မည်မျှ အားသွန်ကူးခပ်နေမိသည် မသိ။ ကိုဖိုးထင်ဘေးဆီမှ မည်းမည်းအရာ။ ရုတ်တရက် ကိုဖိုးထင် ပေါင်တစ်ဖက်ဆီမှ နာကျင်မှုနှင့်အတူ ရေအောက်ဆီသို့ ဆွဲခေါ်နေသည့်အဖြစ်။

ကိုဖိုးထင် သတိရပြီး စမ်းလိုက်မိသည်။ မိကျောင်းကြီး၏ပါးစပ်ထဲတွင် အကိုက်ခံထားရသည့် ပေါင်တစ်ဖက်၊ သည်တော့မှ ခါးကြားမှ ဓားမြှောင်ကို စမ်းလိုက်မိသည်။ ကိုဖိုးထင် နာကျင်နေသည့်ကြားမှ ဓားမြှောင်ဖြင့် မိကျောင်း ဝမ်းဗိုက်ဆီသို့ ဓားမြှောင်ဖြင့် အကြိမ်ကြိမ်ထိုးလိုက်မိသည်။

"ဒါဆို . . . မင်း မိကျောင်းပါးစပ်ထဲက လွတ်ရောလား"

ကျုပ်အဖေ ကိုဖိုးထင် ထူးထူးဆန်းဆန်း မိကျောင်းကိုက်ခံရတဲ့အဖြစ်အပျက်ကို ရင်တုန်ပန်းတုန် ကျုပ်နားထောင်ရင်း ဘယ်အထိ နစ်မျောနေမိတယ် မသိဘူး။ ဘကြီးထုံရဲ့ တအံ့တသြ မေးလိုက်တဲ့ စကားသံကခေါ်လာမှ အတွေး





ပြတ်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်အဖေ ကိုဖိုးထင် ကြုံခဲ့ရတဲ့အဖြစ်က ကြားရသူအဖို့ အသည်းတုန်၊ အူတုန် စရာ မဟုတ်လား။

"မိချောင်းကြီးကို ကျုပ်လည်း တတ်နိုင်သမျှ ဓားမြှောင်နဲ့ထိုးနေတုန်း ဖြန်းဆို ကျုပ်နားထဲမှာ ကြားလိုက်ရတဲ့ အသံပဲ ဘကြီးထုံ"

ကျုပ်အဖေစကားကြောင့် ကျုပ် ရွာသားတွေ မျက်နှာကို ကြည့်လိုက်တော့ အားလုံးက ကြောက်ရွံ့နေတဲ့ မျက်နှာတွေ။ ကျုပ်အဖေ ကြားရတဲ့အသံက ဘာသံပါလိမ့်။

"လာ . . . လာဆိုတဲ့ ပီပီသသကြီးခေါ်လိုက်တဲ့ အသံပဲ ဘကြီးထုံ။ ကျုပ်လည်း အံ့အားသင့်နေတုန်း ကျုပ် ပေါင်ကို စမ်းကြည့်လိုက်တော့ မိကျောင်းကြီးကိုက်ထားပြီး လွှတ်လိုက်တဲ့အတွက် ကျုပ်လည်း ချောင်းဘေးဆီမှန်းပြီး အားကုန်ကူးလိုက်မိတယ်"

အဖေက စကားပြောရင်း ဂနာမငြိမ်တဲ့အကြည့်နဲ့ ဟိုကြည့်ဒီကြည့် ကြည့်နေလို့၊ ကျုပ်တောင် အဖေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အခတော့ကို မိုးချိပ်သွားမိတယ်။ ကြည့်လေ၊ ဘကြီးထုံပြော တဲ့ မကောင်းဆိုးဝါးတွေက ရှိနေတုန်းပဲလား။

"အဲဒါနဲ့ ကျုပ်တူးရင်း ကျုပ်ရှေ့မှာတွေ့ရတဲ့ လတာ ပြင်။ ကျုပ်လည်း ကြောက်ကြောက်နဲ့ မိကျောင်းရန်က လွတ် အောင်ဆိုပြီး လတာပြင်ပေါ်ကိုကြည့်လိုက်တော့ လတာပြင် ပေါ်မှာ မည်းမည်းကြီးထိုင်နေတဲ့ လူရိပ်လိုလို၊ ကျုပ်လည်း ကယ်မယ့်သူတွေ့ပြီဆိုပြီး အားရဝမ်းသာနဲ့ လှမ်းခေါ်လိုက်မိ တယ်"

"နေပါဦး ... ကိုဖိုးထင်ရဲ့၊ မင်းရောက်ခဲ့တဲ့ လတာ ပြင်မှာ ဘကြီးတွေ့ခဲ့တာက မိကျောင်းသိုက်ကွ"

"ဗျာ ... မိကျောင်းသိုက် ဟုတ်လား ဘကြီး"

"ဟုတ်တယ် ... ဖိုးထင်။ အဲဒါကြောင့် မင်းအဖြစ် ကို ဘကြီး တွေးပြီး အံ့ဩမဆုံးနိုင်အောင် ဖြစ်နေတာ"

ဘကြီးထုံစကားကြောင့် ကျုပ်အဖေ ကိုဖိုးထင်ရဲ့ မျက်နှာမှာ အံ့အားသင့်သွားပုံရတယ်။

"ဒါ ... ဒါဆို ကျုပ်တက်ခဲ့တဲ့ လတာပြင်မှာ မိ





ကျောင်းတွေရှိတဲ့နေရာလား ဘကြီးထုံ"

"ဟုတ်တယ် ... အစ်ကိုဖိုးထင်။ ကျုပ်တို့လည်း မဆယ်ဂလိုင်တွေမှာ နာနာဘာဝတွေရှိတယ်ဆိုတာ ကြုံဖူး တဲ့လူတွေပြောလို့ သိခဲ့ရပေမယ့် အစ်ကိုဖိုးထင် မေ့လဲနေတဲ့ လတာပြင်မှာ မိကျောင်းသိုက်ရှိတယ်ဆိုတာ ဘကြီးထုံ ပြော ပြမှ သိခဲ့ရတာ"

ရွာသား ကိုဖိုးထောင်ရဲ့စကားကြောင့် ကျုပ်အဖေ ကိုဖိုးထင် ကြုံခဲ့ရတဲ့အဖြစ်က ကြက်သီးထစရာ။

"ကဲ ... ဆက်ပြောစမ်းပါဦး ဖိုးထင်"

ဘကြီးထုံစကားကြောင့် ကျုပ်အဖေ ကိုဖိုးထင် သူ့ အဖြစ်ကို စဉ်းစားပြီးမှ သတိရသွားဟန်ဖြင့် ...

"အဲဒါနဲ့ ကျုပ်လည်း လူရိပ်လိုလိုတွေ့ပြီး ခေါ်လို့ မရလို့ အားတင်းပြီး လတာပြင်ပေါ်ကို ရှန်းတက်နေတုန်း ကျုပ် ရေသံကြီးဝုန်းခနဲကြားလို့ လှည့်ကြည့်လိုက်တော့ မိ ကျောင်းကြီးက လတာပြင်ပေါ်တက်လာတာ။ ကျုပ်လည်း ကြောက်လန့်ပြီး အော်လိုက်မိတယ်၊ အဲဒါကတည်းက ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှမသိတော့ဘူး ဘကြီးထုံ"

ကျူပ်အဖေ ကိုဖိုးထင်ရဲ့စကားလည်းဆုံးရော ဘကြီးထုံက ကျူပ်အဖေ ကိုဖိုးထင်ကို တစ်လှည့်၊ ချောင်းရေပြင်ကိုတစ်လှည့် ကြည့်ပြီး . . .

"ဖိုးထင်ရာ . . . မင်းကြုံခဲ့တဲ့အဖြစ်ကို ပြောလို့သာ ကြားနေရတာ။ ဒီမဆယ်ဂလိုင်တွေမှာ နှာနှာဘာဘတွေ ခြောက်လှန့်လို့ ဘယ်သူမှ သားငါးမရှာတာ မင်းလည်း အသိပဲ။ ဒါပေမယ့် မင်း မိကျောင်းအကိုက်ခံရတယ်ဆိုတာတော့ အတော့်ကို အထူးအဆန်းဖြစ်နေတာကွ"

ဘကြီးထုံက ကျူပ်အဖေ ကိုဖိုးထင် မိကျောင်းအကိုက်ခံရတဲ့အဖြစ်ကို မယုံနိုင်အောင်ဖြစ်နေတယ်။

"ကျူပ်ကိုယ်တိုင် လက်တွေ့ချက်တွေ့ခံခဲ့ရတာပါ ဘကြီးထုံရာ။ မိကျောင်းမှ မိကျောင်း အစစ်ပါ။ ကျူပ်ကို ကိုက်ပြီး ရေအောက်ကိုဆွဲခေါ်သွားခဲ့သေးတာ"

ကျူပ်အဖေစကားကြောင့် ဘကြီးထုံက အမြန်မြန် အလှန်လှန် စဉ်းစားနေဟန်တူတယ်။ ဘကြီးထုံက ချောင်းသ



ရှာသားစစ်စစ်။ ချောင်းသရှာနီးချုပ်ဝပ်က ချောင်းပြောင်းမှန် သမျှ အားလုံးသိထားတဲ့သူ။

"ဝင်း ကြုံခဲ့ရတဲ့အဖြစ်ထဲမှာ ထူးခြားတာက မင်းကို ရွှေတွေ ပြန်ပေးတောင်းတဲ့သူပဲ ဖိုးထင်"

"ဗျာ . . . ကျူပ်ကို ရွှေတွေပြန်တောင်းတဲ့သူ ဟုတ်လား ဘကြီးထုံ"

"အဲဒါကြောင့် ဘကြီးလည်း စဉ်းစားလို့မရနိုင်တာပဲကွ။ ပြီးတော့ . . . မင်း ကွန်ပစ်တုန်း ရွှေထည်တွေရခဲ့လို့ပဲ ဖြစ်မယ်"

"ရွှေ . . . ရွှေထည်တွေရခဲ့တာတော့ အမှန်ပဲ ဘကြီးထုံ။ ဒါပေမယ့် မိကျောင်းကြောက်လို့ပြေးရင်း ဘယ်မှာသားခဲ့မှန်း စဉ်းစားလို့မရဘူး ဘကြီးထုံ"

"ကဲ . . . ကဲ . . . မင်းလည်း ငါးဖားရှာပြီး အသက်မွေးခဲ့ပေမယ့် ဘုရားတရားတော့ မမေ့ပါနဲ့ကွာ။ ပရလောကသားတွေကို မေတ္တာမပြတ်ပို့ပေးပါကွာ။ မင်း ကုသိုလ်ကံနိမ့်နေလို့ ကြုံခဲ့ရတာပဲဖြစ်မယ်"

ပြီးသော

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးထုံနဲ့ရွာသားတွေ ပြန်သွားမှ ကျုပ်အဖေ ကို ဖိုးထင်နား တျုပ်ရဲရဲကပ်မိတယ်။ အဖေက ကျုပ်နဲ့ ကျုပ် အမေကို ကြည့်ပြီး . . .

"ငါ ရွှေတွေရခဲ့တာ အမှန်ပဲ ခင်တင့်"

"ဟင် . . . ဘကြီးထုံမေးတော့ ကိုဖိုးထင်ပဲ မိကျောင်းရန်ကြောင့် ရွှေတွေ မရှိတော့ဘူးဆို"

"နှမ . . . ငါဝဉ်းစားမိရင်း သတိရသွားမိလို့ ခင်တင့် ရာ။ ငါ့ကို မိကျောင်းမဆွဲခင်က ငါ ရွှေတွေကို လှေအံ့ဖုံးထဲမှာ ထားခဲ့တာဟ။ အဲဒါ . . . နင် လှေရှာပြီးယူခဲ့ ခင်တင့်"

အဖေ့စကားကြောင့် ကျုပ်အမေ ချောင်းရိုးထဲမှာ ရှိတဲ့ လှေအံ့ဖုံးထဲက ထည့်ထားတဲ့ရွှေတွေယူပြီး အဖေ့ကို ပြလိုက်တယ်။ ကျုပ်အဖေ ကိုဖိုးထင် ရွှေတွေကိုကြည့်ပြီး

"ငါ လဘာပြင်မှာ သတိမေ့သလိုဖြစ်နေတုန်း လူ တစ်ယောက် ငါ့ကိုနှိုးပြီး ရွှေတွေမေးတယ်ဟ။ အဲဒီရွှေတွေ ပြန်ပေးလို့ ပြောတယ်။ ငါလည်း အိပ်မက်မက်သလို ဖဝေဝေါ ဖြစ်နေမိတယ်"





"ဒါဆို . . . ကိုဖိုးထင်ကို ပူးကပ်တဲ့ မကျွတ်မလွတ် တဲ့ သူပဲဖြစ်မယ်။ ကြာရင် ကိုဖိုးထင် မလွယ်ဘူးထင်တယ်။ ဘကြီးထုံကို မေးကြည့်မှဖြစ်မယ်"

ကျုပ်အမေက စိုးရိမ်တကြီးပြောနေလို့ ကျုပ်အဖေ ကိုဖိုးထင် စဉ်းစားပြီး . . .

"ငါ . . . ရွှေထည်တွေကို မဆယ်ဂလိုင်ကွေ့မှာ ကွန် ပစ်ရင်း ရခဲ့တာဟ။ အဲဒါ ဘကြီးထုံကို မေးမြန်းပြီး သက်ဆိုင် သူအတွက် အလှူဒါနလုပ်ပေးမှဖြစ်မယ်"

□



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ကျုပ်အဖေ ကိုဖိုးထင်ရဲ့အဖြစ်ကို ကျုပ်သိခဲ့ရတာ။ ဘကြီးထုံအပြောကတော့ ဟိုတုန်းက တားပြမိုးသီးတို့အဖွဲ့ ဘောက်တူဘမွန်ကြီးကို တားပြတိုက်ပြီး ရွှေငွေလူ့ရုံတင်မကဘူး။ အဲဒီ မဆယ်ဂလိုင်တွေမှာ ပါလာတဲ့ သူတွေကို သတ်ခဲ့တာလို့ ပြောတယ်၊ ဒါဆို ကျုပ်အဖေ ကိုဖိုးထင် တွန်းပစ်ရင်း ရလာတဲ့ရွှေထည်က တားပြမိုးသီးတို့အဖွဲ့ သတ်ခဲ့တဲ့ သူတွေရဲ့ပစ္စည်းပဲဖြစ်မှာ။ မကျွတ်မလွတ်တဲ့ဘဝ ရောက်ပြီး ကျုပ်အဖေ ကိုဖိုးထင်ကို ခြောက်လှန့်ခဲ့တာပဲ ဖြစ်မယ်။

အဲ . . . ကျုပ်ပြောရင်း စာဖတ်တဲ့သူတွေ မျက်စိ





လည်သွားပြီနဲ့တူတယ်။ ကျုပ်ပြောချင်တာက ပြေူး။ ပြေူး ဆိုလို့ ဆက်ပြောရဦးမယ်၊ ဒီကောင်က ကျုပ်အိမ်မှာနေ၊ ကျုပ်အိမ်မှာစားဆိုတော့ ကျုပ်တို့ မိသားစုလိုဖြစ်နေတာ။ ခုလည်း ကျုပ်က နေ့စဉ် ငါးရှာဖားရှာနေရတော့ ပြေူးလည်း ကျုပ်နဲ့ပေါင်းမှတော့၊ ငါးရှာဖားရှာတဲ့ အလုပ်ပဲလုပ်ရတာ။ ဒါပေမယ့် ဒီကောင်ပြေူးက ငါးရှာဖားရှာရတာကို တစ်စက်ကလေးမှ မငြီးငြင်ဘူး။ ကျုပ်ထက်တောင် ငါးရှာ ဖားရှာ တော်တာ။

ခက်နေတာက ပြေူး။ လူကသာ အကျည်းတန် ရုပ်ဆိုးတာ။ သဘာဝတရားကပေးလာတော့ လှချင်ပချင် လာတာ။ ကြည့်လေ။ ဟိုတုန်းက ဖြစ်သလိုနေ၊ ဖြစ်သလို စားတဲ့ ပြေူး။ ခုတလော ဆန်းဆန်းပြားပြားဖြစ်နေတာ ကျုပ်မသိဘဲရှိပါ့မလား။

ကျုပ်မိန်းမ မြရီ ရှာကို ဈေးတိုးပေးရင်း ဈေးရောင်းတယ်ဆိုရင် သူ့အတွက် ကြိတ်ပြီး မှာလိုက်တဲ့ အဝတ်အစား နဲ့ ပေါင်ဒါဘူးနဲ့ရေမွှေးပုလင်း။ ကျုပ်လည်း ငယ်ရာကဖြ



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့သူပဲဗျား၊ ဒါကြောင့်လည်း ကျုပ်မိန်းမ မြရီကို ကျုပ် ပြောပြောထားရတာ၊

"မြရီ . . . ပြေး လိုချင်တာဝယ်ပေးလိုက်ပါဟာ၊ ပြေးက လှချင်ပချင်တဲ့ အရွယ်ရောက်လာပြီဟာ"

"စိတ်မပူပါနဲ့ ကိုသောင်းစိန်ရယ်၊ တော့်ညီ ပြေးက ခုတလော ထန်းပင်ကုန်းက ထိမ်ညိုကို စိတ်ညွတ်နေတာ"

ထန်းပင်ကုန်းရွာက ကျုပ်တို့နေတဲ့ ချောင်းဝကွင်းနဲ့ ကွင်းနှစ်တွင်းကျော်ကျော်သွားရတဲ့ရွာ၊ ကျုပ်တောင် မြရီ ပြောလို့ အံ့ဩသွားမိတယ်။ ဘယ်နှယ့် ပြေးက ချောင်းဝ ကျော်ပြီး ထန်းပင်ကုန်းရွာက ထိမ်ညိုကို စိတ်ညွှတ်နေမိပါလိမ့်လို့ ကျုပ်အတွေးဝင်သွားမိတယ်။

"ပြေးက ရွာကျော်ရပ်ကျော်ပြီး ထန်းပင်ကုန်းက ထိမ်ညိုကို ကြွေနေတာလား မြရီ"

"ဟိုရက်က ကျုပ် ငါးမနိုင်လို့ ပြေးခေါ်ပြီး ဈေးတိုးပေးရင်း၊ ကိုမိုး ငါးဖောင်တဲမှာ ထိမ်ညိုကို တွေ့တာ။ ထိမ်ညို





က ငါးဖောင်တဲမှာ ငါးရွေးနေတာလေ။ အဲဒါ ကျွန်မကို ပြေးက အတင်းပူဆာလို့ ထိမ်ညိုနဲ့ ရင်းနှီးအောင်ပြောပေးခဲ့တာ။ အဲဒီကတည်းက ပြေး အဖြစ်သည်းနေတာ ကိုသောင်းစိန်ရေ၊ ဈေးတိုး ငါးပို့ဖို့ ချောင်းဝဲက မတက်တော့ဘူး"

ကျုပ်မိန်းမ မြရီပြောလည်း ပြောစရာ။ ပြေးကလည်း ပြေးပဲ၊ ဟိုအရင်က ကျုပ်နဲ့အတူ ငါးရှာဖားရှာနေတာ၊ ကျုပ် ကုန်းမဲ့ဘရေးချိဘဲ့လို့ အနားယူနေတုန်း ဒီကောင် ပြေးပဲ အားကိုးနေရတာ။ ပြေးဆို ကျုပ်တို့ချောင်းဝမှာ တစ်ပွဲစားပြေးလို့ ပြောရမတဲ့ဖြစ်နေတာ။

ဘယ်နှယ့်ဗျာ။ ကျုပ် ငါးမရှာနိုင်ပေမယ့် ပြေး တစ်ယောက်တည်း ငါးရှာဖားရှာတာ၊ ပြောမယ့် ကြုံဖူးမှသိ ယိုသလို ငါးတွေဆို လှေဝမ်းအပြည့်၊ ပြီးတော့ ပြေး ရှာလာတဲ့ငါးတွေက ငါးကြီးငါးကောင်းတွေ၊ ကျုပ် ချောင်းရိုးပြောင်းရိုးအနံ့ ငါးရှာလာခဲ့တာ ကြာပြီ၊ ပြေးလောက် ငါးမရခဲ့တာ အမှန်၊ ခုဆို ကျုပ် ငါးမရှာနိုင်ပေမယ့် ပြေးတစ်ယောက်တည်း ငါးရှာခဲ့တာ။ ရလိုက်တဲ့ ငါးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့မြရီ ပြေးအကြောင်းကို ပြောနေတုန်း ရှိသေးတယ်။ ချောင်းရိုးထဲ လှေစိုက်ပြီး ခေါ်နေတဲ့ ပြေး အသံ။ ကျုပ်တဲပေါ်ကနေ ချောင်းထဲလှမ်းကြည့်လိုက်တော့ ပြေး ရလာတဲ့ငါးတွေက လှေဝမ်းအပြည့်၊ ကျုပ် ပြေး ကိုကြည့်ပြီး အံ့သြသွားမိတယ်။ ကျုပ်မိန်းမ မြရီက ပြေး ရလာတဲ့ငါးတွေကိုကြည့်ပြီး ဈေးတိုးပေးဖို့ အလုပ်ရှုပ်သွား တယ်။ ပြေးတစ်ကိုယ်လုံး ရေတွေရွှဲနစ်နေလို့ ကျုပ်မနေ သာဘူး။

"ပြေး . . . ပုဆိုး၊ အင်္ကျီ မြန်မြန်လဲတော့ အအေး ပတ်နေဦးမယ်"

"ဟုတ်ကဲ့ . . . အစ်ကို"

ပြေးက ကျုပ်ကိုပြောပြီး မီးဖိုချောင်ထဲ ခဏဝင် သွားကာ အဝတ်အစားလဲပြီး ကျုပ်အနားမှာ လာထိုင်တယ်။ ကျုပ် ပြေးကို ကြည့်ရင်း အလိုလိုသနားသွားမိတယ်။ စဉ်းစားကြည့်ဗျာ။ ပြေးမိဘတွေက ချောင်ချောင်လည် လည်။ [illegible] ကျုပ်ကို ပြေး လာခင်တွယ်နေတဲ့



အဖြစ်က အဆန်းတကြယ်ဖြစ်နေတာမဟုတ်လား။

"ပြေး . . . မင်းအစ်မ ဈေးတိုးသွားရင် ဘာမှာ လိုက်ဦးမလဲ၊ မှာချင်တာ မှာလေ"

ကျုပ်စကားကြားတော့ ဒီတောင်ပြေး သူ့အဖြစ် ကို သူရိပ်စားမိဟန်တူတယ်။ ကျုပ်ကိုတောင် မကြည့်တော့ ဘူး၊ မျက်နှာကြီးငုံ့လို့ ရှက်နေဟန်တူတယ်။

"ရှက်ပါနဲ့ ပြေးရာ။ မင်းအစ်မပြောလို့ အစ်ကို လည်း သိပြီးပါပြီ။ ဒီတော့ မင်းရည်ရွယ်ထားရင် ပစ္စည်းစု တော့ ပြေး။ လိုအပ်တာရှိလည်းပြော။ မင်းမိဘတွေကို လည်း အစ်ကို တိုင်ပင်ပါဦးမယ်"

"ကျုပ်အဖေကိုတော့ သွားမပြောပါနဲ့အစ်ကိုရာ။ ကျုပ် တိမ်ညိုကို လောလောဆယ် မယူနိုင်သေးဘူး။ အစ်ကို့ ကျေးဇူးတွေ ကျုပ်အပေါ်မှာရှိတယ်၊ အဲဒါ အစ်ကိုတို့လင် မယားကို ကျုပ်လုပ်ကျွေးဦးမှာ"

ပြေးစကားကိုကြားတော့ ကျုပ်တောင် အံ့သြ သွားမိတယ်။ ကျုပ်တို့ကျေးဇူးရှိတယ်ဆိုတဲ့ ပြေးစကား။

www.burmeseclassic.com

www.burmeseclassic.com



"ပြေးရာ . . . မင်းကို အစ်ကိုက ညီလေးအရင်းကစ်ယောက်လို ထတ်နိုင်သမျှ စောင့်ရှောက်ထားတာပဲမဟုတ်လား။ မင်း အစ်ကို့ကိုဆပ်ဖို့ ဘာကျေးဇူးမှ မရှိပါဘူးကွာ"

"မဟုတ်ဘူး . . . အစ်ကို မဟုတ်ဘူး။ ကျုပ်စိတ်ထဲမှာ အစ်ကို့ကို တွေ့ပြီးကတည်းက ဘယ်လိုခင်မှန်းမသိဘူး။ ပြီးတော့ . . . ဟိုလေ အစ်ကို့ကို ပြောရဦးမယ်။ ကျုပ်မှာ ရွှေတွေရှိတယ်"

"ဘာ . . . ပြေး။ မင်း . . . မင်းမှာ ရွှေတွေရှိတယ်ဟုတ်လား။ အဲဒီရွှေတွေက ဘယ်မှာလဲ"

ကျုပ်စကားကြားတော့ ဒီကောင် ပြေးမျက်နှာပျာပျာသလဲဖြစ်သွားတယ်။ ပြီးတော့ စိုးရိမ်တဲ့မျက်နှာနဲ့ကျုပ်ကိုကြည့်ပြီး . . .

"တိုးတိုးပြောပါ အစ်ကိုရာ။ ဘေးလူတွေ ကြားသွားပါဦးမယ်"

ကျုပ် ပြေးရဲ့စကားကို မကြားဖူးကြားလိုက်ရ လို့



အတော့်ကို အံ့အားသင့်သွားမိတယ်။ ကျုပ်ဆီမှာ ပြေးနေလာတာ ကြာလှပြီ။ တစ်ခါမှ ဒီလိုစကားမပြောခဲ့တဲ့ ပြေး။ ကြည့်လေ၊ ကျုပ်နဲ့ပြေးက ဘယ်နေရာသွားသွား တတွဲတွဲ။ ဒါကြောင့်လား မသိဘူး။ ဒီကောင်နှစ်ယောက်က ဟိုဘဝက လင်မယားဖြစ်ခဲ့သလားမသိဘူးလို့ ရွာက လူတွေက ပြောမှတ်ပြုခဲ့တာ။

"ဘာဖြစ်လို့လဲ ပြေး။ အစ်ကို့ကို ပြောစမ်းပါဦး"

ကျုပ် မရမက ချော့မေးမှ ပြေးစကားသံက တိုးတိုးလေးထွက်လာတယ်။

"ကျုပ်မှာ ရွှေတွေရှိတယ်ဗျ။ အဲဒါ ကျုပ် နေရာမမှတ်မိသေးလို့ ငါးရှာရင်း ရှာနေတာ"

"ဟင်"

ဒီကောင်ပြေးစကားကြောင့် ကျုပ် ယုံရအခက်၊ မယုံရအခက် ဖြစ်သွားမိတယ်၊ ဟုတ်တယ်လေ။ ကျုပ်ကို ပြောနေတဲ့ ပြေးစကားက ယုံနိုင်စရာမှ မရှိတာ။

"မင်းဆီမှာ ရွှေတွေရှိတယ်ဆိုတော့ မင်း နိုးပျားလာ

www.burmeseclassic.com

www.burmeseclassic.com



သလား ပြေးရာ"

"မဟုတ်ဘူး အစ်ကို။ ကျုပ် သူတစ်ပါးပစ္စည်းတို့ အစ်တိုတစ်ချောင်းတောင် မပြစ်မှားရဲဘူးဆိုတာ အစ်ကို သိပါတယ်။ ကျုပ် အစ်မဆီ သွားတူလိုက်ဦးမယ်"

ပြေးက သူ့စကားကို အဆုံးမသတ်ဘဲ ကျုပ်အနား က ထသွားပြီး လှေထဲကငါးတွေကို ကျုပ်မိန်းမ မြဲရီ ဈေးတိုး ပေးဖို့ သွားဘူနေတယ်၊ ကျုပ် ပြေးကိုကြည့်ပြီး အတွေးတွေ ချာချာလည်နေမိတယ်။ ကျုပ်ပြောလို့သာ ပြောရတာ။ ပြေး ကျုပ်ဆီမှာ နေလာတာကြာပြီ။ ခု . . . ပြေး ပါးစပ်ဆီက ထူးထူးခြားခြား ကြားရတဲ့ရွှေ၊

ဒီရွှေတွေကို ငါးရှာရင်း ရှာဖွေနေတဲ့ ပြေးအဖြစ်၊ ခုလည်းကြည့်။ ပြေး နေ့စဉ် မရစဖူးရနေတဲ့ငါးတွေ၊ ကျုပ် လည်း ချောင်းရိုးမြောင်းရိုးနဲ့ခဲ့ပါပြီ။ တစ်ခါတလေ ဟင်းစား ကလွဲလို့ မရခဲ့တဲ့ရက်တွေ။ ကျုပ်တွေးမိရင်း ပြေးအတွက် အလိုလို စိုးရိမ်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်အဖေ ကိုဖိုးထင် ကြုံတွေ့ခဲ့တဲ့ မဆယ်ဂလိုင်တွေ၊





ဒီမဆယ်ဂလိုင်ကွေ့မှာ ပြေး သွားသွားနေ သလား။ မတော် မကောင်းဆိုးဝါး၊ နာနာဘာဝတွေနဲ့ တွေ့ခဲ့ ရင် မလွယ်၊ ကျုပ်တွေးမိရင်း ကြက်သီးတောင်ထသွားမိ တယ်။ ကျုပ် ကြက်သီးမထဘဲ ရှိပါ့မလားဗျာ။ မဆယ်ဂလိုင် ကွေ့က ကျုပ်အဖေ ကိုဖိုးထင်တောင်မကဘူး။ ဟို . . . ရှုး သွားတဲ့ ဝေလွှင်မြင့်မောင်နဲ့ အစပျောက်သွားတဲ့ မောင်ညို မှိုင်း(သန်လျင်)အဖြစ်က ရွာတွင်မကဘူး။ ရွာနီးချုပ်စပ်က လူတွေ ပါးစပ်ဖျားမှာ ပြောမဆုံးအောင်ဖြစ်ခဲ့တာ မဟုတ် လား။

ဒါကြောင့်လည်း ကျုပ်မနေသာဘူး။ ပြေးကို ခေါ်ပြီး မေးလိုက်မိတယ်။ ကျုပ်အမေးစကားကြားတော့ ဒီကောင်ပြေး မျက်လုံးပြူးနေတယ်။

"ပြေး . . . အစ်ကို့ကို မှန်မှန်ပြောစမ်း။ မင်း မဆယ် ဂလိုင်ကွေ့ကို ငါးသွားရှာလို့ ငါးတွေရခဲ့တာ မဟုတ်လား"

"အစ်ကို့ကို ကျုပ် ဘယ်လိုပြောရမှန်း မသိပါဘူး ဗျာ။ ကျုပ် ငါးရှာရင်း ဖောင်ထဲမှာ သွားအိပ်တဲ့ညက ထူးဟူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား အိပ်မက်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ မဆွယ်ဂလိုင်ကွေ့နဲ့ပတ်သက်နေတယ် အစ်ကို"

"ဘာ . . . ပြေျး မင်းအိပ်မက်က မဆွယ်ဂလိုင်ကွေ့နဲ့ပတ်သက်နေတယ် ဟုတ်လား။ ဒါ . . . ဒါဆို"

ပြေျးစကားကြောင့် ကျုပ် စဘားတစ်ဝက်တစ်ပျက် ရပ်သွားမိတယ်။ ကြည့်လေ။ ကျုပ်အဖေ ကိုဖိုးထင် အဲဒီ မဆွယ်ဂလိုင်ကွေ့က ရွှေထည်ရပြီးကတည်းက အိပ်မကြာဘူး။ ရူးသလိုစံစားရပြီး သေဆုံးခဲ့တာ။ ကျုပ်အဖေ မဆုံးခင် နောက်ဆုံးပြောခဲ့တဲ့ မြွေကြီးဆိုတဲ့စကား။

ကျုပ်အဖေ ကိုဖိုးထင်အဖြစ်ကို ပြန်တွေးမိတိုင်း ကျုပ် ထိတ်လန့်ပြီး အဲဒီမဆွယ်ဂလိုင်ကွေ့မှာ ငါးဘယ်လောက်ပေါပေါ ကျုပ်ယောင်လို့တောင် ခြေဦးမလှည့်ခဲ့တာ။ ခု . . . ပြေျးမက်တဲ့ အိပ်မက်ထဲမှာ မဆွယ်ဂလိုင်ကွေ့ပါတယ်ဆိုတော့ ကျုပ် အံ့သြသွားမိတယ်။ ပြီး . . . ပြေျးအဖြစ်ကိုလည်း မယုံနိုင်အောင်ဖြစ်သွားမိတယ်။

"ဒါဆို . . . မင်းမက်ခဲ့တဲ့ အိပ်မက်ကို ပြောစမ်းပါဦး

www.burmeseclassic.com



ပြေျးရာ"

ကျုပ် အတန်တန်မေးမှ ပြေျး ချောင်းရေပြင်ကို ကြည့်ပြီး . . .

"ကျုပ် ဖောင်ထဲမှာအိပ်နေတုန်း . . . လူတစ်ယောက် လာနှိုးသလိုအသံကိုကြားလို့ ကြည့်လိုက်တော့ အဲဒီလူက ရုပ်ဆိုးလိုက်တာ ကျုပ်ထက်တောင်သာသေးတယ် အစ်ကို။ ကျုပ်လည်း အဲဒီလူကိုကြည့်ပြီး အံ့သြနေဘာ။ အဲဒီလူက ကျုပ်ကို ချောင်းထဲကို လက်ညှိုးထိုးထိုးပြနေလို့ ကျုပ်လည်း လှေပေါ်တက်မိတယ်။ အဲဒီအချိန်မှာပဲ ချောင်းရေတွေ တဖေါဖေါ အရှိန်ပြင်းပြင်းနဲ့စီးပြီး ကျုပ်လှေမှောက်သွားတယ်။ ကျုပ်လည်း ရေကူးရင်း ဂလိုင်ကြီးတစ်ခုထဲကို ရောက်သွားဘယ်။ အဲဒီမှာ . . . အဲဒီမှာ"

ပြေျးက ကျုပ်ကို စကားပြောရင်း ရပ်သွားတယ်။ ကျုပ် ပြေျးကိုကြည့်ရင်း မှင်တက်မိသွားတယ်။ ပြေျးက အိပ်မက်ကို ပြန်စဉ်းစားမိပြီး ကြောက်ရွံ့နေတဲ့မျက်နှာ။ ကျုပ် ပြေျးအတွက် စိုးရိမ်သွားမိတယ်။ ကြည့်လေ။ ပြေျး ရေနဲ့ မိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပင်ပင်ပန်းပန်းလုပ်နေရလို့ အရက်သောက်သောက်နေ တာ ကျုပ်လည်းအသိ။ ကျုပ်တောင် ပြေး အရက်မူးမူးပြီး ရိုကျ နေကြ။ ဒါဆို ဒီကောင်ပြေး ဇောင်ထဲမှာ အရက်မူးမူးနဲ့ အိပ်ပျော်ပြီး ကြောက်စရာအိပ်မက်တွေ မက်နေတာလား။

"အဲဒါနဲ့ ကျုပ် ဂလိုင်ကြီးထဲရောက်လို့ ကြည့်လိုက် တော့ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ကို တွေ့ ရတယ်အစ်ကို"

"ဟော"

ပြေးစကားကြောင့် ကျုပ် အံ့အားသင့်ပြီး အသံ တောင် ထွက်သွားမိတယ်။

"အဲဒီမိန်းမက ဂလိုင်ကြီးထဲက ကျောက်ဖျာကြီး ပေါ်မှာ ထိုင်နေတာ။ ကျုပ်လည်းတွေ့ရော ကျုပ်ကိုခေါ်ပြီး ရွှေတွေကိုပြတယ်။ ကျုပ်လည်း အံ့အားသင့်ပြီးကြည့်နေ တုန်း အဲဒီမိန်းမက ကျုပ်ကို ဘဝချင်းဆုံဖို့ စောင့်နေတာတဲ့။ ဒီရွှေတွေကို ကျုပ်ကိုပေးဖို့ပြောနေတုန်း . . . လူကြီးတစ် ယောက် ဝင်လာတယ်။ အဲဒီလူကြီးလည်းတွေ့ရော ကျောက်





ဖျာပေါ်မှာထိုင်နေတဲ့ မိန်းမနဲ့ရွှေထည်တွေ ပျောက်သွား တယ်အစ်ကို။ ကျုပ် လန့်နိုးပြီး ကြည့်လိုက်တော့ ကျုပ် လယ်ကွင်းပေါ်မှာ ရောက်နေတာ"

"မင်း အရက်မူးပြီး ကယောင်ချောက်ချားမက်တဲ့ အိပ်မက်နဲ့တူပါတယ် ပြေးရာ။ တွေးပြီး အစွဲအလမ်း မထား စမ်းပါနဲ့ကွာ"

"ကျုပ် အစွဲအလမ်းထားလို့မဟုတ်ပါဘူး အစ်ကို ရာ။ ကျုပ်အိပ်မက်ထဲမှာတွေ့ခဲ့တဲ့ မိန်းမကို ကျုပ် မြင်ဖူးသလို ရှိခဲ့တာ အမှန်ပဲ"

ပြေးက ချောင်းရေပြင်ကို ငေးကြည့်ရင်း အိပ် မက်ကို ပြန်စဉ်းစားနေဟန်တူတယ်။ ကျုပ် ပြေးအဖြစ်ကို ကြည့်ပြီး ယုံရခက်၊ မယုံရအခက်ဖြစ်နေမိတယ်။ ဟုတ်တယ် လေ။ ပြေးတာလည်း ပြေးပဲ။ နေ့စဉ် ငါးဖားရှာတိုင်း ငါးတွေ သန်သယ်၊ စပါးသယ်ရခဲ့တဲ့အဖြစ်က ကျုပ်အဖို့ ထူးထူးခြား ခြား ဖြစ်နေမိတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသေဘာင်းစိန်း ချောင်းမျှားဘက်ဆီသွားမယ်
အစ်ကို၊ အဲဒီမှာ ငါးတွေ ကျိန်းသေရှိတယ်"

လှေဦးမှာ ထိုင်နေတဲ့ ပြေးစကားသံ ကြောင့် ကျုပ် လှော်တက်ကိုကိုင်ရင်း ထူးဆန်းသလိုဖြစ်နေမိ(ပါ)သ်။ ဟုတ် တယ်လေ၊ ပြေး ကျုပ်ကိုပြောခဲ့တဲ့ အိပ်မက်အကြောင်း ပြောပြီးကတည်းက ကျုပ် ပြေးကို စိတ်မချနိုင်တာ။

ကျုပ်နဲ့ပြေး ထဲကထွက်လာတော့ အချိန်ပဲ မနည်း တော့ဘူး။ အမှောင်ဖုံးလွှမ်းစပြုနေတဲ့ည။ ချောင်း(ကမ်း)စပ် နှစ်ဘက်ရှိ သစ်ပင်ကြီးငယ်နဲ့ ချုံနွယ်တွေက လေအလာ ယိမ်းနွဲ့ပြီး တအီအိမြည်နေတဲ့အသံတွေ။ ကျုပ်လည်း





ညဘက် ငါးရှာဖားရှာလာတာ ချောင်းရိုးမြောင်းရိုးအနံ့ ရှာခဲ့တာ ကြာပြီ။ ငါးဖော့ကြောင့်လား မသိဘူး။ ပတ်ဝန်းကျင် ကို သတိမထားခဲ့မိတာ အမှန်။

ခု . . . ပြေးပါလာတာတောင် ကျုပ် ညအမှောင် ထဲတွေ့ရတဲ့ ချောင်းတမ်းဘေးက လေအလာယိမ်းနွဲ့နေတဲ့ သစ်ပင်တွေကိုကြည့်ပြီး စိတ်ချောက်ချားနေမိတယ်။ ခက် နေတာက ပြေးစကား၊

"ဟုတ်ပါ့မလား ပြေးရာ။ ငါလည်း ချောင်းဖျား ဘက်ဆီ ခဏခဏရောက်ခဲ့ဖူးတာပဲ၊ တစ်ခါတလေ ငါးတစ် ကောင်မှ မတွေ့ခဲ့ဘူးကွ"

"အစ်ကိုတလည်း ကျုပ်ကို အထင်သေးနေပြန်ပြီ။ ပယ်ရင် အစ်ကိုကိုယ်တိုင် ကျုပ်ကွန်ချက်ကိုတွေ့ရမှာ"

ပြေး ဘယ်လိုပြောပြော ကျုပ် ယုံတစ်ဝက်၊ မယုံ တစ်ဝက်ဖြစ်ပြီး လှေကိုလှော်လိုက်မိတယ်။ ကျုပ် ချောင်း ဖျားရောက်ဖို့ တောင်စွယ်အကွေ့လေးလည်းရောက်ရော၊ ကျုပ်နားနဲ့ ခတ်ခတ်ကြားလိုက်ရတဲ့ ငါးပွက်သံကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်တဲ့ညအမှောင်ကြားမှာ ထူးထူးခြားခြား ဆတ်တိုက်ပေါ်လာတယ်။ ကျုပ်တောင် အံ့သြသွားမိတယ်။

"ဝုန်း"

"ဗွမ်း"

"ဟော . . . ကြားလားအစ်ကို၊ ဒီငါးတွေကို အသံသာကြားပြီး ရှာတဲ့သူတိုင်း မရဘူး"

"ဘာဖြစ်လို့လဲ ဖြူး"

"ဒီငါးတွေက သိပ်ထူးဆန်းတယ်လို့ ကျုပ်ကို လူတစ်ယောက်က ပြောနေသလိုပဲ၊ ပြီးတော့ . . . ကျုပ်စိတ်တွေ ဘယ်လိုဖြစ်မှန်းမသိဘူး။ ကျုပ် အလိုလိုသွားချင်နေတာက မဆယ်ဂလိုင်ကျွေးပဲအစ်ကို"

ဖြူးစကားကြောင့် ကျုပ် ရင်ထိတ်သွားမိတယ်။ ဟုတ်တယ်လေ။ ဖြူးအိပ်မက်မက်ပြီးကတည်းက အမြဲသမ်း မရွှင်မလန်းဖြစ်နေတဲ့မျက်နှာ။ ခုတောင် ကျုပ်နဲ့အတူ ဖြူး ငါးရှာဖို့လိုက်ခဲ့ပေမယ့် စိတ်က မဆယ်ဂလိုင်ကျွေးဆီရောက်နေတဲ့ ဖြူးအဖြစ်။



"စိတ်ကိုလည်း ထိန်းစမ်းပါဦး ဖြူးရေ။ မဆယ်ဂလိုင်ကျွေးက နာနုဘာဝတွေ ကျက်စားတဲ့နေရာကွ။ ဘယ်သူပဲသွားသွား ဒုက္ခရောက်ခဲ့တာ မင်းလည်းအသိပဲ မဟုတ်လား။ ကဲပါ . . . ဖြူးရေ . . . သိပ်လည်းတွေးမနေနဲ့ အချိန်ရှိတုန်း တို့ငါးရှာရအောင်"

"ငါးအတွက် စိတ်မပူစမ်းပါနဲ့ အစ်ကိုရာ။ အစ်ကို ငါးဘယ်လောက်လိုချင်သလဲ ပြော"

"ဘာ . . . ဖြူး။ ငါးဘယ်လောက်လိုချင်လဲ ဟုတ်လား"

ကျုပ် ဖြူးစကားကြောင့် ရင်တောင်တုန်သွားမိတယ်။ ကျုပ် ဖြူးကိုကြည့်ရင်း မကောင်းဆိုးဝါးများ ကပ်နေသလားလို့ ထင်မိတယ်။ ဖြူးက လှေဝမ်းထဲက ကွန်ကိုယူပြီး ငါးအခြေအနေကို ကြည့်နေတယ်။ ကျုပ်လှေဘေးမှာ ထဝုန်းဝုန်းအသံတွေနဲ့ ငါးတွေ။ ကျုပ် ငါးပွက်သံကြီးတွေကို ထူးထူးခြားခြားတွေ့ရလို့ ကျောချမ်းသွားမိတယ်။

"ဗွမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ငြေး ကွန်ချက်နဲ့အတူ ထဝုန်းဝုန်းမြှက်နေတဲ့ ငါးတွေ။ ကျုပ် မီးအုပ်ဆောင်းကို ကဗျာကသီ မီးထွန်းပြီး ငြေးကို ကြည့်လိုက်မိတယ်။ ငြေး ကွန်ချက်ထဲမှာမိနေတဲ့ ငါးကြီးတွေ။ ငြေး ကွန်ကို လှေဝမ်းထဲထည့်ပြီး ခွေးနေတုန်းရှိသေးတယ်၊ ငါးပွက်သံကြီးတွေက ချောင်းထဲမှာ ဆက်တိုက်ပေါ်လာပြန်တယ်။

"ကွန် လေး။ ငါးချက်ဆို တော်ပါပြီအစ်ကို"

ငြေးက ကျုပ်ကိုပြောပြီး ကွန်ချက် လေး။ ငါး ချက်ပဲ ရှိသေးဘယ်။ ကျုပ်လှေဝမ်းထဲမှာ ပြည့်နေတဲ့ငါးကြီးတွေ။ ငြေးက ကွန်ချက်နားပြီး ဆေးလိပ်ကို မီးညှိပြီး ဖွာနေတယ်။ ကျုပ်လည်း လှေဝမ်းထဲ ငါးပြည့်လို့ ရွာပြန်ဖို့ လှေဦးတည်ပြီး လှော်ခတ်လိုက်မိတယ်၊ ကျုပ် ချောင်းရေပြင်အနှံ့ ကြည့်လိုက်တော့ လရောင်မှုန်ဝါးဝါးနဲ့တွေ့ရတဲ့ မြင်ကွင်း။ ငြေးက ဆေးလိပ်ဖွာပြီး လှေဦးမှာ ငြိမ်သက်စွာထိုင်နေတဲ့အဖြစ်၊ ကျုပ်လက်ှား ရွာကိုပြန်ရောက်ဖို့ စိတ်စောပြီး လှေကိုအားဆိုက်





ပြီးလှော်နေတုန်း . . .

"ငိုး"

"ဝုန်း"

"အား"

ရုတ်ဘရက် ကျုပ်လှေနံဘေးဆီက ရေပွက်ကြီးထပြီး မိကျောင်းကြီးအမြီးကို တွေ့လိုက်ရတဲ့အချိန် ဆက်တိုက်ပေါ်လာတဲ့အသံတွေ။ ကျုပ်အုံ့အားသင့်နေမိတယ်။ ပြီး ငြေးကို သတိရပြီး ကျုပ် အားကုန်အော်လိုက်တဲ့အသံက ချောင်းရိုးတစ်ခွင် ပဲ့န်းသွားတယ်။

"ငြေး . . . မိကျောင်း . . . မိကျောင်း"

ကျုပ်အော်လိုက်တဲ့အသံနဲ့အတူ ချောင်းရေပြင်ထဲမှာ တဝုန်းဝုန်းအသံနဲ့ ငြေးအဖြစ်။ ကျုပ် ကမန်းကတန်း လှေဝမ်းထဲမှာပါလာတဲ့ မိုန်းကို သတိရပြီး ချောင်းရေပြင်ကို ကြည့်လိုက်မိတယ်။ လရောင်မှုန်ဝါးဝါးနဲ့ မြင်နေရတဲ့ချောင်းရေပြင်ပေါ်မှာ ပွက်ထနေတဲ့ ရေလှိုင်းဂယက်။ ရုတ်တရက် တွေ့လိုက်ရတဲ့ သွေးမည်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်လည်း လက်ထဲကမှိန်းနဲ့ လိုးချလိုက်တယ်။ ဝုန်းဆိုတဲ့အသံကြီးပေါ်လာပြီး လှူးလွန့်လူးပ်ရှားသွားတဲ့ လှိုင်းဂယက်ကြီးတွေထသွားတယ်၊ ကျွန်စိတ်တွေလည်း တုန်လှုပ်ချောက်ချားသွားမိတယ်၊ အဲဒီအချိန်မှာပဲ ကျွန် ပြေးကို သတိရပြီး ချောင်းရေပြင်အနှံ့ ခေါ်နေမိတယ်၊ ကျွန် လှေကို ဖြည်းဖြည်းလှော်ခတ်ပြီး ချောင်းရေပြင်အနှံ့ ရှာကြည့်လိုက်တော့၊ လရောင်မှုန်ဝါးဝါးနဲ့ တွေ့လိုက်ရတဲ့သဏ္ဍာန်၊ ကျွန် လှေကိုလှော်ပြီး ချောင်းဘေးကပ်ကြည့်တော့၊ ချောင်းဘေးက လတာပြင်မှာ လရောင်နဲ့တွေ့ရတဲ့ ပြေး။

"ပြေး"

ကျွန် လှေပေါ်က ခုန်ဆင်းပြီး ပြေးကို ပွေ့လိုက်မိတယ်၊ ပြေးကိုယ်မှာ သွေးတွေ၊ ကျွန် ကမန်းကတန်း ပြေးကိုထမ်းပြီး ချောင်းဘေးကနေ ရွာအရောက် အပြေးလာမိတယ်၊ ကျွန် ပြေးကို တဲပေါ်တင်ပြီး ကျွန်ရင်ခွင်နေမိတယ်၊ ကျွန်နဲ့ပြေးအဖြစ်ကို တွေ့လိုက်ရတော့ ကျွန်မိန်းမ မြရီ ‹ ့ဘ်လုံးလေးဝိုင်းပြီး ကြက်သေသေနေရှာတဲ့အဖြစ်။



"မြ . . . မြ . . . ရီ ဘကြီးထုံကို မြန်မြန်ခေါ်"

ကျွန်စကားလည်းကြားရော မြရီ တဲပေါ်က အပြေးဆင်းပြီး ဘကြီးထုံကို သွားခေါ်မှ ကျွန် သတိမေ့နေတဲ့ ပြေးကို ကြည့်လိုက်မိတယ်၊ ကြည့်လေ၊ ပြေးခန္ဓာကိုယ်မှာ မိချောင်းကိုက်ထားတဲ့ ဒဏ်ရာကထွက်နေတဲ့သွေး။

"ဘယ်လိုဖြစ်လာကြတာလဲ သောင်းစိန်ရာ၊ မင်းတို့အဖြစ်က အသည်းထိတ်စရာတွေပါလား"

ကျွန်မိန်းမ မြရီ အပြေးခေါ်လို့ ဘကြီးထုံရောက်လာပြီး ကျွန်နဲ့ပြေးအဖြစ်ကို ကြည့်ပြီး ကရုဏာဒေါသနဲ့ ပြောနေတဲ့စကား။ ပြီး . . . ပခုံးမှာလွယ်ထားတဲ့ လွယ်အိတ်ကြီးထဲက ဆေးပုလင်းတွေကိုထုတ်ပြီး ဒဏ်ရာရနေတဲ့ ပြေးကို ပြုစုနေတယ်၊ ကျွန်လည်း ပြေးအဖြစ်ကို တွေး မိပြီး ရင်ထိတ်နေတယ်၊

"ပြေး . . . ပြေး"

"မိကျောင်းကြီး လာပြီ။ မိကျောင်းကြီး"

"မိကျောင်းကြီး မရှိတော့ပါဘူး ပြေးရာ၊ မင်း တဲကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်နေတာ။ သေသေချာချာ ကြည့်စမ်းပါဦး”

“အစ်ကိုသောင်းစိန် . . . အစ်ကိုသောင်းစိန်”

“ရှိ . . . ရှိပါတယ် ပြေူးရေ၊ မင်းအနားမှာရှိတယ်”

ဘကြီးထုံက ကယောင်ကတမ်းပြောနေတဲ့ ပြေူးကိုကြည့်ပြီး ခေါင်းတစ်ချက်တိုက်လိုက်မှ၊ ပြေူး သတိရသွားတယ်။ ပြီး . . . ကျုပ်ကို ကြည့်ပြီး . . .

“ကျုပ် . . . အစ်ကို့အတွက် စိုးရိမ်လိုက်ရတာ အစ်ကိုရာ”

“အေး . . . မင်းကသာ မင်းအစ်ကို သောင်းစိန်အတွက် စိုးရိမ်နေ၊ မင်းအဖြစ်ကိုလည်း ပြန်စဉ်းစားကြည့်ပါဦး”

ဘကြီးထုံစကားကြားမှ ပြေူး သူ့ခန္ဓာကိုယ်ကို ပြန်ကြည့်ပြီး အံ့ဩနေဟန်တူတယ်။ ကျုပ်လည်း ကျုပ်နဲ့ ပြေူး တွေ့ကြုံခဲ့ရတဲ့ မိကျောင်းကြီးအဖြစ်ကို စဉ်းစားလို့မရနိုင်အောင် ဖြစ်သွားမိတယ်။

“သောင်းစိန် . . . မင်းတို့ မိကျောင်းကို သေသေ



ချာချာ တွေ့ခဲ့ရဲ့လား”

“ကျုပ် ပြေူးတို့ မိကျောင်းရိုက်ပြီး ချောင်းထဲမှာ ဆွဲနေတုန်း၊ ကျုပ် မှိန်းနဲ့ သေသေချာချာထိုးခဲ့တာပဲ ဘကြီးထုံ၊ ကျုပ်လည်း ချောင်းရိုးမြောင်းရိုးအနံ့ ငါးဖားရှာလာတာ ဘကြီးထုံလည်း အသိပဲ၊ မိကျောင်းကို တစ်ခါမှ မတွေ့ခဲ့ဘူး”

ဘကြီးထုံက ကျုပ်စကားကိုကြားပြီး စဉ်းစားနေဟန်တူတယ်။ ပြီး . . . ပြေူးကိုကြည့်နေတယ်။ ပြေူးက ကျုပ်ကိုကြည့်ပြီး . . .

“မိကျောင်းတာ မဆယ်ဂလိုင်ကွေ့မှာနေတာ အစ်ကို”

“ဘာ . . . ပြေူး၊ မိကျောင်းက မဆယ်ဂလိုင်ကွေ့မှာနေတာ ဟုတ်လား”

ဘကြီးထုံပင် ပြေူးစကားကြားလို့ တအံ့တဩဖြစ်သွားပုံရတယ်၊ ဒါဆို ကျုပ်အဖေ ကိုဖိုးထင် မဆယ်ဂလိုင်ကွေ့မှာ မိကျောင်းဆွဲခံရတာ အမှန်ပဲလား။ ကျုပ်တွေးမိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ခက်တယ်ကွာ။ အဘလည်း ဒီအရပ်မှာနေတာ ကြာပါပြီ။ မိကျောင်းရှိတယ်ဆိုတာ တစ်ခါမှ မကြားခဲ့ဘူး။ ကေန္တ မင်းတို့ကို မိစ္ဆာဝိညာဉ်တွေက ခြောက်လှန့်ပြတာဖြစ်မယ်ထင်တယ်၊ ရတနာသုံးပါးကိုတော့ မမေ့ကြပါနဲ့”

ဘကြီးထုံစကားကြောင့် ကျုပ်တောင် ဇဝေဇဝါဖြစ်သွားမိတယ်။ ဟုတ်တယ်လေ၊ ကျုပ်ကိုယ်တိုင် မိန်းနဲ့ထိုးခဲ့တဲ့ မိကျောင်း၊ ခု . . . ဘကြီးထုံကိုယ်တိုင်က ကျုပ်နဲ့ငပြူး မိကျောင်းနဲ့ကြုံခဲ့တာကို ယုံကြည်ဟန် မတူဘူး။ ဘကြီးထုံ ထင်နေတာ သရဲတစ္ဆေ။

“ကဲ . . . နောက်ဆို သတိဝီရိယနဲ့ ငါးရှာအားရာကြကွာ။ ဒါပေမယ့် ချောင်းဖျားကိုတော့ သတိထားသွား သောင်းစိန်”

“ဘာဖြစ်လို့လဲ အဘထုံ”

“ဟ . . . ဘာဖြစ်ရမှာလဲ။ အဲဒီချောင်းဖျားက မိစ္ဆာအော်သံတွေ မကြာခဏ ကြားရတတ်တယ်ကွာ”

ဘကြီးထုံက ကျုပ်ကို စိတ်မချနိုင်သည့်အလား





ပြောပြီး ဆေးပေါ့လိပ်ကြီးကို မီးညှိပြီး ဖွာရှိုက်နေတယ်။ ငပြူးက မိကျောင်းကိုက်တဲ့ဒဏ်ရာကြောင့် အိပ်ရာထဲမှာ မှိန်းနေတယ်။

“မင်းတို့အဖြစ်က သေကောင်ပေါင်းလဲ အဖြစ်တွေပါလား သောင်းစိန်ရာ။ ဒီအတိုင်းဆို ငပြူးနဲ့မင်းက သေရွာပြန်လို့ ပြောရမလိုဖြစ်နေပြီ”

“ဟုတ်တယ် ဘကြီးထုံ၊ ကျုပ်လည်း ငပြူးက ချောင်းဖျားမှာ ငါးရမယ်ဆိုလို့ အရဲစွန့်ပြီးလိုက်သွားခဲ့တာ။ အပြန်မှာတွေ့တာပဲ ဘကြီးထုံ၊ ကျုပ်တောင် မယုံနိုင်အောင် ဖြစ်မိတယ်။ ငပြူးကို မိကျောင်းအမြီးနဲ့ ရိုက်ချလိုက်တာ။ အသည်းတုန်အူတုန်စရာအဖြစ်ပဲ”

“ပြောစမ်းပါဦး ငပြူးရာ။ မင်းက မိကျောင်းဆွဲမှန်း သိလား”

“သိတယ် ဘကြီးရဲ့၊ ကျုပ်ကို မိကျောင်းအမြီးနဲ့ ရိုက်ချတော့ သတိမပြတ်ဘူး။ ကျုပ်လည်း ရေထဲရောက်ရော ကျုပ် မိကျောင်းကိုဖက်ထားတာ၊ အဲဒီအချိန်မှာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ မည်းမည်းကြီးတွေ့ပြီး မကြာဘူး၊ မီးကျောင်းကြီး ထွက်ပြေးသွားတာပဲ၊ ကျုပ်လည်း ကြောက်လန့်ပြီး ချောင်းကမ်းဘက်ကို ထွက်ခဲ့တာ။ အဲဒီအချိန်မှာ ကျုပ်တစ်ကိုယ်လုံး နာကျင်သွားပြီး ဘာမှမသိတော့ဘူး"

ပြေူးစကားကြားမှ ကျုပ် ချောင်းဖျားရောက်စဲ့ တုန်းက ပြေူးဘေးမှာ လူတစ်ယောက်ရှိတယ်ဆိုတဲ့စကား ကို ကျုပ် အလိုလိုသတိရသွားမိတယ်။ ကျုပ်တွေးမိရင်း ပြေူးကို ကြည့်လိုက်မိတယ်၊ ဘကြီးထုံပြောသလို ပြေူး ကံကောင်းလို့ မသေခဲ့တဲ့အဖြစ်၊ ကျုပ်ဖြင့် ယုံနိုင်စရာတောင် မရှိခဲ့ဘူး။

"ကဲ . . . ပြေူးလည်း ဆေးသောက်ပြီး အနားယူ လိုက်ဦး"

ဘကြီးထုံက ပြေူးကို စိတ်မချဟန်နဲ့ပြောပြီး လွယ်အိတ်ထဲက ဆေးပေး၍ ပြန်သွားတယ်၊ ကျုပ်လည်း ပြေူးကိုကြည့်ပြီး မေးသင့်၊ မမေးသင့် စဉ်းစားနေမိတယ်။ ကျုပ်မစဉ်းစားလို့ မဖြစ်ဘူး။ ဒီကောင်ပြေူးအဖြစ်က ကြာ





လျှင်မလွယ်။ ခုပဲ ကျုပ်နဲ့ငါးရှာရင်း ပြေူးကို မီကျောင်းဆွဲ ခံရတဲ့အဖြစ်က ရှားမှရှားဖြစ်နေတာ၊

"ပြေူး သက်သာရဲ့လား"

"သက်သာပါတယ် အစ်ကိုရာ။ အစ်ကို့ကြောင့် ကျုပ် အသက်မသေခဲ့တာ။ အစ်ကို့ကို ကျုပ် ဘယ်လိုကျေးဇူး ဆပ်ရမှန်းတောင် မသိတော့ဘူး"

"အစ်ကို့ကို ကျေးဇူးတင်ဖို့မလိုပါဘူးကွာ။ မင်း အသက်ဘိုကယ်နိုင်ခဲ့လို့ အစ်ကို ဝမ်းသာနေတာ။ နောက် ရက်ကာစပြီး မင်း ငါးမရှာနဲ့တော့ ပြေူး၊ အစ်ကို မင်းကို စိတ်မချဘူး"

"ဒါတော့ မတားပါနဲ့ အစ်ကိုရာ။ ခု . . . ကျုပ်ဖြစ်သွား တာက တိုက်ဆိုင်သွားလို့ပါ၊ ကျုပ် ငါးမရှာရင်မဖြစ်ဘူး အစ်ကို။ ကျုပ် ငါးရှာမှ သူနဲ့တွေ့မှာ"

"ပြေူး . . . မင်း ဘာစကားတွေပြောနေတာလဲ။ သူဆိုတာ ဘယ်သူလဲ။ အစ်ကို့ကို မှန်မှန်ပြောစမ်း"

ကျုပ် မရမက မေးတာတောင် ပြေူး အတော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မဖြေဘူး။ မျက်စိကိုမှိတ်ပြီးနေတာ။ ကျုပ်ဆိုတဲ့ ကျုပ်က လည်း ခက်သားလား။ ရှိုးရှိုးရှင်းရှင်းနဲ့ ဘွင်းဘွင်းသမားဆို တော့ ပြေးပြောတဲ့စကားထဲက သူဆိုတာ ကျုပ်အတွက် ဘဝင်မကျစရာဖြစ်နေတာ မဟုတ်လား။

"အစ်ကို့ကိုပြောစမ်းပါ ပြေးရာ။ အစ်ကိုသိမှ ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားလို့သိမှာပေါ့။ မင်း မပြောလို့ တစ်ခုခုဖြစ်သွားရင် အစ်ကို ရင်ကျိုးအောင်ခံစား ရမှာကွ"

ကျုပ်ရင်ထဲက ပြေးအတွက် စိုးရိမ်ပူပန်မိတဲ့ သောကစကားတွေကိုကြားပြီး ပြေး ကျုပ်ကိုကြည့်ပြီး မျက်ရည်လေးဝဲနေရှာတယ်။ ပြီးတော့မှ . . .

"ကျုပ် ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောဘူး လို့ ကျုပ်ရင်ထဲမှာ ဖွက်ထားခဲ့တာ ကြာပြီ အစ်ကို။ ပြောရရင် ကျုပ်အဖြစ်ကို ဘယ်သူမှ ယုံနိုင်ကြမှာမဟုတ်ဘူး။ ကျုပ်က ဟိုဘဝကလာခဲ့တဲ့သူပဲ အစ်ကိုသောင်းစိန်"

"မင်း . . . မင်းက ဟိုဘဝကလာတဲ့သူ"



ကျုပ်တောင် ပြေးစကားကို ကြားရလို့ အတော် ကြီး အံ့ဩသွားမိတယ်။ ကျုပ် ပြေးကိုကြည့်ပြီး ယုံရအခက်၊ မယုံရအခက်ဖြစ်သွားမိတယ်။

"အစ်ကိုက ကျုပ်ပြောတာကို မယုံဘူးနဲ့တူတယ်။ ဟောဒီမှာကြည့် အစ်ကို"

ပြေးက အိပ်ရာထဲက ထပြီး သူဝတ်ထားတဲ့ အင်္ကျီ ကို ဟပြတယ်။ ပြေးရင်ဘတ်မှာ ဒဏ်ရာလိုလိုအကွက်ကြီး။ ကျုပ် ပြေးနဲ့နေလာတာ ကြာပြီ။ ကျုပ်ပဲ သတိမထားမိလို့ ဘဲလား မသိဘူး။ ပြေးပြမှ ကျုပ်သေသေ ချာချာကြည့်မိ တာ။

"မင်းရင်ဘတ်က ဒဏ်ရာကြီးပါလား ပြေး။ ဘာ ဖြစ်လို့လဲ"

"ဟုတ်တယ် အစ်ကို။ ဒီဒဏ်ရာကို တွေးမိတိုင်း ကျုပ် ဟိုဘဝကအဖြစ်ကို မမေ့နိုင်ခဲ့ဘူး"

"ဒါဆို ဒီဒဏ်ရာက ဘယ်လိုရခဲ့တာလဲ ပြေး"

ကျုပ်အမေးစကားကြောင့် ပြေး မျက်ရည်လေး

www.burmeseclassic.com

www.burmeseclassic.com



ခဲပြီး စဉ်းစားနေဟန်တူတယ်၊ ပြီး . . . ဖြည်းညင်းတဲ့စကားနဲ့ ကျုပ်ကိုကြည့်ပြီး . . .

"ခင်လှရီကြောင့်ပေါ့ အစ်ကိုရယ်။ ခင်လှရီကြောင့်ပေါ့"





[illegible]

ခင်လှရီဆိုလို့ အဝင်တော့ မသေးလိုက်ပါနဲ့။ ခင်လှရီဆိုတာ ကျုပ်တို့ ပုဉ်းမတုန်းရွာရဲ့ တွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အလှပဒေး။ သူ့အဖေ သျှောင်တစောင်းသန်းထိုက်က နှယ်နှယ်ရရမဟုတ်ဘူး။ ကျုပ်တို့ရွာမှာ သူကြီး၊ ခင်လှရီအဖေ မနန်းရွှေဆို လှမှလှ၊ ချောမှချော။ သျှောင်တစောင်းသန်းထိုက်ဆို မနန်းရွှေကို ငုံသားမတတ်ချစ်တာ ဟစ်ရွာပုံးသေသိ၊ ပြီး . . . ရွာမှာဆို ယိတ်ယိတ်ကြဲသူဌေး စာရင်းဝင်တွေ။

အဲဒီ သူကြီး သျှောင်တစောင်းသန်းထိုက်နဲ့ မနန်းရွှေတို့မှာ ရှားရှားပါးပါးမွေးလာတဲ့ တစ်ဦးတည်းသမီး ခင်လှ



www.burmeseclassic.com

www.burmeseclassic.com



ရှိ။ လှကလည်းလှ၊ ချောကလည်းချောဆိုတော့ ဘာတစ်ခုမှ အပြစ်ပြောစရာတစ်ကွက်မှ မရှိတာ။ ခက်နေတာက ကျုပ်။ ကျုပ်မိဘတွေဆိုတာကလည်း တစ်ယောက်တည်းမွေးလာတဲ့ကျုပ်ဆို ဖူးဖူးမှုတ်ထားခဲ့တာ။

ဒါကြောင့်လား မသိဘူး။ ကျုပ်ကလည်း ဆိုးမှဆိုး။ ကျုပ်ရွာမှာဆို အကြောက်ဆုံးဆိုလို့ ရွာဦးကျောင်းဆရာတော်နဲ့ သူကြီးသျှောင်တစောင်းသန်းထိုက်ပဲ ရှိတာ။ သူကြီးသျှောင်တစောင်း သန်းထိုက်ကလည်း လက်သံပြောင်သလား မမေးနဲ့၊ ကျုပ်သေရာပါအထိ ကြောက်ခဲ့တာ။ ကျုပ်မကြောက်ဘဲ ရှိပါ့မလားဗျာ။ တစ်ည ကျုပ်နဲ့ ခနုတ်သားကိုကိုဖော် အရက်သောက်ဖို့ အမြည်းမရှိလို့ ကြက်သွားခိုးတာ။ ကျုပ်နဲ့ ခနုတ်ကိုကိုဖော် သွားခိုးမိတဲ့ကြက်က အပျိုကြီးဒေါ်ဝေအိမ်က ကြက်ဖြစ်နေတာ။

ကျုပ်လည်း မူးမူးနဲ့ဆိုတော့ မသိဘူး။ ဟိုကောင်ခနုတ်ကိုကိုဖော်ခေါ်လို့ တွေ့တဲ့အိမ် ကြက်ဝင်ခိုးမိတာ။ အဲဒါ ကျုပ်နဲ့ကိုကိုဖော် ကြက်သားဟင်းချက်ပြီး အရက်နဲ့မြည်းလို့





ဖိမ်ကျနေတုန်းရှိသေးတယ်။ သူကြီးသျှောင်တစောင်းသန်းထိုက်လာတာတောင် ကျုပ်မသိဘူး။

"ဟေ့ကောင် ဝတိုး . . . မင်းတို့ ဘာတွေနဲ့ အရက်မြည်းနေကြတာလဲ"

"ကြက် . . . ကြက်သားလေ ကိုထူး။ ဘာလဲ ကိုထူး အရက်သောက်မလို့လား။ လာဗျာ။ အမြည်းက ကြက်သားပဲရှိတယ်။ အရသာရှိလိုက်တာ"

ကျုပ် အရက်မူးမူးနဲ့ တွေ့လိုက်ရတဲ့ ကိုထူး၊ ကိုထူးဆိုတာ သူကြီးသျှောင်တစောင်းသန်းထိုက်ရဲ့ တပည့်ရင်း။ ကျုပ်က အရက်သမားဆိုတော့ ကိုထူးနဲ့ ခွက်ပုံးချနေတာ။

"ဝတိုး . . . သူကြီး . . . သူကြီးပါလာတယ်"

ကိုထူးစကားကြောင့် ကျုပ်သောက်မယ့် အရက်ခွက်တွေ လွှတ်ကျသွားမိတယ်။ ကျုပ်ကလည်း ကမန်းကတန်း ထပြေးမယ်အလုပ်။

"ဝတိုး . . . မင်း ဘယ်လိုမှ ပြေးမလွှတ်ဘူးဆိုတာ မှတ်ထား။ ဒါဘာလဲ ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စန့်ညားတဲ့ သူကြီးချောင်ဟစောင်း သန်းထိုက်ရဲ့အသံကြီးနဲ့အငူ ကျုပ်ကြည့်လိုက်တော့ သူကြီး လက်ထဲက နှစ်လုံးပြူးသေနတ်ကြီးနဲ့ ချိန်ထားတာက ကျုပ် ရင်ဝ။ ကျုပ် သောက်ထားမိတဲ့ အရက်နဲ့ကြက်သားအမြည်း တောင် ဘယ်ပျော့ဟ်သွားမှန်းတောင် မသိဘူး။ ကျုပ် အလို လို ကြောက်ဒူးတွေတုန်နေမိတယ်။

"ငတိုး . . . မှန်မှန်ပြောစမ်း။ မင်း အရက်နဲ့မြည်းဖို့ နိုးလာတဲ့ကြက်က ဘယ်ကကြက်လဲ"

"ကျူပ်သူငယ်ချင်း စောလင်းဦးရဲ့ကြက်။ ကြက်ပါ သူကြီးရယ်။ သူကြီးမယုံရင် ကိုကိုဖော်ကို မေးကြည့်ပါ"

"ဘာကွ"

"ကြောက်ပါပြီ သူကြီးရယ်။ နောက်မခိုးနဲ့ဆို မခိုး တော့ပါဘူး။ ခုကြက်က ပို . . . ပို အပျိုကြီးဒေါ်ဝေရဲ့ကြက် ပါ။ အဲဒါ ကိုငတိုးက အရက်နဲ့ကြက်သားမြည်းချင်တယ် ဆိုလို့ ကျွန်တော် . . . ကျွန်တော် ခိုး . . . ခိုးပေးတာပါ"

သူကြီးချောင်တစောင်းသန်းထိုက်ရဲ့ အသံနဲ့



အတူ ကြောက်ကြောက်လန့်လန့်ပေါ်လာသဲ့ ဖော်ကောင်ကို ကိုဖော်ရဲ့တုန်တုန်ယင်ယင်အသံ။ ဒီတော့မှ ကျုပ် မျက်လုံး ပြူးသွားမိတယ်။ ကျုပ်မျက်လုံးမပြူးဘဲ ရှိပါ့မလား။ အပျိုကြီး ဒေါ်ဝေဆိုတာ သူကြီးချောင်တစောင်းသန်းထိုက်ရဲ့နှမတစ် ဝမ်းကွဲဆိုတော့ ကျုပ်နဲ့ကိုကိုဖော် သူကြီးအိမ်အောက်မှာ တစ်ညလုံး ခြေထိတ်အခတ်ခံရတဲ့အဖြစ်။

အဲဒီကတည်းက ကျုပ်မိဘတွေဆို ကျုပ်ကြောင့် ရှက်လွန်းလို့ ရွာထဲတောင် မျက်နှာမပြဲဘူး။ ပြီးတော့ ကျုပ် ကို သားအဖြစ်က စွန့်ခဲ့တာ၊ ကျုပ်လည်း မထူးဘူးဆိုပြီး ကျုပ် လူမိုက်ဘရွှေတို့နဲ့ ပေါင်းခဲ့တာ။ လူမိုက်ဘရွှေဆိုတာ တစ် နယ်လုံးကြောက်ရတဲ့ ဓားပြလူမိုက်၊ ဒါပေမယ့် ဘရွှေက ဓားပြလူမိုက်သာဆိုတယ် လူမိုက်လို့မထင်ရဘူး။ လူပုံက နွဲ့နွဲ့၊ အပြောက ကောင်းမှကောင်း။ ပြီးတော့ မိန်းမချော ချောတဲ့သူ။ ဒါပေမယ့် လူမိုက်ဘရွှေကို သွားမစမ်းနဲ့ သေနတ်ပစ်ကျင်လည်တာ၊ ကျုပ်လည်း လူမိုက်ဘရွှေအဖွဲ့ ဝင်ဆိုပေမယ့် သူများထက်သာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ။ လူမိုက်ဘဲရွှေလို ကျုပ်က သေနတ်ပစ်တဲ့နေရာမှာ မကျင်လည်တာ။ ဓားပစ်ဆို စမ်းချင်တာစမ်း။ ဒါကြောင့် ကျုပ် လူမိုက်ဘဲရွှေအဖွဲ့မှာ ဓားဝေါ်းလို့ နာမည်ရခဲ့တာ။ ဒါပေမယ့် ကျုပ် ဓားဝေါ်းလို့နာမည်ရခဲ့ပေမယ့် ကျုပ်ရင်ထဲမှာ တစ်နေ့မှမမေ့တာက ခင်လှရီ။

ခင်လှရီက ငယ်ငယ်ကတည်းက ကျုပ်နဲ့ကစားဖက်ဆိုတော့ ခင်လှရီက ကျုပ်ဆို ခင်သား။ ခက်နေတာက ကျုပ်။ ကျုပ်က အရက်သမားတောင် မကဘူး၊ ခုဆို ဓားပြဖြစ်နေတာ။ တစ်နေ့ ကျုပ် ရွာကို ပုန်းလျှိုးကွယ်လျှိုး ပြန်ခဲ့တုန်း . . . ကျုပ်အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်သွားခဲ့တယ်။

ဟုတ်တယ်လေ။ ကျုပ် ခင်လှရီကို ချစ်ရေးဆိုခဲ့တာ အကြိမ်ကြိမ်။ ဒါပေမယ့် ခင်လှရီရဲ့ အကြည့်စိမ်းစိမ်းနဲ့ ငြင်းပယ်ခဲ့တဲ့ စကားသံ။ ကျုပ် ခင်လှရီကိုတွေးမိရင် အလိုလိုဒေါသထွက်သွားမိတယ်။ ကျုပ် ခင်လှရီအပေါ်မှာ အသက်မငဲ့ချစ်ခဲ့တယ်ဆိုတာ ခင်လှရီသိပါတယ်။ ခုလို ကျုပ်အပေါ်



စိမ်းစိမ်းကားကားရှိလိမ့်မယ်လို့ ကျုပ်မှမထင်ခဲ့ဘဲ။ ခုလည်း ကျုပ်နဲ့လူမိုက်ဘဲရွှေ ဓားပြတိုက်တဲ့ ရွှေတွေက နည်းမှမနည်းဘူး။ ဒါတွေကို ကျုပ်စုနေတာက ခင်လှရီအတွက်။ အဲဒီည ကျုပ် ခင်လှရီနဲ့တွေ့ပြီး ကျုပ် ခေါ်လာမိတယ်။ ကျုပ်အဖြစ်ကိုသိလိုက်တဲ့ ခင်လှရီ။

"ဝေါ်း . . . နင်က ကျေးဇူးကန်းလိုက်တာပေါ့လေ။ အေး . . . ငါ့အသက်သာ အသေခံမယ်။ နင့်လို ဓားပြသူခိုးက ငါ့ရဲ့မေတ္တာကို မရဘူးမှတ်လိုက်ပါ"

"ဒီမှာ ခင်လှရီ။ နင် ငါ့ကို ချစ်ချစ်၊ မချစ်ချစ် နင့်ကို ငါရရင်တော်ပြီ"

ကျုပ်စကားလည်းကြားရော ခင်လှရီလေ ရှုံးပွဲချင့်လိုက်တာ။ ကျုပ်ကို ဓားပြပြောပြော၊ သူခိုးပြောပြော။ ကျုပ်ရင်ထဲမှာ အနှစ်နှစ်၊ အလလ ကြိတ်ချစ်ခဲ့ရတဲ့ခင်လှရီ။ ကျုပ်ရင်ခွင်ထဲ ရောက်နေပြီမဟုတ်လား။ ပြီးတော့ ကျုပ်စုထားတဲ့ရွှေထည်တွေ။ ကျုပ် ခင်လှရီကို အပါခေါ်ပြီး ကွင်းထဲက တဲလေးတစ်တဲမှာ အနားယူလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုအချိန်ဆို သူကြီးဒေါ်ျပင်တစောင်းသန်းထိုက်နဲ့ ဒေါ်နန်းရွှေ ခင်လှရီအတွက် ပဍာပြာလူးဖြစ်နေမှာ မလွဲဘူး။ ကျုပ် တသိမ့်သိမ့်ငိုရှိုက်နေတဲ့ ခင်လှရီကို ကြည့်လိုက်မိတယ်။

"မငိုပါနဲ့ ခင်လှရီရယ်။ နင့်ကို ငါငယ်ငယ်လေးကတည်းက ချစ်ခဲ့တဲ့သူပါဟာ၊ ဟောဒီ ရွှေထည်တွေက နင့်အတွက် ငါစုထားခဲ့တာပါ"

"နင့်စကားကို ငါမကြားချင်ဘူး တော်။ ငါ ဘယ်ဘဝရောက်ရောက် နင့်ကိုမကျေဘူးဆိုတာ နင် ဂွဲစွဲမြဲမြဲမှတ်ထားလိုက်ပါ"

အဲဒီညက ကျုပ်လည်း ခင်လှရီအတွက် အရက်မူးမူးနဲ့ တဲပေါ်မှာ အိပ်နေမိတယ်၊ ကျုပ်အိပ်မက်ထဲမှာ ခင်လှရီရဲ့ ငိုရှိုက်သံသဲ့သဲ့။ ပြီးတော့ ကျုပ်စုထားတဲ့ ရွှေထည်တွေ ကျုပ်ဘဝမှာ ဘာလိုသေးလဲ။ ကျုပ် အဖျော်လွန်ပြီး ခင်လှရီနဲ့ မင်္ဂလာပွဲအတွက် ဘယ်အထိ အိပ်မက် မက်နေမှန်း မသိဘူး။



"ဒိုင်း ... ဒိုင်း"

ရုတ်တရက်ပေါ်လာတဲ့ သေနတ်သံနဲ့အတူ ကျုပ် အိပ်မက်မက်နေရာမှ လန့်နိုးပြီး ခင်လှရီကို အမှတ်ရမိပြီး ကျုပ် စိုးရိမ်သွားမိတယ်။

"ခင်လှရီ ... ပြေး ... ပြေး"

"ဟား ... ဟား ... ဟား"

ကျုပ် သေနတ်သံနဲ့အတူ ခင်လှရီအတွက် စိုးရိမ်ပြီးပြောနေတုန်း၊ ကျုပ်ကြားလိုက်ရတဲ့ ရယ်သံ၊ ကျုပ်ကို ကျုပ် ကြည့်လိုက်တော့ ကျုပ်ရင်ဝမှာ စီးကျနေတဲ့သွေး။ ပြီး ကျုပ်ကို သေနတ်နဲ့ချိန်ပြီး သဘောကျစွာရယ်နေတဲ့ လူမိုက် ဘရွေး

"မင်း ဘာတတ်နိုင်သေးလဲ တေးတော်။ မင်းကိုမင်း လည်လှပြီလို့ အောက်မေ့နေတာလား။ ဘယ်မှာလဲ ငါ့ဆီက ရွှေတွေ"

"ကျုပ် မသိဘူး ... ကျုပ် ယသိဘူး"

"ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကျုပ်ကြားလိုက်ရတဲ့ သေနတ်သံတစ်ချက်နဲ့အတူ ကျုပ်မျက်စိထဲမှာ ဝိုးတဝါးမြင်နေရတဲ့ ခင်လှရီ၊ ပြီး . . . ကျုပ်ဖွက်ထားခဲ့တဲ့ ရွှေထည်တွေ။ နောက် ကျုပ် ကျုပ်။

ပြေူးရဲ့စကားသံက တဖြည်းဖြည်းတိမ်ဝင်သွားတယ်။ ကျုပ်လည်း ပြေူးကို ကြည့်လိုက်မိတယ်။ ကြည့်လေ။ ဘဝဟောင်းကအဖြစ်တွေကိုသိနေတဲ့ ပြေူးအဖြစ် က အံ့ဩစရာ။

"ဒါဆို . . . ဟိုဘဝ ဓားတေိုးက မင်းပေါ့ ဟုတ်လား ပြေူး"

"ဟုတ်တယ် . . . အစ်ကိုသောင်းစိန်။ အဲဒီအဖြစ်တွေကိုပြန်တွေးမိတိုင်း ကျုပ် နောင်တရလို့မဆုံးနိုင်အောင် ဖြစ်ခဲ့မိတယ်အစ်ကို။ ခင်လှရီသာရှိရင် ကျုပ် တောင်းပန်ချင်လိုက်တာ အစ်ကိုရာ"

"ခင်လှရီက ဘာဖြစ်လို့လဲ ပြေူး"

"ကျုပ် အရင်ဘဝက မကောင်းမှုတွေလုပ်ခဲ့တဲ့

o———ထွဌေသာ———o



အကျိုးပေးကြောင့်လား မသိဘူး။ ကျုပ် ခုဘဝမှာ ရုပ်ရည်လိုးခဲ့တာ။ ပြီးတော့ ခင်လှရီ ဒုက္ခရောက်ခဲ့တာ ကျုပ်ကြောင့်။ အဲဒါကြောင့် ကျုပ် ခင်လှရီကို ရွှေထည်တွေပေးချင်တယ်"

"သိပ်လည်း အစွဲအလမ်းမထားပါနဲ့ ပြေူးရာ။ မင်းနဲ့ခင်လှရီ ဘဝတွေကခြားခဲ့ပြီ မဟုတ်လား။ အစ်ကိုသိချင်တာက မင်း မဆယ်ဂလိုင်ကွေ့မှာ ရွှေထည်တွေဆိုတာ မင်းအရင်ဘဝက ရွှေထည်တွေလား ပြေူး"

"ဟုတ်တယ် . . . အစ်ကို။ ကျုပ်မှတ်မိတာက ကျုပ်ရွှေတွေကို ဂလိုင်ကြီးတစ်ခုထဲမှာ မှတ်မှတ်ရရ ဖွက်ထားခဲ့တာပဲ။ ပြီးတော့ ကျုပ် ခဏခဏ အိပ်မက်မက်ခဲ့တာက မိန်းမတစ်ယောက်ပဲ အစ်ကို"

"ကဲ . . . ကဲ . . . ပြေူး။ ဘုရားရှိခိုးပြီး မေတ္တာပို့ ကွာ။ မကောင်းတဲ့ အတိတ်ဆိုး၊ နိမိတ်ဆိုးတွေ ပသွား အောင်"

"ဟုတ်ကဲ့ . . . အစ်ကို"

ကျုပ်လည်း ပြေူးကိုပြောပြီး တဲပေါ်ကနေ ချောင်းရေကို ကြည့်လိုက်မိတယ်။ ချောင်းရေပြင်က ဘာမှမဖြစ်

o———ထွဌေသာ———o

www.burmeseclassic.com

www.burmeseclassic.com

သလို တသွင်သွင်စီးဆင်းနေဆဲ၊ ဒါပေမယ့် ကျုပ်ရင်ထဲမှာ ဘဝင်မကျဖြစ်မိတာက ပြေး အဖြစ်ဆန်း။ ကြည့်လေ၊ အရင်ဘဝက စားပြအဖြစ်၊ ပြီး . . . ပြေးပြောပြောနေတဲ့ ရွှေထည်တွေ၊ ပြေး အိပ်မက် ခဏခဏမက်ရင် တွေ့ခဲ့တဲ့ မိန်းမ၊ ဒါဆို ဒီမိန်းမက ပြေးပြောတဲ့ ဘဝဟောင်းက ခင်လှ ရှိလား၊

"ပြေးပြောတဲ့အတိုင်းဆို ဖြစ်နိုင်ချေရှိတာများ တယ်ကွ၊ ဘကြီးသိသလောက်ဆို ဟိုတုန်းက မဆလ်ဂလိုင် ကွေ့နေရာမှာ ငါးရာဗားရာတဲ့သူတွေ ရွှေ၊ ငွေစတွေ ရခဲ့ဖူး တယ်။ မှတ်မှတ်ရရ အဘ သိမ်းထားခဲ့တဲ့ပစ္စည်းလေးရှိသေး တယ် သောင်းစိန်"

ဘကြီးထုံက ကျုပ်ပြောတာကို သတိရပြီး ဘူး ကလေးနဲ့ထည့်ထားတဲ့ ကျောက်ကလေးကိုထုတ်ပြီး ပြ တယ်၊ ကျုပ် အဲဒီကျောက်ကလေးကို ကြည့်ပြီး အံ့သြသွားမိ တယ်။ ဘကြီးထုံ ကျုပ်ကို ထုတ်ပြတဲ့ကျောက်က ကျောက် အနီလေး၊ တူးထူးခြားခြား တောက်ပနေတာ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောက်က အတော့်ကို ထူးပါလား ဘကြီးထုံ"

"ဟုတ်တယ် . . . ခေါင်းစိန်။ ဘကြီးလည်း အဲဒီကျောက်နီလေးကိုရခဲ့တုန်းက အိပ်မက်တွေ ထူးထူးခြားခြား မက်ခဲ့တယ်"

ဘကြီးထုံ့စကားကြောင့် ကျုပ်အံ့သြသွားမိတယ်။ ပြီး ကျောက်နီလေးကို ကြည့်လိုက်မိတယ်။

"ဘကြီးထုံက ဘယ်လိုအိပ်မက်တွေ မက်ခဲ့တာလဲ"

"ဒီလို . . . ခေါင်းစိန်ရေ၊ ဘကြီး မဆယ်ဘလိုင်တွေ့မှာ ငါးရှာရင်း ကျောက်နီလေးကိုရပြီး ထူးထူးခြားခြား တစ်ညလုံး အိပ်လို့မရခဲ့ဘူး"

"ဘာ . . . ဘာဖြစ်လို့လဲ ဘကြီး"

"ဘကြီးနေတဲ့ချောင်းဘေးက တဲတာလေးမှာ နေဝင်ဖျိုးဖျကာတည်းက မိစ္ဆာအော်သံတွေကြားရတာပဲ ခေါင်းစိန်"

ဘကြီးထုံ့စကားကြောင့် ကျုပ်စိတ်ထဲ လန့်သွားမိ

မျှဝေသူ



တယ်။

"ညည်းသံကြီးတွေ ထူးထူးဆန်းဆန်းကြားပြီး ဘကြီးတဲကို ကိုင်လှုပ်နေသလို တသိမ့်သိမ့်တုန်ခါနေတာ။ ဘကြီးလည်း လန့်ပြီး ပရိတ်တွေရွတ်နေမိတယ်။ အတော်ကြီးကြာမှ တဲပေါ် သဲတွေနဲ့ပေါက်လိုက်တဲ့ တဖျောဖျော အသံတွေကြားပြီး ဘကြီး မေတ္တာမပြတ်ပို့နေမိတယ်။ မိစ္ဆာအော်သံကြီးတွေ မကြားရတော့ဘူး။ ဘကြီးလည်း တဲကိုပစ်ပြီး ကိုဘစံမောင်တဲကို သွားအိပ်ခဲ့ရတယ်။ ကိုဘမောင်ကို ဘကြီးအဖြစ်အပျက်ပြောတော့"

"ငတုံး . . . မင်းရခဲ့တဲ့ပစ္စည်းက မိစ္ဆာပစ္စည်းကွ။ မသန့်ဘူး ပြန်ထားလို့ပြောတယ်၊ ဘကြီးလည်း လန့်သွားမိတယ်။ ခက်နေတာက အဲဒီကျောက်တာလေးကို ပြန်ထားဖို့ ကြောက်နေမိတယ်ကွ။ အဲ . . . အဲဒါ အိပ်ပျော်သွားတော့ ပိန်းမတစ်ယောက်ကိုတွေ့တယ်။ ရှိုက်ငိုပြီး ကျောက်ကိုပြန်တောင်းတာ ဘကြီးလည်း အိပ်ရာက လန့်နိုးပြီး ကြောက်သွားမိတယ်။ ဘကြီးလည်း မပေးဘူးဆိုပြီး အိပ်မက်ကို မယုံ

မျှဝေသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်၊ ယုံတစ်ဝက်နဲ့ အဲဒီကျောက်ကလေးကို အဲဒီဂလိုင်ကွေ့မှာ ပြန်ချထားခဲ့တယ်"

ဘကြီးထုံကပြောရင်း စကားပြတ်ပြီး ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေတယ်။ ကျုပ် ဘကြီးထုံကိုကြည့်ပြီး အထူးအဆန်းဖြစ်နေမိတယ်။

"အဲ . . . နောက်ည ဆက်ပြီး ဘကြီးကို အိပ်မက်ဆက်ပေးတယ်။ ဘကြီးက ကတိတည်လို့ နောက်နေ့ တစ်ယောက်တည်းလာပါဆိုလို့ ဘကြီးလည်း သွားတော့ . . . ဟောဒီ ကျောက်နီလေးနဲ့ ရွှေစတွေရခဲ့တာပဲ။ ဘကြီးလည်း ရွှေစတွေရောင်းပြီး မကျွတ်မလွတ်တဲ့ အဲဒီမိန်းမကိုမှန်းပြီး အမျှအတန်းဝေခဲ့တာပဲ သောင်းစိန်"

ဘကြီးထုံက မဆယ်ဂလိုင်ကွေ့က ထူးထူးခြားခြား ရခဲ့တဲ့ ကျောက်နီလေးအဖြစ်ကိုပြောပြလို့ ကျုပ် ပြေူးအဖြစ်ကို အတော့်ကို စိတ်ဝင်စားသွားမိတယ်။

"ဘကြီးပြောတဲ့အတိုင်းဆို ပြေူး ဘဝဟောင်းက သူထားခဲ့တဲ့ ရွှေထည်တွေနဲ့အတူ အဲဒီမဆယ်ဂလိုင်ကွေ့မှာ





မိန်းမတစ်ယောက်နဲ့တွေ့တယ်ဆိုတာ ဖြစ်နိုင်တယ်နဲ့တူတယ်"

"အင်း . . . နာမ်ပိုင်းဆိုင်ရာဆိုတော့ ကံသေကံမ ပြောလို့တော့မရသေးဘူး သောင်းစိန်။ ပြေူးအခြေအနေကိုကြည့်ပြီးမှ ဆုံးဖြတ်ရမှာပဲ။ ဘာပဲဖြစ်ဖြစ် ပြေူးကို ဂရုစိုက်ပါ သောင်းစိန်ရာ။ သူ့မိဘတွေရှိတာတောင် မင်းကို အစ်ကိုလို လွှတ်ခင်နေတာက ထူးခြားနေတာကွ"

ကျုပ်လည်း အဘထုံနဲ့ စကားကောင်းနေမိတယ်။ ကျုပ်တဲပြန်တော့ အတော်ကြီးမှောင်နေပြီ။ ကျုပ်လည်း လိုရမည်ရ ဘကြီးထုံဆီက လုံ့ကိုယူပြီး လက်နှိပ်ဓာတ်မီးနဲ့ ပြန်လာမိတယ်။ ကျုပ်ပြန်တော့ တစ်ကွင်းလုံး ညအမှောင်ဖုံးနေလို့ ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။ ခက်နေတာက ဘကြီးထုံတဲနဲ့ ကျုပ်နေတဲ့ မျောင်းဘမ်းမဘေးကပဲက လယ်တစ်ကွင်းကျော်ကျော်ခြားတာ။ လမ်းမှာ ချောင်းလက်တက်တွေက သုံး၊ လေးခုရှိတာ။ ကျုပ်လည်း လက်နှိပ်ဓာတ်မီးအလင်းရောင်ကိုအားကိုးပြီး ပြန်လာရင်း လမ်းတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com

ချောင်းလက်တက်အရောက်မှာ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အသံတွေ။

"ဗွမ်း . . . ဗွမ်း"

လှမ်းနေတဲ့ ကျူပ်ခြေလှမ်းတွေတောင် အလိုလိုရပ်သွားမိပြီး ကျူပ်လန့်သွားမိတယ်။ ထူးထူးခြားခြား ချောင်းလက်တက်ဆီက ကြားလိုက်ရတဲ့အသံ။ ကျူပ်တွေးမိတာက ငါးရှာတဲ့ ဒေါင်းချောင်းက ငထွန်းတို့ အောက်မေ့ပြီး ကျူပ်လက်ထဲက လက်နှိပ်ဓာတ်မီးနဲ့ လှမ်းထိုးကြည့်တော့၊ ချောင်းလက်တက်ထဲမှာ ဘာမှမတွေ့ရဘူး။ ဒါပေမယ့် ဗွမ်းဗွမ်းဆိုတဲ့ ငါးပက်သံက ဆက်တိုက်ကြားနေရတာ။ ကျူပ်လက်ထဲက အသင့်ပါလာတဲ့လှံကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး အသံကြားနေတဲ့ ချောင်းလက်တက်ဆီကို လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး လာမိတယ်။

ကျူပ် ချောင်းဘေးလည်းရောက်ရော တွေ့လိုက်ရတဲ့မြင်ကွင်းက မယုံနိုင်စရာ။ ကြည့်လေ။ ချောင်းထဲမှာ ကုန်းကုန်းကြီးနဲ့ ကျူပ်ကိုကျောပေးပြီး ငါးပက်နေတဲ့ လူတစ်





ယောက်။ ကျူပ် ချောင်းထဲမှာ ကုန်းကုန်းကြီးငါးပက်နေတဲ့ လူကိုတွေ့လိုက်ရလို့ ဟာခနဲအသံထွက်သွားမိတယ်။ ဒါနဲ့ ကျူပ်လည်း အဖော်ရပြီဆိုပြီး အသံပြုလိုက်မိတယ်။

"ငါး ရလားဗျို့"

"အင်း"

ကျူပ်မေးသံနဲ့အတူ အဲဒီကုန်းကုန်းကြီးနဲ့ ငါးပက်နေတဲ့လူက အင်းဆိုပြီး ငါးပတ်ကြီးနှစ်ကောင်ကို မြှောက်ပြတယ်။ ကျူပ်တောင် အံ့သြသွားမိ။ ဘယ်နှယ့်ဗျာ ချောင်းလက်တက်ဆိုတာ ငါးနေဖို့ခက်သားလား။ ကျူပ်လည်း ငါးရှာဖားရှာတဲ့သူ။ ဒါပေမယ့် အဲဒီလူပြတဲ့ ငါးပတ်ကြီးနှစ်ကောင်က အတော့်ကို အချိန်စီးတာ။ ကျူပ်တောင် မယုံနိုင်မှောင်ဖြစ်သွားမိတယ်။

"ကျူပ်ကို ငါးပတ်တစ်ကောင်ပေးဗျာ"

"အင့် . . . ဗွမ်း"

ကျူပ် ငါးပတ်ကြီးနှစ်ကောင်တွေ့လို့ ဂရုတောင်မထားမိဘူး။ အဲဒီ ငါးဖမ်းနေတဲ့လူကို တောင်းလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ လူက အင့် ဗွမ်း ဆိုတဲ့အသံနဲ့အတူ ကျုပ်ရှေ့ဆီကျလာတဲ့အရာ။ ကျုပ် လက်နှိပ်ဓာတ်မီးနဲ့ ကပျာကသီထိုးပြီး ကြည့်ရင်း ကျုပ် ကြက်သေသေသွားမိတယ်။ ကြည့်လေရော။ ကျုပ်ရှေ့မှာတွေ့လိုက်ရတဲ့ လောက်တွေတဖွားဖွားနဲ့ ခွေးသေကောင်ပုပ်တစ်ကောင်။ ပုပ်စော်ကလည်း နံလိုက်တာ။ ကျုပ်ဘာမှ မစဉ်းစားနိုင်ဘူး။ အဲဒီချောင်းလက်တက်ကနေ အားသွန်ပြေးမိရင်း ကျုပ် ချောင်းဖျားကတဲကို ဘယ်လိုရောက်လာမှန်းတောင် မသိဘူး။ ကျုပ်သတိရလို့ကြည့်လိုက်တော့ ကျုပ်ကို စိုးရိမ်တကြီးကြည့်နေတဲ့ ငပြူးနဲ့ ကျုပ်မိန်းမ မြရီ။

"အစ်ကို . . . အစ်ကို ဘယ်လိုဖြစ်လာတာလဲ။ ပြောစမ်းပါဦး"

"ငါ့ကို သရဲ . . . သရဲခြောက်လွှတ်လို့ ငပြူး"

"အစ်ကို့ကို သရဲခြောက်လွှတ်တယ် ဟုတ်လား"

ဘယ်နေရာက ခြောက်လွှတ်တာလဲအစ်ကို"

"ဟို . . . ချောင်းလက်တက်က"

ကျုပ် ဒါပဲပြောနိုင်တယ်။ ကျုပ်တစ်ကိုယ်လုံး ရွှဲ



တွေအလူးလူးဖြစ်ရုံမကဘူး၊ ချွေးတွေရွှဲနစ်နေတဲ့အဖြစ်။ ကျုပ်မိန်းမ မြရီက ကျုပ်ကိုကြည့်ပြီး ဘုရားစင်ပေါ်က ရေမန်းဘူးကိုယူပြီး ရေမန်းရေတိုက်မှ ကျုပ် အကြောက်ပြေသလိုဖြစ်သွားမိတယ်။ ဒါပေမယ့် ကျုပ်မျက်စိထဲမှ မထွက်နိုင်တာက ချောင်းထဲမှာ ကုန်းကုန်းကြီးငါးပက်နေတဲ့လူ။

"အဲဒီချောင်းလက်တက်ကို ကျုပ်လည်း ခဏခဏရောက်ခဲ့တာပဲ အစ်ကိုရာ။ တစ်ခါမှ သရဲခြောက်မခံခဲ့ရဘူး။ အစ်ကို့ကို သရဲခြောက်လွှတ်တာ ထူးတယ်"

"ဘာဖြစ်လို့လဲ ငပြူး"

"အစ်ကိုကလည်း အဲဒီချောင်းလက်တက်မှာ ကျုပ်နဲ့ ငါးအမြဲရှာနေကြဖြစ်တဲ့ ကိုငပိန်များ ဖြစ်နေမလား မသိဘူး။ ကိုငပိန်က အမြဲတမ်း ငါးရှာနေကြဆိုတော့ သူများတွေငါးရှာမှာစိုးပြီး အစ်ကို့ကို သရဲဆိုပြီး ခြောက်လှန့်လွှတ်တာပဲဖြစ်မယ်"

ငပြူးစကားကြောင့် ကျုပ်အဖြစ်ကို ကျုပ်တွေးမိပြီး ဇဝေဇဝါဖြစ်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ပြေူး။ အဲဒီလူ ငါးပက်နေတုန်း ငါးပတ်ကြီးနှစ်ကောင်ရလို့ အစ်ကိုတောင်းတော့၊ အဲဒီလူက အစ်ကို့ကို ငါးပတ်ကြီးတစ်ကောင် ပစ်ပေးတာကွ။ အစ်ကို ကြည့်လိုက်တော့ မွေးသေကောင်ပုပ်ကြီးဖြစ်နေတာ။ ပုပ်စော်ကလည်း နံလိုက်တာပဲဟောင်နေတာပဲ။ အဲဒါနဲ့ အစ်ကိုလည်း ကြောက်ပြီး ပြေးလာခဲ့တာပဲ"

ကျုပ်စကားကြားတော့ ကျုပ်မိန်းမ မြရီ မျက်လုံးလေးပြူးကျယ်သွားပြီး ဂနာမငြိမ်ဖြစ်နေတယ်။ ပြေူးကလည်း ကျုပ်အဖြစ်ကို စဉ်းစားနေဟန်တူဘယ်။

"ဒါဆို . . . နောက်ည ကျုပ် အဲဒီချောင်းလက်ဘက်ကို သွားမယ် အစ်ကို"

"မသွားနဲ့ ပြေူး။ မင်းမသွားနဲ့"

"ဘာဖြစ်လို့လဲ အစ်ကိုရာ"

"အဲဒီချောင်းလက်ဘက်မှာ ဟိုတုန်းက ထင်းလှေတစ်စီး ဒီရိုက်ပြီး မှောက်ခဲ့ဖူးတယ်ကွ။ အဲဒါ မကျွတ်မလွတ်တဲ့သူတွေရှိနေလို့ ခြောက်လှန့်တာပဲဖြစ်မယ်"



ကျုပ် ပြေူးကို ပြောလို့သာ ပြောရတာ။ ကျုပ် ငါးရှာဖားရှာလာတာ ကြာပြီ။ ဒီလို သရဲ တစ်ခါမှ အခြောက်မခံရတာ အမှန်။ ဒါနဲ့ ကျုပ်လည်း ဘကြီးထုံစကားကို အမှတ်ရပြီး ဘုရားစာတွေ ရွတ်နေမိတယ်။

ပြေူးကတော့ ကျုပ်အဖြစ်ကိုသိပြီး မကျေမနပ်တဲ့မျက်နှာ ဖြစ်နေတယ်။ ကျုပ်ကလည်း ကျုပ်ပဲ။ တိုက်တိုက်ဆိုင်ဆိုင် သရဲအခြောက်ခံရတဲ့အဖြစ်။ ကျုပ်အဖြစ်ကို ကျုပ်တွေးမိပြီး အံ့သြနေမိတယ်။

"ကဲ . . . ပြေူးနဲ့ မြရီ အိပ်တော့။ အစ်ကို ဘာမှမဖြစ်တော့ဘူး"

ကျုပ် ပြေူးနဲ့ မြရီကိုပြောပြီး ဘုရားရှိခိုး သတ္တဝါဝေနေယျကို မေတ္တာပို့နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို . . . အစ်ကို ထစမ်းပါဦး။ ပြေး ခုထိ ပြန်မလာသေးဘူး"

ကျုပ် ဘယ်အထိ အိပ်ပျော်နေမှန်းမသိဘူး။ ကျုပ် မိန်းမ မြရီရဲ့ ထိတ်ထိတ်ပျာပျာနိူးရင်း ပြောလိုက်တဲ့စကား ကြောင့် ကျုပ် ပြေးအတွက် စိုးရိမ်သွားမိတယ်။ ကျုပ် မစိုးရိမ်လို့ မဖြစ်ဘူး။ ကျုပ်ကို ချောင်းလက်တက်က သရဲ ခြောက်ခံရပြီးကတည်းက ပြေးအခြေအနေက တစ်မျိုး ထူးခြားနေတာ ကျုပ်အသိ။

ကြည့်လေ။ ပြေး နေ့စဉ် ကွန်တစ်လက်နဲ့ ရလာ တဲ့ငါးတွေက ဆန်းသယ်၊ စပါးသယ်။ ကြာတော့ တစ်ရွာလုံး





က ပြေးကို တစ်ပွဲစားလိုလို ပြောလာတဲ့စကားသံ။ ကျုပ် တောင် အစက မယုံခဲ့ဘူး။ ကျုပ် ပြေးနဲ့ လိုက်ခဲ့တဲ့ညက ချောင်းဖျားမှာ ကွန်တိုးခဲ့တဲ့ ငါးကြီးတွေက ကျုပ်လက်တွေ့ ပျက်တွေ့မဟုတ်လား။ ပြီးတော့ အသည်းတုန်အူတုန်စရာ ပိကျောင်းနဲ့တောင် ကြုံခဲ့ရသေးတာ။

"ပြေး ဘယ်သွားလို့လဲမြရီ"

"ညနေက ငါးထောင်သွားမယ်ဆိုပြီး ပလိုင်းလွယ် ထွက်သွားတာပဲ အစ်ကို။ ခုအချိန်အထိ ပြန်မလာသေးဘူး"

ကျုပ် မြရီစကားသံနဲ့အတူ မျက်စိထဲမှာ အလိုလို ပြေးမြင်ယောင်မိတာက ဒေါင့်ချောင်း ချောင်းလက်တက်။ ကျုပ် ကမန်းကတန်း ပုဆိုးတိုတိုဝတ်ပြီး ထရံမှာထိုးထားတဲ့ ဓားကိုယူပြီး ကျုပ် အပြေးထွက်လာမိတယ်။ ကျုပ် အပြေး ပထွက်လို့ မဖြစ်ဘူး။ ကျုပ်ပြောလို့သာ ပြောရတာ။ တစ် ပိသားချင်းခြားပြီးမွေးလာတဲ့ ပြေး။ ကျုပ်နဲ့ပြေးက ဘယ် ဘဝက ရေစက်ပါခဲ့သလဲမသိဘူး။ ကျုပ် ပြေးအပေါ် သံယောဇဉ်ကြီးခဲ့တာ တစ်ရွာလုံးအသိ။ ပြေးလည်း ဘာထူး



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ ကျူ-ဆို မျက်စိအောက်က အပျောက်မခံတဲ့သူ၊

ဒြာတော့ ကျုပ်မိန်းမ မြရီတောင် ကျုပ်နဲ့ပြေး အုံ့စ်ကို ကြည့်ကြည့်ပြီး မနာလိုစကားတောင် ထွက်လာ တား ြချည့်လေ။

"အစ်ကိုနဲ့ပြေး တစ်သက်လုံး မခွဲဘဲနေတော့ ကျွန်ပ ရှာပဲပြန်နေတော့မယ်။ အဲဒီအထိ ကျုပ်မိန်းမ မြရီ ပြောယူရတာ။ ကျုပ်နဲ့ ပြေးကလည်း မြရီပြောလည်း ပြော စရာ။ ကျုပ် လယ်ကွင်းထဲမှာ ဘယ်အထိ အားသွန်ပြေးနေမိ တယ် မသိဘူး။ ကျုပ် ချောင်းလက်တက်ရောက်တော့ ငါး ထောင်တဲ့ကိုင်းတန် သုံး၊ လေးချောင်းနဲ့ ပြေးလွယ်နေကျ ပလိုင်းပဲတွေ့လိုက်ရတယ်။

ကျုပ် ချောင်းထဲကကိုင်းတန်နဲ့ ပလိုင်းကိုကြည့်ပြီး ပြေးအတွက် စိုးရိမ်သွားမိတယ်။ ဒါနဲ့ ကျုပ် ချောင်းဘေးနဲ့ သိပ်မလှမ်းတဲ့ ကိုထူး တဲကုန်းပျက်ဆီကို အကြည့်ရောက် သွားမိတယ်။ ကိုထူး တဲကုန်းပျက်ဆိုပေမယ့် ကိုထူး မနေတာ ကြာပြီ။ ကိုထူးက ရွာမှာတက်နေတာ။ ကွင်းထဲက တဲကုန်းမှာ





စာရင်းငှား ကိုကံထူးတို့လင်မယားပဲနေတာ။ ခု ... စာရင် ငှား ကိုကံထူးတို့လင်မယား အဲဒီတဲကုန်းပျက်မှာနေတာ၊ ဘာဖြစ် တယ် မသိဘူး။ ရုတ်တရက်ပြောင်းသွားလို့ ကိုထူး တဲကုန်း ပျက်မှာ တဲသာရှိပြီး ဘယ်သူမှ မရှိတာ။

ကျုပ်တွေးမိပြီး ကိုထူး တဲကုန်းပျက်ဆီ အပြေးလာ မိတယ်။ ကျုပ် ကိုထူး တဲကုန်းပျက်လည်းရောက်ရော ရုတ် တရက်ကြားလိုက်ရတဲ့ ညည်းသံကြီး။ ကျုပ်တောင် ရင်ထိတ် သွားမိတယ်။ ဒါနဲ့ ကျုပ်လည်း တဲပျက်ထဲ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ကျုပ်မျက်လုံးတွေ ပြာမတတ်ဖြစ်သွား မိတယ်၊ ကြည့်လေ။ ဆန့်ဆန့်ကြီးလဲပြီး လက်ထဲကဓားမှာ သွေးအလူးလူးနဲ့ ပြေးအဖြစ်။

"ပြေး ... ပြေး"

"အင်း"

ကျုပ် ပြေးကိုပွေ့ချီရင်း ခေါ်လိုက်ပေမယ့် ပြေးရဲ့ အင်းသံပဲပေါ်လာတယ်။ ဒါနဲ့ ကျုပ်လည်း မသင်္ကာလို့ တဲ ပျက်ထဲအနှံ့ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်မိရင်း ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ထစရာတွေ့လိုက်ရတဲ့ အဖြစ်။ ကြည့်လေ၊ အပိုင်းပိုင်း၊ အတစ်တစ်ဖြစ်နေတဲ့ မြွေခေါင်းပြတ်ကြီး။

"ပြေူး . . . ပြေူး"

"အင်း . . . ဟိုမှာ . . . ဟိုမှာ လာနေပြီ"

ပြေူးရဲ့ ကြောက်လန့်တကြီး ထွက်လာတဲ့စကားကြောင့် ကျုပ်လက်ထဲက ဓားကို ကျုပ် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတယ်။ တဲက လူမနေလို့လား မသိဘူး ပျက်စီးနေတာ။ ကျုပ် ပြေူးအဖြစ်ကိုကြည့်ပြီး စိုးရိမ်သွားမိတယ်။ ဒါနဲ့ ကျုပ်လည်း ပြေူးကိုထမ်းပြီး တဲဆီပြန်လာမိတယ်။ ကျုပ်နဲ့ ပြေူးအဖြစ်ကို တွေ့လိုက်ရလို့ ကျုပ်မိန်းမ မြရီ ကြောက်နေရှာတယ်။ ကျုပ်လည်း တဲပေါ်မှာ ပြေူးကိုချပြီး ပြုစုနေမိတယ်။ အတန်ကြာမှ ပြေူး သတိရလာပြီး ကျုပ်နဲ့မြရီကို ကြည့်ပြီး အံ့အားသင့်နေတယ်။

"ပြေူး . . . ပြေူး သတိထားလေ"

ကျုပ် အတန်တန်သတိပေးပြီး ဆေးတိုက်မှ ပြေူး ငြိမ်သွားတယ်။ ပြီး ကျုပ်ကိုကြည့်ပြီး . . .



"ကျုပ် . . . ကျုပ် ဘာမှမဖြစ်ဘူးနော်"

"မင်း ဘာမှမဖြစ်ပါဘူး ပြေူးရာ။ မင်းကို ကိုထူး တဲကုန်းပျက်မှာ သတိမေ့ပြီးလဲနေလို့ အစ်ကို ပြန်ခေါ်လာခဲ့တာ"

"ဗျာ . . . ကျုပ် . . . ကျုပ် တဲကုန်းပျက်မှာ သတိမေ့နေတာ ဟုတ်လားအစ်ကို"

ပြေူးက သူ့အဖြစ်ကို သူတောင် မယုံနိုင်အောင် ဖြစ်နေပုံရတယ်၊ ကျုပ်ကိုကြည့်ပြီး မေးနေတဲ့စကားသံ။

"ဟုတ်တယ် ပြေူး၊ မင်းပြန်မလာလို့ အစ်ကိုရှာတော့ ချောင်းထဲမှာ မင်းထောင်ထားတဲ့ ကိုင်းတန်းနဲ့ပလိုင်းကို အရင်ဆုံးတွေ့တာကွ"

"ကျုပ် ကိုင်းထောင်ပြီး ငါးတွေအများကြီးရတာ၊ အဲဒါ မနိုင်လို့ ပလိုင်းတောင်မတာဘူး၊ ငါးတွေ ကြီးသိပြီး အဲဒီတဲကုန်းပျက်က တဲမှာသွားထားတာ။ အဲဒီထဲမှာ မီးလှုံနေတဲ့ လူတစ်ယောက်ကိုတွေ့ရသေးတယ်၊"

ပြေူးစကားကြောင့် ကျုပ်တောင် အံ့ဩသွားမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါဆို ကျုပ် တဲပျက်ပေါ်မှာ အပိုင်းပိုင်း၊ အတစ်တစ် တွေ့ရတဲ့ မြွေခေါင်းပြတ်ကြီး။ အဲဒီမြွေခေါင်းပြတ်ကြီးရဲ့ ရှုံ့ရှု တဲ့အကြည့်။ ကျုပ်မျက်စိထဲက မထွက်နိုင်တာ အမှန်ဘဲ။ င ပြုံးရဲ့စကား။

"အစ်ကိုရောက်တော့ ဘာမှမတွေ့ဘူး ငပြုံး၊ ပြီးတော့ မင်း မြွေကြီးကို ဓားနဲ့ခုတ်ခဲ့သေးတယ် မဟုတ်လား"

"ဗျာ . . . မြွေ . . . မြွေကြီး ဟုတ်လား"

"ဟုတ်တယ် ငပြုံး။ မင်း မြွေကြီးကို ဓားနဲ့ခုတ်တာ အပိုင်းပိုင်း၊ အပြတ်ပြတ်ပဲကွ"

ကျုပ် စိုးရိမ်တကြီးမေးသံနဲ့အတူ ငပြုံးမျက်နှာ တအံ့တသြဖြစ်သွားပုံရတယ်။

"မင်းအဖြစ်ကို ပြောစမ်းပါဦး။ ငပြုံးရာ အစ်ကို တော့ မင်းကို တွေ့ရုံတင်မကဘူး မြွေကြီးကိုတွေ့ရလို့ ကြက် သီးထမိတာ အမှန်ပဲကွာ"

"ဒီလို အစ်ကိုရ။ အစ်ကို့ကို ခြောက်လှန့်တဲ့သာရဲ



က ကျုပ် ကိုငပိန်ပဲဖြစ်မယ်ဆိုပြီး မသင်္ကာတာနဲ့ အခြေအနေ သိရအောင် အဲဒီချောင်းမှာ ငါးထောင်သွားခဲ့တာ။ ကျုပ် အဲဒီ ချောင်းထဲရောက်တော့ ငါးပွက်သံတွေ တဝုန်းဝုန်းကြားလို့ ကျုပ်တောင် အံ့သြသွားမိတယ်။ ဒါနဲ့ ကျုပ်လည်း ချောင်း ဘေးမှာ ငါးကိုင်းတန်ထောင်နေတာ။ ရလိုက်တဲ့ငါးတွေက အများကြီးပဲ အစ်ကိုရာ။ ကျုပ်လည်း ကိုင်းတန်ကငါးတွေကို ဖြုတ်လိုက်၊ အစာတပ်လိုက်နဲ့ ကျုပ်ပလိုင်းလည်း ပြည့်ရော မိုးတွေ ရွာလာတာနဲ့ ကျုပ်ချမ်းလာမိတယ်။ အဲဒါနဲ့ ကျုပ် ပါသွားတဲ့ အရက်ကိုသောက်မိနေတာ"

ငပြုံးက စကားပြောရင်း အာခံတွင်းခြောက်သွား လို့ ရေတစ်ခွက်သောက်ပြီး ပြန်စဉ်းစားနေတယ်။ ကျုပ် ငပြုံးစကားကို နားထောင်မိရင်း ဝေခွဲနေမိတယ်။ ကျုပ် မဝေခွဲလို့မဖြစ်ဘူး။ ဒီချောင်းလက်တက်ဆိုတာ ရေထ,ရက် မှ ရေရောက်ပေမယ့် ငါးတွေ ကျက်စားစရာ ရှိမှမရှိဘဲ။ င ပြုံးစကားအရ ငါးကြီးတွေပဲ ကိုင်းတန်ထောင်လို့ရတယ် ဆိုတော့ ကောင်း ငပြုံး ကွင်းခြောက်ခံရတာပဲဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ကျုပ် ပလိုင်းထဲတောင် မကဘူး၊ နောက် ထပ်ရတဲ့ ငါးကြီးတွေကို ကြိုးသီပြီး မနိုင်လို့ ကြည့်လိုက် တော့ တဲကုန်းပျက်ဆီက မီးရောင်တွေ့တာနဲ့ ကျုပ် အရက် ပုလင်းကိုခါးထိုးပြီး သွားမိတယ်"

"အဲဒီတော့ မင်းတွေ့ခဲ့တဲ့ လူကိုတွေ့ရောလား"

ကျုပ် ပြေျးစကားတောင် မစောင့်နိုင်ဘူး၊ ကြား ဖြတ်မေးလိုက်မိတယ်။ ကျုပ်မမေးလို့ မဖြစ်ဘူး။ ပြေျးတွေ့ ခဲ့တဲ့လူက ဓားပြသူခိုးပဲဖြစ်မှာ။ ခုတလော ကျုပ်တို့ရွာဘက် မှာ သူခိုးဓားပြတွေရဲ့ သတင်းကပြန့်နေတာ။ ဟိုတလောကပဲ ဒေါ်ငှိရောင်းကွင်းဘက်ကတဲ့ သူခိုးဖောက်သွားလို့ ကြည် လှိုင်ဆိုတဲ့သူ သမီးအတွက် မစားရက်၊ မသောက်ရက်လုပ် ထားတဲ့ ရွှေထည်လေးတွေပါသွားတာ တစ်ကွင်းလုံးအသိ။

"မတွေ့ဘူး အစ်ကို။ ကျုပ် တဲပျက်ရောက်တော့ မှောင်မည်းနေတာ။ အဲဒါနဲ့ ကျုပ်လည်း မီးအမြန်ဖိုပြီး အရက် နဲ့သောက်ဖို့ အမြည်းလိုတာနဲ့ ငါးတစ်ကောင်ကို မီးကင်းပြီး ထားလိုက်မိတယ်။ အဲဒီအချိန်မှာ ကျုပ်ထောင်ထားတဲ့





ချောင်းထဲမှာ ငါးပွက်သံကြီးတွေ ထပ်ကြားလို့ ကျုပ် ကိုင်း တန်မှာ ငါးဖမ်းပြီးဆိုပြီး ဓားယူပြီးသွားမိတယ်။ ကိုင်းတန်ဆီ ရောက်လို့ မီးအုပ်ဆောင်းနဲ့ကြည့်လိုက်တော့ ငါးတစ်ကောင် မှ မတွေ့ရတော့ဘူး"

"တော"

ကျုပ် ပြေျးစကားကြောင့် အတော်ကို အံ့သြ သွားမိပြန်တယ်။ ဒါဆို ကျုပ်တွေးမိသလို ပြေျး ကွင်း ခြောက်ခံရတာပဲဖြစ်မှာ။

"အဲဒါနဲ့ ကျုပ် ကိုင်းတန်ကို ငါးစာတွေပြန်တပ်ပြီး ကျုပ် တဲပျက်ပြန်ရောက်တော့ ကျုပ် အရက်နဲ့မြည်းဖို့ ကင် ထားတဲ့ငါးကင် မရှိတော့ဘူး အစ်ကို"

ပြေျးက ကျုပ်ကိုပြောရင်း ထိတ်လန့်နေတဲ့ မျက်နှာနဲ့ ဟိုကြည့်ဒီကြည့်နေတဲ့ အကြည့်။

"ဘာကြည့်နေတာလဲ ပြေျး၊ အစ်ကို့ကိုပြော စမ်း"

ကျုပ် ပြေျးကိုကြည့်ပြီး သကာမကင်းဖြစ်မိတာ ပဲ။ ကြည့်လေ၊ ကျုပ်အဖေ ကိုဖိုးထင်လည်း ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါး အပမီပြီး သတိမရတဲ့အဖြစ်တွေ ကျုပ်ကြုံ ဖူးတာ။ ဒီတော့မှ ကျုပ် ဘုရားစင်ပေါ်က ရေမန်းဘူးဖွင့်ပြ ပြေးကို တိုက်လိုက်ရမှ၊ ကျုပ် စိတ်ချလက်ချဖြစ်သွား တယ်။

"ကျုပ်တွေ့ခဲ့ရတဲ့ လူ့ရဲ့မျက်နှာကို ကျုပ်မျက်စိ မှာ ဖျောက်လို့မရဘူး အစ်ကို။ အဲဒီလူကို ကျုပ်တို့ကွင်းဘက် မှာ တစ်ခါမှ မတွေ့ဖူးဘူး"

"မင်း မတွေ့ဖူးဘူးဆို တားပြသူခိုးပဲဖြစ်မယ် ပြေ ဘယ်ရွာကိုသွားပြီး ခိုးဖို့စောင့်နေရင်း မင်းနဲ့ကြုံခဲ့တာပဲဖြ မယ်။ နေစမ်းပါဦး အဲဒီလူ မျက်နှာက ဘာထူးခြားလဲ ပြေ"

"မျက်နှာက ကြောက်စရာကြီးဗျ။ ပြီးတော့ ဝတ် ထားတဲ့ပုဆိုးက အကွက်ကြီး။ ကတုံးပြောင်ပြောင်နဲ့ အသာ ကလည်း မည်းချိပ်နေတာ။ ကျုပ်လည်း အရက်နဲ့မြည်းဖို့ ကင်ထားတဲ့ ငါးကင်ပျောက်လို့လိုက်ရှာတာ ဘယ်မှ မတွေ့ ဘူး။ ပြီးတော့ ကျုပ် အရက်ပုလင်းထဲက အရက်က လျော့ နေတာ။ ဒါနဲ့ ကျုပ်လည်း ဒေါသဖြစ်ပြီး ကော်ဆဲမိတာပဲ"



"ဘာဖြစ်လို့ ဆဲရတာလဲ ပြေးရာ။ ကွင်းထဲ ချောင်း မှာ ကော်ဆဲရင် ကွင်းပိုင်တွေက မကြိုက်ဘူးကွ။ မင်း ကော်တော်ခက်တာပဲ ပြေးရာ"

ကျုပ် ပြေးအစား ကြက်သီးထသွားမိတယ်။ ကြည့် လေ။ ဟိုတလောက ချောင်းဖျားရွာသား ကိုတိုးကြွယ်ကြီး ရက်မူးမူးနဲ့ ကွင်းထဲကသစ်ပင်ကို အပေါ့သွားပြီး ဆဲလို့ ပြွတွေ ကိုက်တာ။ အဲဒါ ဘကြီးထုံတွေ့လို့ အသက် မပျောက်ခဲ့တာ။ ဒါတောင် ကွင်းပိုင်ကို မနည်းတောင်းပန်ပြီး အသက်လုခဲ့ရတာ။

"ကျုပ် . . . ကျုပ် မဆဲဘဲနေပါ့မလား အစ်ကိုရာ။ ကျုပ်အရက်ပုလင်းက လူမရှိဘဲ လျော့နေတာ။ ပြီးတော့ ကျုပ်ကင်ထားတဲ့ ငါးကင်။ ကျုပ်လည်း တဲပျက်အနှံ့လိုက်ရှာ ကြည့်တော့ ဘယ်သူမှ မတွေ့ရဘူး။ အဲဒါနဲ့ ကျုပ် ကော်ဆဲ း အရက်နဲ့မြည်းဖို့ ငါးတစ်ကောင် ထပ်ကင်နေတုန်း အဲဒီ လူကြီးရောက်လာတာ။ ကျုပ်ကို စကားမပြောဘူး။ ကျုပ် လည်း လက်ထဲမှာဓားကိုင်ပြီး အဆင်သင့်နေလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါးရှာဖားရှာနေတာမဟုတ်လား၊ ကွင်းထဲချောင်းထဲမှာ မြေပြာ မှားဆိုမှားရင် ဒုက္ခရောက်မှာမဟုတ်လား။ ပြီးတော့ ဟို တလောကပဲ နှင့်ကို မိကျောင်းဆွဲတာ ကံကောင်းလို့ မသေခဲ့ တာမဟုတ်လား"

"ဟုတ်တယ် . . . ငပြူး၊ အစ်ကိုသွားပြီး မင်း အတွက် တောင်းပန်မှုဖြစ်မယ်။ ပြီးတော့ အစ်ကို့ အဖေကြုံ ခဲ့တဲ့ မိကျောင်းအဖြစ်ကလွဲလို့ တစ်ခါမှ မိကျောင်းရှိတယ် ဆိုတာ မကြားခဲ့၊ မတွေ့ခဲ့ဘူးကွ။ မင်းကျမှ မိကျောင်းနဲ့ကြုံ ခဲ့တာ ထူးထူးဆန်းဆန်းပဲ ငပြူးရာ"





"ဒေါင်းဆိန် ဘယ်လဲ၊ လက်ထဲမှာလည်း အရက် ပုလင်းတွေနဲ့ပါလား"

ကျုပ် ပြေးကြိုခဲ့ရတဲ့ ကိုထူးတဲကုန်းပျက်ဆီကို သွားပြီး ကွင်းပိုင်ကိုတောင်းပန်ဖို့အသွား၊ လှမ်းမေးလိုက်တဲ့ ဘကြီးရင်မောင် စကားသံ။

"ကိုထူးတဲကုန်းပျက်ကို သွားမလို့ ဘကြီးရင် မောင်"

"ဟော"

ကျုပ်စကားသံလည်းကြားရော ဘကြီးရင်မောင်ရဲ့ ကအံ့တသြကြီးထွက်လာတဲ့ အာမေဍိတ်သံကြောင့် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ရင်ထိတ်သွားမိတယ်။

"ဒါဆို ခဏထိုင်စမ်းပါဦး သောင်းစိန်ရာ"

ကျုပ်လည်း ဘကြီးရင်မောင်ရဲ့ ပျာပျာသလဲခေါ်သံကြောင့် ကျုပ် တဲပေါ်ဝင်ထိုင်လိုက်မိတယ်။ ဘကြီးရင်မောင်က ကျုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အထူးအဆန်းဖြစ်နေပုံရတယ်။

"ဘာကိစ္စလဲဆိုတာ ဘကြီးကိုလည်း ပြောစမ်းပါဦး သောင်းစိန်ရာ။ မင်းက ဘာကြောင့် အဲဒီ ကိုထူးတဲကုန်းပျက်ကိုသွားရမှာလဲ"

ဘကြီးရင်မောင်က ကျုပ်တို့ ချောင်းဝရွာသားဆိုပေမယ့် ကွင်းထဲမှာ တဲထောက်ပြီးနေတာ။ ကျုပ်အဖြစ်ကိုတွေ့ပြီး မေးနေလို့ ကျုပ်မနေသာဘူး။ တစ်ညဉ့ ငပြူးကြုံခဲ့ရတဲ့အဖြစ်ကို ကျုပ်ပြောပြလိုက်တော့ ဘကြီးရင်မောင်အံ့သြနေတယ်။

"မိုက်လိုက်တဲ့ ငပြူးကွာ။ တကယ်ဆို မေးမေးမြန်းမြန်းလုပ်ပါဦးလား။ မင်းပြောတဲ့အတိုင်းဆို ငပြူး မသေ





တာ အဝေဘ့်ကို ကံကြီးပေတယ်လို့ ပြောရမှာပဲ"

"အဲဒီကိုထူးတဲကုန်းပျက်က ဘာဖြစ်လို့လဲ ဘကြီး"

"ဟာကောင်ရ . . . ဘာဖြစ်ရမှာလဲ။ အဲဒီကိုထူးတဲကုန်းပျက်မှာ ဘယ်စာရင်းငှားမှ မနေနိုင်ဘူးဆိုတာ မင်းလည်းသိမှာပါ သောင်းစိန်ရာ"

ဘကြီးရင်မောင်ပြောမှ ကျုပ်လည်း သတိရသွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်မှတ်မိစအရွယ်ကတည်းက ကိုထူးတဲကုန်းမှာ ဘယ်စာရင်းငှားထားထား၊ မနေရဲဘဲ ပြောင်းပြောင်းကုန်ကြတာ။ ဘာကြောင့်ပြောင်းတယ်ဆိုတာ ကျုပ်လည်း မသိဘူး။ နွားကျောင်းသားတွေ အဲဒီကိုထူးတဲကုန်းက ကုက္ကိုပင်ကြီးမှ ငှက်ပစ်ပြီးပေမယ့် ငှက်ဘယ်လိုရှာရှာ မတွေ့ရတာဘဲသိတာ။

"ဒါဆို . . . ကိုထူးတဲကုန်းပျက်က ဘာဖြစ်လို့လဲ ဘကြီး။ ကျုပ်ကို ပြောစမ်းပါဦး။ ကျုပ် ငပြူးအတွက် စိုးရိမ်မိလို့ပါ"

"အင်း . . . မင်းမလဲ အဲဒီငပြူးသံယောဇဉ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခက်နေပါလား သောင်းစိန်ရာ။ အခင်းလေ . . . မင်းနဲ့ပြူးက ဟိုး၁ဝက ဘယ်လိုရေစက်တွေထားခဲ့မှန်းမှ မသိဘဲ။

ဘကြီးရင်မောင်က ကျုပ်နဲ့ပြူးအဖြစ်ကို သိပြီး အထူးအဆန်းဖြစ်နေတယ်။ ကြည့်လေ။ ကျုပ် ပြူးအတွက်ဆို ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိဘူး။ ဘကြီးရင်မောင်ပြောသလို ကျုပ်နဲ့ပြူးက ဘဝရေစက်ပါခဲ့တာ အမှန်။

"ဒီလို သောင်းစိန်ရ။ ဘကြီးရဲ့အဖိုး ဦးချမ်းသာပြောတာက ဟိုတုန်းက ဒီကွင်းက လယ်မရှိသေးတဲ့ သစ်တောကြီးတဲ့ကွ။ ဒီသစ်တောကြီးမှာလည်း ခုချောင်းဆွယ်ဖြစ်နေတဲ့ ချောင်းမကြီးက လှေတွေ၊ သင်္ဘောတွေ ဝင်နိုင်ထွက်နိုင်တယ်လို့ ပြောတယ်။ အဲဒီအချိန်မှာ ဒီသစ်တောကြီးထဲမှာ ကိုထူးမောင်တို့လင်မယား ရောက်လာပြီး လယ်စတည်ခဲ့တာပဲ။ လယ်စတည်ပြီး ရေကန်တူးတော့ အဲဒီရေကန်တူးတဲ့နေရာမှာ လူ့အရိုးတွေကို ထူးထူးခြားခြား တွေ့ရတယ်လို့ ပြောတယ်"

ရွှေဥဒေါင်း



ဘကြီးရင်မောင်စကားကြောင့် ကျုပ် အံ့ဩသွားမိတယ်။ ကျုပ်အံ့ဩစိတ်နဲ့အတူ လှမ်းမြင်နေရတဲ့ ကိုထူးတဲကုန်းပျက်ဆီကို အလိုလိုကြည့်မိလျက်သား ဖြစ်နေတယ်။ ကြည့်လေ။ ကျုပ်မျက်စိနဲ့တွေ့နေရတဲ့ ကိုထူးတဲကုန်းပျက်။ အဲဒီတဲကုန်းပျက်မှာ ပြူး ကြုံခဲ့ရတဲ့အဖြစ်က ကျောချမ်းစရာ။

"အဲဒါနဲ့ ကိုထူးမောင်တို့လင်မယား ရေကန်တူးပြီး သိပ်မကြာဘူး၊ ကိုထူးမောင်တို့ အိမ်ကြီးထဆောက်ပြီး အဲဒီနားမှာ လယ်တွေတည်ခဲ့တာ။ အဘိုးဦးချမ်းသာ အပြောက ကိုထူးမောင်တို့ ရေကန်တူးရင်း ငွေတွေ၊ ငွေတွေရလို့ ချမ်းသာသွားကြတာလို့ ပြောတယ်။ ဒါပေမယ့် သောင်းစိန်ရာ"

ဘကြီးရင်မောင်က ကျုပ်ကိုပြောရင်း စကားပြတ်သွားတယ်။ အတန်ကြာမှ ကျုပ်ကိုကြည့်ပြီး . . .

"သူတို့ မိသားစုအားလုံး ကံဆိုးပါတယ်ကွယ်။ ဓားပြတွေဝင်တိုက်ပြီး အိမ်ကြီးကို မီးရှို့ခဲ့လို့ အဓိကသေဆိုးနဲ့ သေခဲ့ကြရတယ်။ အဲဒီကစပြီး အဲဒီတဲကုန်းပျက်က အခြောက်

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com

အလုပ်တွေရှိလို့ မိစ္ဆာကုန်းဆိုပြီး ဘယ်သူမှ မသွားခဲ့ကြတာ"

"ဒါ . . . ဒါဆို ကိုထွေးကရော မကြောက်ဘူးလား ဘကြီး"

"ကိုထွေးက အဲဒီလယ်တွေဝယ်ပြီး အလှူအတန်း ပေးပြီး အမျှဝေလို့ အဲဒီမိစ္ဆာကုန်းက နာနာဘာဝတွေ အခြောက်အလှန့် နည်းခဲ့တာလို့ပြောတယ်။ ဒါပေမယ့် တရင်းငှားမောင်ဝိုက် အပြောကတော့ ညဘက်တွေဆို အဲဒီ တဲကုန်းပျက်က ရေကန်မှာ စကားပြောသံ၊ ညည်းသံတွေ ကြားပြီး အပုပ်နံ့တွေနံ့လွန်းလို့ အိပ်မရဘူးတဲ့ကွ၊ ပြီးတော့ ကလေးတွေဆို ညည ထထငိုနေတာ"

"ဒီအတိုင်းဆို ငပြူးတွေ့ခဲ့တာ မကျွတ်မလွတ် သေးတဲ့ သရဲပဲဖြစ်မယ် ဘကြီး"

"ဘာ . . . သောင်းစိန်၊ ငပြူးက အဲဒီမှာ သရဲတွေ့ ခဲ့သေးတယ် ဟုတ်လား"

"ဟုတ်တယ် . . . ဘကြီးရင်မောင်၊ မျက်နှာက ကြောက်စရာကြီးတဲ့။ အသားမည်းမည်းနဲ့ ပုဆိုးတွက်ဘုံးကြီး

ဤမျှသာ



ဝတ်ထားတာ။ အဲဒါကို ငပြူးက လူပဲထင်နေတာ။ ပြီးတော့ ပျောက်သွားတယ်လို့ ပြောတယ်"

"ဟုတ်ပြီ . . . သောင်းစိန် . . . ဟုတ်ပြီ။ အသာထင် ထားတာနဲ့ မလွဲဘူးကွ"

ဘကြီးရင်မောင်စကားသံကြောင့် ကျုပ်တောင် ဘာစကားဆက်ရမှန်း မသိဘူး။ ရင်အလိုလို ထိတ်သွားမိ တယ်။ ပြီး ငပြူးအတွက် ပိုပြီးစိုးရိမ်သွားမိတယ်။

"ဘာ . . . မလွဲတာလဲ ဘကြီး၊ ပြောစမ်းပါဦး"

"ဒီလို သောင်းစိန်ရ . . . မင်းငပြူးက အရက် သောက်ပြီး မူးမူးနဲ့ ဆဲခဲ့တာ မဟုတ်လား။ အဲဒါ ကွင်းပိုင်က မကြိုက်လို့ မြှူပြတာကွ။ ငပြူးကို အရိပ်အယောင်ပြတဲ့ သူက ကိုထူးမောင်တို့အိမ်ကြီး ဓားပြတိုက်ခံရပြီး မီးလောင် ပျက်ကုန်းကြီးဖြစ်နေတာ။ အဲဒီအချိန်မှာ လူတစ်ယောက် ရောက်လာပြီး အဲဒီတဲကုန်းပျက်မှာလာနေတာ။ ကွင်းထဲက နီးစပ်တဲ့လူတွေက အဲဒီလူ မိစ္ဆာကုန်းမှာနေဝံ့တာ အံ့ဩနေ ကြတယ်"

ဤမျှသာ

www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးပြောသလိုဆို အဲဒီလူဟာ ထူးထူးဆန်းဆန်းပါလား"

"ဟုတ်တယ် . . . သောင်းစိန်။ အဲဒီလူက တဲတုန်းပျက်မှာနေတာ။ အဘရဲ့အဘိုးက ငယ်ငယ်ဆိုတော့ တစ်နေ့ငှက်ပစ်ရင်း အဲဒီတဲတုန်းပျက်ရောက်သွားတယ်။ အဲဒီလူက အဘိုးကိုခေါ်ပြီး နောင် ဒီတဲတုန်းပျက်ကို မလာဖို့ပြောပြီး ငွေဒင်္ဂါးတွေပေးလိုက်တယ်"

"ငွေဒင်္ဂါးဟုတ်လား ဘကြီးရင်မောင်"

ဘကြီးရင်မောင်စကားကြောင့် ကျုပ်ကို ပြေးပြောတဲ့ မဆလယ်ဂလိုင်ကျွဲထဲက ရွှေထည်ရှိတယ်ဆိုတဲ့ စကား။ ကျုပ် ယုံရခက်၊ မယုံရခက်ဖြစ်သွားမိတယ်။

"အဲဒီငွေဒင်္ဂါးတွေက အစစ်လား ဘကြီး"

"အစစ်ပေါ့ သောင်းစိန်ရာ။ ငွေအ မဟုတ်ဘူးကွ။ တီးခတ်လိုက်ရင် တချွင်ချွင်နဲ့အသံကြည်နေတာ၊ အဘိုး ထူးထူးဆန်းဆန်းရလို့ နားလည်တဲ့သူပြကြည့်တော့ ငွေဒင်္ဂါး အစစ်တွေ။ အဘိုးအဖြစ်ကိုသိပြီး ဦးချက်ကြီးဆိုတဲ့သူ အဲဒီ





တဲကုန်းပျက်မှာနေတဲ့လူဆီမှာ ငွေဒင်္ဂါးတွေ အများကြီးရှိမယ်ဆိုပြီး တစ်ညသွားတာ၊ ဦးချက်ကြီး ပြန်မလာလို့ သွားရှာတော့ ရေကန်ထဲမှာ သေနေတာ"

"ဘကြီးအဘိုးကို ငွေဒင်္ဂါးတွေပေးတဲ့သူက ဘယ်ရောက်သွားလဲ"

"ဦးချက်ကြီး သေမယ့်ညမှာ ရွာနီးချုပ်စပ်နဲ့ ကွင်းထဲကလူတွေကြားတာက အဲဒီတဲတုန်းပျက်မှာ ငှက်ဆိုးထိုးသံတွေကြားပြီး၊ ခွေးအဖွေ ထူးထူးခြားခြား အူသံကြားရတာတဲ့။ မနက်လင်းလို့ အဲဒီတဲကုန်းပျက်သွားကြည့်တော့ ဦးချက်ကြီးအလောင်းကို တွေ့ရတာပဲ။ အဲဒီကတည်းက ဦးချက်ကြီး မကျွတ်မလွတ်ဘဲ ခြောက်လှန့်တယ်လို့ ပြောကြတယ်။ မင်းပြောပြခဲ့တာ ဦးချက်ကြီးပဲဖြစ်နိုင်တယ် သောင်းစိန်"

ဘကြီးရင်မောင်စကားကြောင့် ကျုပ် ခြောက်ခြောက်နဲ့ ဂိုထူးတဲကုန်းပျက်ကို လှမ်းကြည့်လိုက်မိတယ်။ သစ်ပင်ကြီးငယ်များဝိုင်းရံပြီး ရေကန်နဲ့တဲကုန်းပျက်။ ကျုပ်ပြေးအတွက် မဖြစ်မနေသွားရပေမယ့် ခပ်လန့်လန့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။ ကြည့်လေ။ ဘကြီးရင်မောင်ပြောတဲ့ တဲကုန်းပျက်က မကျွတ်မလွတ်တဲ့ဦးချက်ကြီး။

"သောင်းစိန် . . . ပြေူးကိုလည်း သတိပေးလိုက်ဦး။ ကွင်းပိုင်လည်း တောင်းပန်လိုက်ပေါ့ကွာ။ ဝေမာနိကပြိတ္တာတွေဆိုတာ မမြင်အပ်တဲ့သူတွေကွ။ ကံနိမ့်မှမြင်ရတာ"

ကျုပ်လည်း ဘကြီးရင်မောင်ကို နှုတ်ဆက်ပြီး ကိုထူးတဲကုန်းပျက်ဆီကို လာခဲ့မိတယ်။ ကျုပ် ကြောက်ကြောက်နဲ့လာရင်း တဲပျက်နားရောက်တော့ ကြားလိုက်ရတဲ့ ညည်းသံကြီး။ ကျုပ် ကြက်သီးမွေးညင်းတောင်ထပြီး ကမန်းကတန်း ကြည့်လိုက်မိတယ်။ မနေ့ညက ပြေူးဖောကြောင့် ကျုပ်တဲပျက်ထဲရောက်ခဲ့တုန်းက ဂရုမပြုမိဘူး။ ဒါဆို . . . ခုကျုပ်ကြားနေရတဲ့ ညည်းသံကြီးက ဘကြီးရင်မောင်ပြောတဲ့ မကျွတ်မလွတ်သေးတဲ့ ဦးချက်ကြီးလား။ ကျုပ်တွေးမိရင်း တဲပျက်ကြီးနားက ကုက္ကိုပင်အရင်းမှာ ထမင်းထုပ်၊ အရက်ပုလင်းနဲ့ ငါးကင်ကိုချပြီး အခြေအနေကို ကြည့်လိုက်မိတယ်။



ညည်းသံကြီးက အဆက်မပြတ်ပေါ်လာသလို ကျုပ် တဲပျက်ကြီးအတွင်းကို တိုးတာပ်ပြီး ကြည့်လိုက်မိတယ်။

"ဟယ်"

ကျုပ်ပါးစပ်ဖျားက ယောင်ယမ်းပြီး အသံတောင်ထွက်သွားမိတယ်။ ကျုပ်မျက်စိကို ကျုပ် အခါခါ ပွတ်သပ်ကြည့်လည်း မပြောင်းမလွဲ ကျုပ်မြင်နေရတဲ့ ပြေူးပြောတဲ့သရဲ၊ သရဲဟာ ကျုပ်ကို ကျောပေးပြီး တဟင်းဟင်းနဲ့ ငိုညည်းသလို ညည်းနေတဲ့ အသံ။ ကျုပ် သရဲကိုကြည့်ပြီး မှင်တက်မိနေမိတယ်။

"ဘယ် . . . ဘယ် . . . သူ . . . လဲ"

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် ကျုပ်တောင် တုန်သွားမိတယ်။ ကြည့်လေ။ ကတုံးပြောင်ပြောင်၊ အသားမည်းမည်းနဲ့ ပုခိုးအကွက်တုံးကြီးဝတ်ထားဟဲ့ သရဲ။ ကျုပ်လည်း ဖြစ်ချင်တာဖြစ်ရော့ပြီး ဓားကိုင်ပြီး တဲပျက်ပေါ်ကမန်းကတန်း တက်လိုက်မိတယ်။

"မြှန်း"

www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"အောင်မလေး"

ကျုပ်ကိုကျုပ် ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး။ ကျုပ် ကြမ်းပေါ်အနင်း၊ ကြားလိုက်ရတဲ့ အသံနဲ့အတူ ကျုပ်ဆီ တစ်ရှိန်ထိုးပြေးလာတဲ့သရဲ။ ကျုပ် လန့်အော်လိုက်မိရင်း ကျုပ်ခေါင်းတွေ ချာချာလည်မူးသွားမိတယ်။ ကျုပ် သတိနည်းနည်း ပြေသလိုဖြစ်နေတဲ့အချိန်။ ကျုပ်လက်မောင်းနှစ်ဖက်ကို လက်ကြမ်းရှရှကြီး ဆွဲကိုင်ထားခြင်းခံရတဲ့အဖြစ်။

"ဟော့ . . . လူ . . . သတိထား . . . သတိထား"

ကျုပ် အသံကြားလို့ မော့ကြည့်လိုက်တော့ လူတစ်ယောက်ကပြောပြီး ကြမ်းကျွံပြီး မထနိုင်ဘဲဖြစ်နေတဲ့ ကျုပ်ကို ချိုင်းနှစ်ဖက်မပြီး ဆွဲတုတ်နေတဲ့အဖြစ်။ ကျုပ် အသော့ကို လန့်သွားမိတယ်။

"ခင် . . . ခင်ဗျား . . . သ . . . သ . . . ရဲ"

"ကျုပ် သရဲ မဟုတ်ပါဘူးဗျာ။ လူ . . . လူပါ။ ကျုပ်များနေလို့ . . . ဟင်း . . . ဟင်း . . . ဟင်း"

ကျုပ်ကို ချိုင်းထွဲမရင်း တုန်တုန်ယင်ယင်နဲ့ စကားပြောနေတဲ့လူ။ ကျုပ် အဲဒီလူရဲ့လက်ကို မရဲတရဲကိုင်လိုက်တော့ အေးစက်နေတဲ့လက်တွေ၊

"မြန်မြန်ထဗျ။ ကျုပ် မ,ရတာ မနိုင်ဘူး"

အဲဒီလူအသံကြားမှ ကျုပ် ကျွံကျနေတဲ့ကြမ်းပြင်ကို မနည်းကုန်းရုန်းပြီး ထလိုက်မိတယ်၊ ကျုပ် ကြမ်းကျွံတုန်း ဆွဲမရင်၊ တဟင်းဟင်းနဲ့ အဖျားတက်နေတဲ့အသံကပေါ်လာတယ်။ ဒီတော့မှ ကျုပ် ဒီတဲပျက်နားရောက်တုန်းကြားနေရတဲ့ညည်းသံက ဒီလူ ညည်းသံကြီး။

"ခင် . . . ခင်ဗျားက သရဲ . . . သရဲ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးဗျာ။ ကျုပ် လူပါ။ ကုန်ရောင်းကုန်ဝယ်လာရင်း ကျုပ်သမ္ဗန် ဒီရေမိပြီး မနေ့ညကတည်းက မှောက်ခဲ့လို့ ချောင်းကမ်းပေါ်ရောက်မှ ကျုပ် ထပင်းပစ်ားရတာ သုံး၊ လေးရက် ရှိပါပြီ . . . ဟင်း . . . ဟင်း"

ကျုပ်လည်း အဲဒီလူအပြောကြောင့် ငြိုး အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပိုင်ကိုမြှောက်ပြီး ထမင်း၊ ငါးကင်နဲ့ အရက်ပုလင်းကိုယူပြီး ကျွေးမိတယ်။

"စားဗျာ . . . ခုအတိုင်းဆို ခင်ဗျားက အတော်ကလေး ဒုက္ခရောက်နေတဲ့သူ မဟုတ်လား။ ကျုပ်တတ်နိုင်သမျှ ကူညီရမှာပေါ့"

"ခင်ဗျားစကားကြားရတော့ ဟိုညက ငါးရှာတဲ့လူနဲ့ တခြားစီဖြစ်နေပြီဗျ"

"ဗျာ . . . ဒါဆို ခင်ဗျားက င . . . ငပြူးနဲ့တွေ့ခဲ့တာပဲဖြစ်မယ်"

"ငပြူးလား မပြူးလား မသိပါဘူးဗျာ။ အရက်ကိုသောက်နေတာ ကျွမ်းစိုက်နေတာ။ အဲဒါ ကျုပ်က သူ့လက်ထဲက ခက်ရင်းခွကြီးကြောက်လို့ သူ ငါးသွားဖမ်းနေတုန်း ကင်ထားတဲ့ ငါးကင်နဲ့ အရက်ကလေး နည်းနည်းသောက်တုန်းရှိသေးတယ်။ ကျုပ်ကို ဆဲလိုက်တာ ရိုးကူနေသလားမှတ်တယ်"

ကျုပ် အဲဒီလူ ပြောမှ ငပြူး ကြုံခဲ့တဲ့သူက သရဲ





မှမဟုတ်ဘဲ။ ဒါနဲ့ ကျုပ် အဲဒီလူကို အတော်စိတ်ဝင်စားသွားပါတယ်။ အဲဒီလူက ကျုပ်ကျွေးတဲ့ ငါးကင်ကိုစားလိုက်၊ အရက်လေးသောက်လိုက်နဲ့ အတော့်ကို ထူထူထောင်ထောင်ဖြစ်သွားတာ။

"ခင်ဗျား နာမည်ရော ကျုပ် မသိရဘူးလား ပြောစမ်းပါဦးဗျာ"

"သိရမှာပေါ့ဗျာ။ ခင်ဗျားကျေးဇူးကြောင့် ကျုပ်အဖျားသက်သာသွားတာ အမှန်ပဲ။ ကျုပ်နာမည်ကို ခင်ဗျားကြားရင် ထွက်ပြေးချင်စိတ်တောင် ပေါ်မှာဗျ"

"ဘာ . . . ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

ကျုပ်စကားကြားတော့ အဲဒီလူက သဘောကျပြီး ဟဟဲဟဲရယ်နေပြန်တယ်။ ပြီး ကျုပ်ကိုကြည့်ပြီး . . .

"ကျုပ်နာမည်က တစ္ဆေဘထွန်းဗျ . . . တစ္ဆေဘထွန်း"

"ဗျာ . . . ခင်ဗျားက တစ္ဆေ . . . ဘထွန်း ဘထွန်း"

"ဟဲ . . . ဟဲ . . . ခင်ဗျားက ကျုပ်နာမည် တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



ဘထွန်းလို့ ကြားလိုက်ရတော့ အတော့်ကို ကြောက်သွားပြီနဲ့ တူတယ်။ အင်းလေ . . . လူတွေက ကျုပ်နာမည် ထူးထူးဆန်းဆန်း တစ္ဆေဘထွန်းဆို ကြောက်နေကြတာ အမှန်ပဲဗျ"

အဲဒီတစ္ဆေဘထွန်းဆိုတဲ့ လူက ကျုပ်ကိုပြောရင်း မျက်ထောင့်နီနီကြီးနဲ့ ကျုပ်ကို စိုက်စိုက်ပြီး ကြည့်နေတဲ့ အကြည့်။ ကျုပ် အဲဒီတစ္ဆေဘထွန်းဆိုတဲ့ လူကို ကြည့်ရင်း ကျုပ်ရင်တွေ တဒုန်းဒုန်းခုန်သွားမိတယ်။ ကြည့်လေ၊ ကျုပ်ရှေ့မှာ ငါးကင်စားလိုက်၊ အရက်သောက်လိုက်နဲ့ တင်ပျဉ်ခွေကြီးထိုင်ပြီး မြိန်ရေရှက်ရေ စားသောက်နေတာ။ သရဲစီးနေသလား မသိဘူး။

ကျုပ်က အဲဒီတစ္ဆေဘထွန်းကို ကြည့်ရင်း မယုံသင်္ကာဖြစ်နေမိတယ်။ ကြည့်လေ။ ဘကြီးရင်မောင် ပြောသလို ဒီကိုထူးတဲကုန်းပျက်မှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်တွေက ကျုပ်အဖို့ အသည်းတုန်အူတုန် ကြားခဲ့ရတာမဟုတ်လား။ ဒါဆို ပြေးတွေ့ခဲ့တဲ့သရဲက တစ္ဆေဘထွန်းများ ဖြစ်နေ မလား။

"ခင်ဗျားက ကျုပ်ကို ခုအထိ သရဲထင်နေတုံးပဲနဲ့ တူတယ်"

"ဟုတ်တယ်ဗျ . . . ခင်ဗျားကြည့်ရတာ တစ္ဆေရုပ် မပေါက်ဘဲ သရဲရုပ်ပေါက်နေတာတော့ အမှန်ပဲ"

"တစ္ဆေဘထွန်းက သရဲရုပ်ပေါက်နေတယ် ဟုတ်လား . . . ဟား . . . ဟား . . . ဟား"

တစ္ဆေဘထွန်းက ကျုပ်စကားကြားပြီး သဘောကျရယ်သံကြီးပေါ်လာတယ်။ ကျုပ်လည်း ခါးကြားမှာထိုးလာခဲ့တဲ့ ဓားမြှောင်ကို သတိရပြီး တစ္ဆေဘထွန်း ကျုပ်ကို အန္တရာယ်ပြုလာရင် ကာကွယ်ဖို့ကြံထားမိတယ်။

"ကျုပ် ပြောခဲ့ပြီကောလားဗျာ။ ကျုပ် သမွန်မှောက်ခဲ့လို့ ကျုပ်မှာ ပုဆိုးတစ်ထည်ပဲပါခဲ့တာ။ အင်း . . . ကျုပ်ရုပ်က သရဲလိုဖြစ်နေတော့ ခင်ဗျား ကျုပ်ကို သရဲလို့ထင်နေတာ မဆန်းပါဘူး။ ရှင်းရှင်းပြောရရင် ကျုပ်ဘဝမှာ တွယ်တာစရာဆိုလို့ ကျုပ်သမီးလေးတစ်ယောက်ပဲ ရှိတာ။ ကျုပ်အဖြစ်ကို ကျုပ်သမီးလေးသာသိရင် ကြေကွဲနေမှာ အမှန်ပဲဗျာ"

တစ္ဆေဘထွန်းက ကျုပ်ကိုပြောပြီး မျက်ရည်ဝဲနေ



www.burmeseclassic.com

www.burmeseclassic.com



ရှာတယ်။ ကျုပ် တစ္ဆေဘထွန်းကိုကြည့်ပြီး အံ့အားသင့်နေမိတယ်။ ကျုပ်အံ့အားမသင့်လို့ မဖြစ်ဘူး။ ကျုပ် လောလောဆယ်သိချင်တာက အဲဒီတစ္ဆေဘထွန်းဆိုတဲ့ ထူးထူးခြားခြား နာမည်ပဲ မဟုတ်လား။

"ကျုပ်သိချင်တာက ခင်ဗျား . . . ခင်ဗျား"

"ခင်ဗျားက ကျုပ်နာမည် ဘထွန်းရှေ့က တစ္ဆေ ဆိုတဲ့အဖြစ်ကို စိတ်ဝင်စားနေပြီနဲ့တူတယ်"

ကျုပ်အတွေးထဲမှာရှိနေတဲ့ တစ္ဆေဘထွန်းအဖြစ် ကို မေးမလို့ကြံတုန်းပဲရှိသေးတယ်။ တစ္ဆေဘထွန်း ပြော လိုက်တဲ့စကားကြောင့် ကျုပ် အတော်အံ့သြသွားမိတယ်။

"ကျုပ်က ခင်ဗျားရဲ့တစ္ဆေအကြောင်း သိ . . . သိချင် လို့ပါ"

"ဒါဆိုလည်း ကျုပ်ပြောပြရတာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်က လောလောဆယ် တည်းဖို့နိုဖို့ မရှိတဲ့ဘဝဗျ"

"အဲဒီအတွက် စိတ်မပူပါနဲ့ဗျာ။ ခင်ဗျားအတွက် ကျုပ်တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"



"အင်း . . . ဘုရားတန်ခိုးတော်လို့ပဲ ပြောရမှာပေါ့ ဗျာ။ ကျုပ်က ရတနာသုံးပါးကို ဘယ်တော့မှ မမေ့လျော့ဘူး။ ကျုပ် သမ္ဘန်မှောက်ပြီး ဟောဒီတဲကုန်းပျက်ရောက်တော့ မြွေတွန်သံကြီးတွေ ကြားကြားနေရတာ။ အဲဒါ ဟိုလူက မြွေ ကြီးနဲ့တွေ့ပြီး သတ်နိုင်ခဲ့လို့ဗျ။ အဲဒီမြွေကြီးသာ လွတ်သွား ရင် မလွယ်ဘူး"

တစ္ဆေဘထွန်းပြောမှ ကျုပ် တဲပျက်ထဲကို မလုံ မလဲကြည့်လိုက်မိတယ်။ ဟုတ်တယ်လေ။ ပြူးဓားချက်နဲ့ အပိုင်းပိုင်းဖြစ်နေတဲ့ မြွေခေါင်းကြီး။

"ပြူး အဲဒီမြွေကြီးနဲ့တွေ့တုန်းက ခင်ဗျားရှိလား"

"ရှိတာပေါ့ဗျာ။ ပြီးတော့ ခင်ဗျား အဲဒီလူကို ထမ်း ခေါ်သွားတာ တောလို့ မတောရင် အဲဒီလူ သေတာကြာပြီ"

"ဘာဖြစ်လို့လဲ ပြောစမ်းပါဦးဗျာ"

ကျုပ် တစ္ဆေဘထွန်းစကားကြောင့် အတော့်ကို လန့်သွားမိတယ်။

"ဘာဖြစ်ရမှာလဲဗျာ . . . ကျုပ်သမ္ဘန်မှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီ တဲကုန်းပျက်ရောက်တော့ တစ်ညလုံးလိုလို အိပ်လို့ မရခဲ့ဘူး။ ညည်းသံကြီးတွေကြားပြီး အပုပ်နံ့တွေက ဟောင်နေတာပဲ။ ကျုပ် ဖျားနေတဲ့ကြားက အတော့်ကို လန့်သွားမိတယ်။ ဒါပေမယ့် ကျုပ် မေတ္တာပို့အမျှဝေပြီး အိပ်တော့ ထူးထူးခြားခြား အိပ်မက်မက်ခဲ့တယ်ဗျ။ ဒီရေကန်ကြီးက မြေသိုက်ရှိတဲ့ ရေကန်တဲ့။ ဘယ်သူလာလာ အလာမခံဘူး"

တစ္ဆေဘထွန်းရဲ့ အိပ်မက်အကြောင်းကိုကြားတော့ ကျုပ် ဘကြီးရင်မောင်ပြောတဲ့ ဒီတဲကုန်းပျက်က အဖြစ်က ပိုပြီးအသက်ဝင်လာတယ်။

"ဒါဆို . . . ငြေူး ကိုင်းတန်တွေ ထောင်ထားပြီး တဝုန်းဝုန်း အသံကြားလို့သွားကြည့်တော့ ငါးတစ်ကောင်မှ မတွေ့တာကရော"

"အဲဒါ . . . ခင်ဗျားငြေူးကို သရဲ အမှန်တကယ် ခြောက်လှန့်တာဗျ။ ငြေူးက ကျုပ်ကို ကော်ဆဲလို့ တော်သေးတာ။ ကွင်းပိုင်ကို ဆဲမိရင် အသေပဲ။ ဒါတောင် မြွေကြီးတွေနဲ့ တွေ့ခဲ့သေးတယ်မဟုတ်လား"



"ဘုရား . . . ဘုရား"

ကျုပ် ငြေူးအဲဖြစ်ကို ပြန်တွေးမိပြီး ဘုရားအလို လိုက.လိုက်မိတယ်။ ကျုပ် ဘုရားမတလို့ မဖြစ်ဘူး။ ကျုပ်နဲ့ ငြေူးက နေ့စဉ် ချောင်းရိုးမြောင်းရိုးအနှံ့ ငါးဖားရှာနေတာတွေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ခင်ဗျား . . . ခင်ဗျား ဘာလာလုပ်တာလဲ။ ကျုပ် ငါးကင်နဲ့ အရက်ကိုသောက်တာ ခင်ဗျားပဲ မဟုတ်လား"

ကျုပ် သမွန်မှောက်ပြီး ဒုက္ခရောက်နေတဲ့ တစ္ဆေဘထွန်းကို ကိုထူးတဲကုန်းပျက်က ခေါ်လာတုန်း၊ ငပြူး တစ္ဆေဘထွန်းကို ကြည့်ကြည့်ပြီး ကြောက်လန့်တကြား ထွက်သွားတဲ့ စကားသံ။

"ခင်ဗျားက ကျုပ်ကို သရဲလို့ထင်နေတာကိုး။ ကျုပ် သရဲမဟုတ်ပါဘူးဗျာ။ ပေါဒီက ကိုသောင်းစိန်က တဲကုန်းပျက်မှာ ကျုပ် အဖျားတက်နေတာတွေ့လို့ ခေါ်လာတာပါ"



"ဟုတ်တယ် . . . ငပြူး။ မင်းထင်နေတဲ့ တဲကုန်းပျက်က သရဲမဟုတ်ဘူးကွ။ နာမည်က တစ္ဆေဘထွန်း"

"ဗျာ . . . ခင်ဗျားက သရဲမဟုတ်ဘူး။ တစ္ဆေဘထွန်း ဟုတ်လား"

"အင်း . . . ကျုပ်ရုပ်ရည်ကိုတွေ့တော့ ခင်ဗျားက သရဲထင်မှာပေါ့လေ။ ကျုပ် တဲကုန်းပျက်မှာ အဖျားတက်ပြီး ခင်ဗျားနဲ့တွေ့တာပဲ"

တစ္ဆေဘထွန်းက အဖြစ်အပျက်ကို ပြည့်ပြည့်စုံစုံ ပြောပြမှ ငပြူးပင် မကဘူး၊ ကျုပ်မိန်းမ မြရီပါ တစ္ဆေဘထွန်းအဖြစ်ကို အံ့ဩမကုန်နိုင်အောင် ဖြစ်သွားကြတယ်။

"အေးလေဗျာ . . . မသေလို့ ခုလိုတွေ့ကြရတာ။ ဘဝက်အကျိုးပေးလို့ ပြောရမှာပဲ။ ဘာပဲဖြစ်ဖြစ် ခင်ဗျား ကျုပ်တို့တဲမှာ ပျော်သလောက်နေ၊ ရှာပြန်ချင်တယ်ဆိုလည်း ကျုပ်တို့ ငါးဖားရှာပြီး လမ်းစရိတ်ထောက်ပံ့မယ်ဗျာ"

"ခင်ဗျားစကားကို ခုလိုကြားတော့ ကျုပ် ဝမ်းသာတယ်ဗျာ။ ဒါပေမယ့် ကျုပ်သမီးလေးကရှိနေတော့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကို မျှော်နေရှာမှာ။ ဒီတော့ ကျုပ် ခင်ဗျားတို့ဆီမှာ လေး၊ ငါး၊ ဆယ်ရက်နေပြီး ကျုပ်ပြန်မယ်"

ဘကြီးထုံက ထူးထူးဆန်းဆန်း နာမည်တွင်တဲ့ တစ္ဆေဘထွန်းရုပ်ရည်ကို အကဲခတ်ပြီး ကြည့်နေတယ်။

"ကိုဘထွန်းက ပင်လယ်ဘက်မှာနေတာလား"

"ဟုတ်ပါတယ် . . . ဘကြီးထုံ။ ကျုပ်က အုန်းခြံ၊ ဓနိခြံတွေရှိတော့ ဖောက်သည်တွေ အမြဲတမ်းရှိပါတယ်။ ဒီတစ်ခေါက်ကျမှ သမီးလေးက သူလိုချင်တာ ပူဆာလို့ ကျုပ်ကိုယ်တိုင် ခြံထွက်ပစ္စည်းတွေနဲ့လာမှ ဒီချောင်းထဲမှာ ဒီရေရိုက်ပြီး ပစ္စည်းတောင်မကဘူး လူပါ အသက်လုခဲ့ရတဲ့အဖြစ်ပဲ"

"အေးကွယ် . . . ခုလိုကြားရတော့ ဘကြီး စိတ်မကောင်းပါဘူးကွယ်။ လူမသေမပျောက်ဖြစ်ခဲ့တာပဲ ကံကောင်းတယ်တဲ့။ အဖျားရောဂါအတွက် စိတ်ဘာမှမပူပါနဲ့ ဘကြီး ဆေးဝါးနဲ့ကုပေးမယ်"

ဘကြီးထုံက တစ္ဆေဘထွန်းအတွက် ဆေးဝါးပေးပြီး လက်ဖက်ရည်ကြမ်းသောက်နေပေမယ့် ကျုပ်လိုပဲ





တစ္ဆေဘထွန်းအဖြစ်ကို စိတ်ဝင်စားနေမိတယ်။

"ဘယ်လိုမှ ဘကြီးအပေါ်မဖြင်ပါနဲ့ ကိုဘထွန်း။ ဘာဖြစ်လို့ တစ္ဆေဘထွန်းလို့ နာမည်တွင်ခဲ့ရတယ်ဆိုတာ ပြောစမ်းပါဦး"

ဘကြီးထုံအမေးစကားကြားမှ တစ္ဆေဘထွန်း ကျုပ်တဲသားက ချောင်းရေပြင်ကိုကြည့်ပြီး သက်ပြင်းချကာ . . .

"ဒီလို ဘကြီးရဲ့ . . . ကျုပ်တို့ရွာက သချိုင်းကုန်းမှာ တစ္ဆေခြောက်တယ်ဆိုပြီး လူပြောသူပြော ပြောပြောနေတာ။ ကျုပ်က ပြောရရင် အရက်သမားဆိုတော့ တစ္ဆေရှိတယ်ဆိုတာ မယုံခဲ့ဘူး။ အဲဒါနဲ့ တစ်ည ကျုပ်နဲ့ သူငယ်ချင်းတွေ အလောင်းအစားလုပ်ခဲ့ကြတယ်"

"ဘာ . . . အလောင်းအစားလဲ ကိုဘထွန်း"

"အလောင်းအစားက တခြားမဟုတ်ပါဘူး ဘကြီးရယ်၊ သချိုင်းကုန်းက ဇရပ်ပျက်ကြီးထဲမှာ တစ္ဆေ တကယ်ရှိ၊ မရှိဆိုတာ သွားကြည့်ပေးဖို့ပဲ"

တစ္ဆေဘထွန်းစကားကြောင့် ကျုပ်မိန်းမ မြရီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြေး မျက်လုံးပြူးသွားကြတယ်။ ကျုပ်တောင် ရင်တထိတ်ထိတ်။

"အဲဒါနဲ့ တစ်ည ကျုပ်အရက်မူးမူးနဲ့ သချိုင်းကုန်းထဲက ဖရုပ်ပျက်ကိုသွားမိတယ်။ ကျုပ်သွားချိန်က လရောင်ဖွေးဖွေးနဲ့ဆိုတော့ သချိုင်းကုန်းထဲကို ပိုးတဝါး လှမ်းမြင်နေရတာ။ သချိုင်းကုန်းဆိုလို့ ကျုပ် သုံး၊ လေးခေါက်သာရောက်ဖူးခဲ့တာ။ ကျုပ်သူငယ်ချင်း ထွန်းခင် အရက်မူးပြီးအန်ဖတ်ဆို့ပြီး သေတုန်းက တစ်ခေါက်နဲ့၊ အဖိုးကြီးဒေါ်ဖိန့်မေ။ ပြီး သံတူးသားလေးသေတုန်းက ထဲထဲဝင်ဝင်ရောက်ဖူးခဲ့တာ"

"အဲ . . . ကျုပ် သချိုင်းကုန်းအစပ်လည်းရောက်ရော ရုတ်တရက် ခွေးတွေ ရှည်လျားစွာအူနေတဲ့အသံကိုကြားရလို့ ကျုပ်တောင် အရက်မူးနေတဲ့ကြားက လန့်သွားပါသေးတယ်။ ဒါနဲ့ ကျုပ် ခါးကြားမှာထိုးလာတဲ့ အရက်ပုလင်းကို မော့သောက်ပြီး အားတင်းလိုက်မိတယ်။ ကျုပ်ပြန်ကြည့်လိုက်တော့ ဟိုကောင်တွေကို လုံးဝမတွေ့ရတော့ဘူး"





တစ္ဆေဘထွန်းက ကျုပ်တို့ကို ပြောပြီး ခံတွင်းခြောက်သွားဟန်တူတယ်။ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်နေတယ်။ ကျုပ် တစ္ဆေဘထွန်းကိုကြည့်ပြီး အံ့ဩသွားမိတယ်။

"ဟို . . . ဟိုကောင်တွေဆိုတာ ဘယ်သူလဲ ကိုဘထွန်း"

"ဘယ်သူရှိပါ့မလဲ ဘကြီးရယ်။ ကျုပ်နဲ့ အလောင်းအစားကြေးထပ်ခဲ့တဲ့ မြစိုးလွင်နဲ့ ချစ်မင်းသူဆိုတဲ့ ကောင်တွေပါ။ ဒီကောင်တွေက ချမ်းသာတဲ့ မိဘအားကိုးနဲ့ လက်ထဲမှာ ငွေယားကလေးရှိတော့ လောင်းကြေးထပ်ပြီး ကျုပ်ကို သေတွင်းပို့ခဲ့တာ"

"ဘာ . . . သေတွင်း ဟုတ်လား"

"ဟုတ်တယ် . . . ကိုသောင်းစိန်။ အဲဒီညက သချိုင်းကုန်းမှာ အရက်မူးမူးပြီးအိပ်တတ်တဲ့ ကိုပေတေသာ မရှိရင် ကျုပ်သေပြီ"

တစ္ဆေဘထွန်းက သူ့အဖြစ်ကိုပြောပြရင်း ပြန်တွေး



www.burmeseclassic.com

www.burmeseclassic.com



မိရင်း ကျောချမ်းနေဟန်တူသည်။ ကျုပ်တို့ကို စကားပြော ရင်း စိတ်မလုံသလို ဟိုကြည့်ဒီကြည့်နဲ့ ဂနာမငြိမ်ဖြစ်နေ တာ။

"အဲဒါနဲ့ ကျုပ်လည်း မထူးဘူးဆိုပြီး သချိုင်းကုန်း ထဲကို ကြည့်လိုက်တော့ အုတ်ဂူတွေ၊ မြေပုံတွေနဲ့ ဘယ်လို ကြည့်ကြည့် ကြောက်စရာဖြစ်နေတာ။ ပိုပြီးဆိုးတာက မြေ တွေက မကောင်းဆိုးဝါးတွေကို တွေ့လို့လားမသိဘူး။ အူ ကြီးတွေပေးနေတာ တော်တော်နဲ့ မရပ်ဘူး။ ကျုပ်လည်း အရက်ကို ထပ်သောက်ပြီး ဇရပ်ပျက်ကြီးနားရောက်သွား တယ်"

"ဒါနဲ့ ကိုဘထွန်း ပြန်ခဲ့ရောလား"

"ဘယ်ပြန်လို့ဖြစ်ပါ့မလဲ ကိုသောင်းစိန်ရယ်။ ကျုပ် ဇရပ်ပျက်ပေါ်ကို မသွားလို့မဖြစ်ဘူးဗျ"

"ဘာဖြစ်လို့လဲ ကိုဘထွန်း။ ခင်ဗျားအဖြစ်က ကျောချမ်းစရာကြီး။ ကျုပ်ဆို လောင်းကြေးဘယ်လောက် ရရ မသွားရဲတာ အမှန်ပဲ"



ကျုပ်စကားကြားတော့ တစ္ဆေဘထွန်းက ကျုပ်ကို ကြည့်ပြီး . . .

"ကျုပ်က လောင်းကြေးထက် သချိုင်းထဲကို သွားရဲ တယ်ဆိုတဲ့ ဂုဏ်ကိုမက်တာ။ အဲဒါနဲ့ ကျုပ် ဇရပ်ပေါ် ခပ် သုတ်သုတ်တက်ပြီး ကျုပ်ပါလာတဲ့ထုံးနဲ့သုတ်ပြီး ကျုပ် ဇရပ် ပေါ်ကလည်း ပြန်ဆင်းရော၊ ခြေသံလိုလိုကြားလို့ ကျုပ် ကြည့်လိုက်တော့ ဇရပ်ပေါ်မှာတွေ့ရတဲ့ မည်းမည်းကြီးတွေ။ ကျုပ် ဘာမှ မတွေးနိုင်တော့ဘူး။ ဇရပ်လမ်းကလေးအတိုင်း ားသွန်ပြေးရင်း ကျုပ်ရှေ့မှာတွေ့တဲ့ အုတ်ဂူဖြူဖြူဘေးကို ကွေ့ပြီးအပြေးမှာ ကျုပ်ရင်ထဲ အေးစက်ဖြစ်သွားပြီး ကြောက် ယ့်တကြီးအော်လိုက်တဲ့အသံပဲ ကျုပ် ကြားလိုက်ရတယ်။ နောက် ဘာမှ မသိတော့ဘူး"

တစ္ဆေဘထွန်းက စကားအဆုံးမသတ်ဘဲ ရပ်သွား တယ်။ ကျုပ် တဲအပြင်ဘက်ကို ကြည့်လိုက်တော့ အမှောင် ်းလွှမ်းနေတဲ့ည။ ကျုပ်တို့ စကားဝိုင်း ခဏငြိမ်သွားတယ်။ ကြီးထုံက ချောင်းတစ်ချက်ဟန့်ပြီး တစ္ဆေဘထွန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး . . .

"နောက်ထပ် ဘာဖြစ်သေးလဲ ကိုဘထွန်း။ စကား ဆက်စမ်းပါဦး"

"ဘာဖြစ်ရမှာလဲ ဘကြီးရယ်။ ကျုပ်က ဂူသွင်းမယ့် မြေကျင်းထဲကိုကျပြီး သတိမေ့သွားတာ။ ကျုပ် သတိရတော့ အိမ်ကိုပြန်ရောက်နေတာ။ ကျုပ်ကို အိမ်အရောက် မနိုင့် တနိုင်ထမ်းပြီး ပြန်ပို့တာက အရက်သမားကိုပေတောလေ။ ကိုပေတောက သူ့မိန်းမ မထွားညိုနဲ့ စကားများပြီဆိုရင် အရက်မူးအောင်သောက်ပြီး သချိုင်းကုန်းက အုတ်ဂူပေါ်မှာ အမြဲတမ်း သွားသွားအိပ်နေတာ။ ကျုပ် ဇရပ်လေးက အပြေးမှာ အုတ်ဂူပေါ်မှာ ကိုပေတော မူးပြီးအိပ်နေတာ ကျုပ် မသိခဲ့ဘူး။ ကျုပ် ကျင်းထဲကိုပစ်ကျမှ ကိုပေတောက သရဲခြောက်တယ်ဆိုပြီး လန့်အော်သေးတယ်။ အဲဒါ မီးခြစ်နဲ့ခြစ်ပြီးကြည့်တော့ ကျုပ်ကို မြေကျင်းထဲမှာတွေ့ပြီး ပြန်ခေါ်ခဲ့တာ။ အဲဒီကစပြီး ကျုပ်နာမည် ဘထွန်းရှေ့က တစ္ဆေလို့ ရွာမှာ နာမည်တွင်ခဲ့တာပဲ ဘကြီးရာ"



"အင်း . . . ကိုဘထွန်းရယ် . . . မကြောက်မလန့် သချိုင်းကုန်းနဲ့ အလောင်းအစားလုပ်ရတယ်လို့ကွာ။ ကဲ . . . ကဲ . . . ညဥ့်လည်းနက်လှပြီ ဘကြီးပြန်မယ်။ ဘကြီးပေးတဲ့ ဆေးသောက်ရင် မကြာခင် အဖျားသက်သာသွားမှာ ကိုဘထွန်း"

"ဟုတ်ကဲ့ပါ . . . ဘကြီး"

အဲဒီည ကျုပ်နဲ့ပြူး ဘကြီးထုံကို ကွင်းထဲပြန်ပို့ ပြီး တဲပြန်ရောက်တော့ တစ္ဆေဘထွန်း ငူငူကြီးထိုင်နေတုန်း ပဲ။

"ကိုဘထွန်း မအိပ်သေးဘူးလား။ အိပ်လေဗျာ"

"ကျုပ် မအိပ်နိုင်သေးပါဘူး ကိုသောင်းစိန်။ ကျုပ် သမီးလေးကို တွေးမိလို့ပါ"

ကျုပ်လည်း တစ္ဆေဘထွန်းစကားကိုကြားတော့ စိတ်မကောင်းဖြစ်သွားမိတယ်။

"ကိုဘထွန်းသမီးက ဘယ်အရွယ်ရှိပြီလဲ"

"ကျုပ်သမီးက ခုဆို ဆယ်နှစ်ကျော်ပြီဗျ။ သူ့အမေသာရှိရင် ဘယ်လောက်ဝမ်းသာရှာမလဲ မသိပါဘူးဗျာ

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေဘထွန်းက ကျုပ်ကိုပြောရင်း စကားသံတိမ်ဝင်သွားတယ်။ ကျုပ် တစ္ဆေဘထွန်းအဖြစ်ကို ကြည့်ပြီး နားမလည်နိုင်အောင်ဖြစ်သွားပါတယ်။

"ကဲပါ . . . ကိုဘထွန်းရယ် . . . တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့ဗျာ။ ခင်ဗျား ကျန်းမာရေးကောင်းရင် ခင်ဗျားသမီးလေးဆီ ပြန်လို့ရပါပြီ။ အိပ်ရေးပျက်ရင် ထပ်ဖျားနေဦးမယ်"

ကျုပ် အတန်တန်အိပ်ခိုင်းမှ တစ္ဆေဘထွန်း ဆေးသောက်ပြီး အိပ်သွားတယ်။ ကျုပ်လည်း ထူးထူးဆန်းဆန်းကြုံခဲ့ရတဲ့ တစ္ဆေဘထွန်းအဖြစ်ကိုကြည့်ပြီး အတွေးကြွယ်နေမိတယ်။ ဟုတ်တယ်လေ။ တစ္ဆေဘထွန်းအဖြစ်ကလည်း ကြုံကြုံဖန်ဖန်၊ သမ္ဘန်မှောက်ပြီး သရဲခြောက်တဲ့ကိုထူးတဲ ပျက်ကိုရောက်ခဲ့ရတဲ့ အဖြစ်။



"ဖြစ်ပုံမလား ငပြူးရယ်။ တော်ကြာ တစ်ခုခုဖြစ်ရင် မလွယ်ဘူးကွ။ အန္တရာယ်သိပ်များတယ်ဆိုတာ မင်းလည်းအသိ၊ ငါလည်းအသိပဲ မဟုတ်လား။ ပြီးတော့ မင်းအတွက် ငါစိုးရိမ်လို့ပြောတာကွ"

ကျုပ် စိုးရိမ်တကြီးပြောနေပေမယ့် စိတ်ဒုန်းဒုန်းချထားဟန်တူတဲ့ ငပြူးက အားလျှော့မယ်မထင်ဘူး။ လှေဦးပိုင်ပြီး တဝေါ်ဝေါ်မြည်သံနဲ့ ကြားနေရတဲ့ ညအမှောင်ထဲက ဂလိုင်ကွေ့ကိုကြည့်ပြီး . . .

"ကျုပ် မသွားလို့ မဖြစ်ဘူး အစ်ကို။ ကျုပ်ကို လာခဲ့ဖို့ ခဏခဏ အိပ်မက်ပေးနေတာ။

www.burmeseclassic.com

www.burmeseclassic.com



ပြေူး ပြောလည်း ပြောစရာ။ မဆယ်ဂလိုင်ကွေ့နဲ့ပယ်သက်ပြီး ပြေူး အိပ်မက် ထူးထူးခြားခြား မက်မက်နေတာ ကျုပ်တောင် အစက မယုံခဲ့ဘူး။ ကျုပ်လည်း ဘကြီးထုံ စကားကို အမှတ်ရမိသွားတယ်။ ဒါကြောင့် ကျုပ် ပြေူးကို အမြဲတမ်း ဂရုစိုက်စိုက်နေရတာ။

ခုလည်း ပြေူးက ငါးရှာမယ်ဆိုလို့ ကျုပ် စိတ်မချလို့လိုက်ခဲ့တာ။ ရွာကထွက်လာတော့ အတော့်ကြီးကို မှောင်နေပြီ။ လမ်းကျမှ ကျုပ်ကို ပြေူးက မဆယ်ဂလိုင်ကွေ့သွားမယ်ဆိုတော့ ကျုပ်တောင် မျက်လုံးပြူးသွားမိတယ်။ ကျုပ် မျက်လုံးမပြူးဘဲ ရှိပါ့မလားဗျာ။ အဲဒီမဆယ်ဂလိုင်ကွေ့နဲ့ပတ်သက်ပြီး ကျုပ်အဖေ ကိုဖိုးထင်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်။

ပြေူးက လှေဦးမှာထိုင်ပြီး ညအမှောင်မည်းမည်းမှာ တွေ့ရတဲ့ မဆယ်ဂလိုင်ကွေ့ဝဲကြီးကို ကြည့်နေတယ်။ ကျုပ် လှေကိုလှော်ရင်း ဒူးတုန်နေမိတယ်။ ကြည့်လေ။ ညအမှောင်မည်းထဲမှာ တဝေါဝေါ၊ တဟဲဟဲမြည်သံကြီးက သေ





မင်းတမန်အလား ကျုပ်နဲ့ပြေူးကို ဆီးကြိုနေသလိုလို။

"ဗွမ်း"

"ဝုန်း"

"ဗွမ်း . . . ဗွမ်း"

ကျုပ် လှေကိုသတိထားပြီးလှော်နေတုန်း ရုတ်တရက်ကြားလိုက်ရတဲ့ ငါးပွက်သံကြီးတွေ။ ကျုပ်တောင် အသံထွက်သွားမိတယ်။ ကြည့်လေ။ မဆယ်ဂလိုင်ကွေ့ဝဲကြီးက ပြောလည်း ပြောစရာ။ ငါးရှာဖားရှာသူတွေ မလာရဲလို့လား မသိဘူး။ ဂလိုင်ကွေ့ဝဲကြီးထဲမှ နိုပြီးနေတဲ့ ငါးကြီးတွေက ပေါမှပေါ။ ကျုပ် လှေလှော်ရင်း သတိရမိပြီး လှေဝမ်းထဲက လက်နှိပ်ဓာတ်မီးယူပြီး တဟဲဟဲမြည်သံပေးနေတဲ့ ဂလိုင်ကွေ့ဝဲကြီးဆီကို လှမ်းထိုးကြည့်လိုက်မိတယ်။

ကြည့်လေ။ ရုတ်တရက်ပေါ်လာတဲ့ ကျုပ်လက်ထဲက လက်နှိပ်ဓာတ်မီးအလင်းရောင်နဲ့ တွေ့လိုက်ရတဲ့ ရေဝဲကတော့ကြီးထိုးပြီး တဟဲဟဲမြည်နေသံက အသည်းတုန်၊ အူတုန်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို . . . ကျုပ် ကွန်ချက်ပစ်ကြည့်မယ်။ ငါးတွေ ဂ-ေ အများကြီးဗျ"

ပြေူးက ကျုပ်ကိုပြောပြီး ဝဲကတော့ကြီးထိုးနေ တဲ့ ချောင်းကမ်းဘေးကို ကွန်ပစ်ချလိုက်တယ်။ ကျုပ် လှေကို ထိန်းထားတုန်း ဖြုန်းဆို ကျုပ်လှေ သွက်သွက်ခါသွားတယ်။ ကျုပ် လှေကိုထိန်းရင်း လက်နှိပ်ဓာတ်မီးနဲ့ မည်းမည်းကြီး တွေ့တဲ့နေရာ၊ ကျုပ်မျက်လုံးပြူးသွားမိတယ်။ ကြည့်လေ။ ပြေူး ကွန်ချက်ပစ်သံနဲ့အတူ ဝုန်း၊ ဗွမ်းဆိုတဲ့ အသံကြီးနဲ့ ကျုပ်လှေဘေးမှာပေါ်လာတဲ့ ငါးကြီးတစ်ကောင်။

"င . . . ပြေူး . . . ငါး . . . ငါးကြီး သတိထား"

"ဗွမ်း"

ကျုပ် ငါးကြီးကိုတွေ့လို့ ပြေူးကို လှမ်းသတိပေး ဟဲ့အသံနဲ့အတူ ပြေူးက လှေဝမ်းထဲက မှိန်းကိုယူပြီး အသင့်ကိုင်ထားတာတွေ့ရတယ်။

"ပြေူး . . . ငါးကြီးက နည်းတဲ့ကောင်ကြီး မဟုတ် ဘူးကွ"



"ဒုန်း"

"ဗွမ်း"

"တိုက်ပြီ ပြေူး။ တိုက်ပြီ"

ကျုပ် ပြေူးကို စကားပြောလို့တောင်မဆုံးသေး ဘူး။ ငါးကြီးက ကျုပ်လှေကိုတိုက်ပြီး မှောက်နေတဲ့အဖြစ်။ ကျုပ် လှေကိုထိန်းပေမယ့် မရတော့ဘူး။ ဝဲကတော့ ရေစီးနဲ့ အတူ ချာချာလည်သွားတယ်။ ငါးကြီးက ကျုပ်လှေဘေး ကနေ ငုပ်လိုက်ပေါ်လိုက်နဲ့ လှေကို တဒုန်းဒုန်းမြည်အောင် ခေါင်းနဲ့တိုက်နေတာက အသည်းထိတ်စရာ။

"အစ်ကို . . . သတိထား ရေဝဲကြီးလွတ်အောင် လှော်"

ပြေူးစကားကြောင့် ကျုပ် ကမန်းကတန်း လှော် တက်ကိုထိန်းပြီး တဟဲဟဲမြည်နေတဲ့ ရေဝဲကတော့ကြီးထဲ မရောက်အောင် အားကုန်လှော်ခတ်နေမိတယ်။ ပြေူးက ကျုပ်ဆီက လက်နှိပ်ဓာတ်မီးကိုယူပြီး တဟဲဟဲမြည်နေတဲ့ ဝဲကတော့ကြီးကို လှမ်းထိုးပြီး စိုးရိမ်တကြီးအော်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အသံကြီးကပဲ့ဟိန်းသွားတယ်။

"အစ်ကို . . . ရှေ့မှာ ဝဲကြီး . . . ဝဲကြီး။ ဟော . . . လာပြီ . . . လာပြီ"

ငပြူးစကားကြောင့် ကျုပ်ကြည့်လိုက်တော့ ဝဲကတော့ကြီးထဲမှာပေါ်လာတဲ့ ငါးကြီးတစ်ကောင်။ ငါးကြီးက ဝဲကတော့ထဲက ပျောက်သွားတယ်။

"သတိထား . . . ငပြူး . . . ငါး . . . ငါးကြီး"

"ဒုန်း"

"ဒုတ်"

"ဗွမ်း"

ကျုပ် ငပြူးကို သတိပေးသံနဲ့အတူ ငါးကြီးက ကျုပ်လှေကိုတိုက်နေတုန်း ငပြူးရဲ့ မှိန်းချက်ထိပြီး၊ ငါးကြီး လူးလိမ့်ယမ်းပြီး ထွက်သွားတဲ့အသံနဲ့အတူ ကျုပ် ရေထဲကို ပြုတ်ကျသွားတဲ့အသံ။ ကျုပ် သတိရလို့ကြည့်လိုက်တော့ တဟဲဟဲပြည်နေတဲ့ ရေဝဲကြီး။ ကျုပ် အဲဒီဝဲကြီးရှိတဲ့ ရေစီးကြောင်းထဲကို မရောက်အောင် မနည်းအားသွန်ပြီး ကူးခပ်နေမိ





တယ်။ ကျုပ် ဘယ်အထိ ညအမှောင်ထဲမှာ ကူးခပ်နေမိတယ် မသိဘူး။ ကျုပ်မျက်စိနဲ့လှမ်းတွေ့လိုက်ရတဲ့ မီးရောင်လဲ့လဲ့။

ကျုပ် ကြည့်ရင်း အားကုန်လှမ်းအော်လိုက်မိတယ်။ မကြာဘူး ကျုပ်အော်သံကိုကြားပြီး တရွေ့ရွေ့လာနေတဲ့ မီးရောင်ကရပ်သွားတယ်။ ကျုပ်လည်း အားကုန်ကူးရင်း ဘေးဆီကမျောလာတဲ့ သစ်မြစ်ဆုံကိုတွေ့လို့ ဖက်ထားမိတယ်။ ကြည့်လေဗျာ။ ကျုပ်က ချောင်းရိုးမြောင်းရိုးအနံ့ ငါးရှာဖားရှာခဲ့တာမဟုတ်လား။ ရေဆို ငါးတစ်ကောင်လို ကူးနိုင်ငုပ်နိုင်တဲ့ကောင်။

ခု . . . ကျုပ် ဘယ်လိုကူးကူး၊ ကျုပ်ခန္ဓာကိုယ်ကို တစ်ယောက်ယောက်က ဆွဲနစ်ထားသလိုဖြစ်နေတာ၊ ကျုပ် အားစိုက်ပြီး ဘယ်လောက်ကူးခပ်နေမိတယ် မသိဘူး။ ကျုပ် လက်ပန်းကျလုနီးနီးမှာ တရွေ့ရွေ့လာနေတဲ့ မီးရောင်။ ကျုပ် အနားရောက်လာတယ်။ ကျုပ်အသံကြားလို့ ထင်တယ်။ တဖြည်းဖြည်းနီးကပ်လာရင်း ကျုပ်အနီးရောက်မှ ကျုပ်နား



www.burmeseclassic.com

www.burmeseclassic.com



"ပြေး . . . ပြေးကို တွေ့ . . . တွေ့ခဲ့သေးလား ကိုမဲတူ"

"ပြေးတော့ မတွေ့ခဲ့ပါဘူး သောင်းစိန်"

"ဒါ . . . ဒါဆို င . . . ပြေး သေပြီနဲ့တူတယ် ကိုမဲတူ"

"ပြေး သေပြီဟုတ်လား သောင်းစိန်။ ပြေး ဘာဖြစ်လို့လဲ"

"ပြေး . . . ကျုပ်နဲ့အတူ မဆယ်ဂလိုင်ကွေ့ကို ငါး သွားရှာခဲ့တာ ကိုမဲတူ"

"ဟေ . . . ဟုတ်လား"

ကျုပ်စကားကြားတော့ ကိုမဲတူတောင် အံ့အားသင့်ပြီး အသံတောင်ထွက်သွားတယ်။ ပြီး ကျုပ်ကို ကြည့်ကြည့်ပြီး တအံ့တဩဖြစ်နေတဲ့ ကိုမဲတူ အကြည့်။

"မင်းလည်း မဆယ်ဂလိုင်ကွေ့မှာ နာနာဘာဝတွေ ရှိတယ်ဆိုတာ မင်းသိရက်နဲ့ကွာ။ ဘာဖြစ်လို့သွားတာလဲ သောင်းစိန်ရာ။ အံ့ပါ့ကွာ"

ကိုမဲတူက ကျုပ်ကို မချင်မရဲလေသံနဲ့ ပြောပြီး





ဆေးပေါ့လိပ်ကို ဖွာနေတယ်။ ကျုပ် ပြေးအတွက် စိတ်မကောင်းဖြစ်သွားမိတယ်။ ကြည့်လေ။ ကျုပ်တောင် ကံသီလို့ ကိုမဲတူတို့ ဗိုက်ချအပြန်တွေ့လို့ တော်သေးတာ။ ဒီအတိုင်းဆို ပြေးအဖြစ်က မတွေးဝံ့စရာ။

"စိတ်မကောင်းဖြစ်မနေပါနဲ့ သောင်းစိန်ရာ။ ငါ မင်းပိန်းမကို လူကြုံနဲ့ စကားထိုးပြီးပါပြီ။ မကြာခင် လာပါလိမ့်မယ်။

ကိုမဲတူက ကျုပ်အဖြစ်ကို လူကြုံနဲ့စကားကမ်းထားလို့ ကျုပ်မိန်းမ မြရီ သိသွားလို့ ကျုပ် စိတ်အေးသွားပေမယ့် မအေးနိုင်တာက ပြေး။ ပြီး ကျုပ်ခြေထောက်ကဒဏ်ရာ။

"ကိုမဲတူ ကျုပ်ခြေထောက်ကဒဏ်ရာက တစ်ခုခု ကိုက်ထားသလိုပဲဗျ။ ဘာကိုက်တယ်ဆိုတာ ကျုပ်လည်း မသိဘူး"

"မင်းခြေထောက်ကို ငါးကိုက်တာ သောင်းစိန်။ မင်းကို ငါတို့ ချောင်းထဲက ဆယ်နေတုန်း ငါးကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းအနားမှာ တွေ့ခဲ့ရတယ်"

"ဗျာ"

ဒီတစ်ခါ အံ့ဩတာကြီးဖြစ်မိတာက ကျုပ်။ ကိုမဲတူ့စကားက ကျုပ်အတွက် ရင်ထိတ်စရာဖြစ်နေတာ။ ဒါဆို ကျုပ်တွေ့ခဲ့တဲ့ ငါးကြီးလား။ ဘုရား . . . ဘုရား . . . ကျုပ်တွေးမိရင်း ဘုရားတ,မိတယ်။ တကယ်လို့သာ အဲဒီငါးကြီး ကျုပ်ကိုကိုက်ရင် ကျုပ် အသက်ရှင်ဖို့ လမ်းမမြင်တဲ့ဘဝ။

"အစ်ကိုသောင်းစိန် . . . အစ်ကိုသောင်းစိန်"

"ဟင် . . . င . . . ပြေူး"

ကျုပ်အဖြစ်ကို ကျုပ်တွေးနေတုန်း တဲရှေ့က ခေါ်သံကြားလို့ ကျုပ်ကြည့်လိုက်တော့ ကျုပ်မိန်းမ မြရီနဲ့ပြေူး။ ကျုပ် ပြေူးကို တွေ့လိုက်ရလို့ ကျုပ် အတော့်ကြီး အံ့ဩသွားမိတယ်။

"ပြေူး . . . မင်းမသေဘူးနော်"

"ကျုပ် မသေပါဘူးအစ်ကိုရာ။ အစ်ကို့အတွက် စိုးရိမ်ပြီး ကျုပ် ချောင်းထဲမှာရှာတာ။ ဘယ်မှမတွေ့လို့ ကျုပ်





ငိုလိုက်ရတာ အစ်ကိုရာ။ အစ်မသာ မေးသာကြည့်"

"ဟုတ်တယ် . . . အစ်ကိုသောင်းစိန်။ သူ့ကြောင့် သေတယ်ဆိုပြီး အရက်တွေမူးပြီး ငိုလိုက်တာ။ အဲဒါ ကိုထွန်းအုံပြောလို့ အစ်ကို ချောင်းဖျားရောက်နေတာ သိရတာ"

ကျုပ်မိန်းမ မြရီရဲ့စကားသံနဲ့အတူ ကျုပ် ပြေူးကို ကြည့်လိုက်မိတယ်။ ပြေူးက ကျုပ်မသေတာတွေ့လို့ မျက်ရည်လေးဝဲဝဲနဲ့ ကြည့်နေတဲ့အဖြစ်။

"ဟုတ်တယ် . . . ပြေူးရေ။ အဲဒီညက မင်းအစ်ကိုသောင်းစိန် မသေဘဲ ချောင်းထဲမှာ မျောလာတာကွ။ ငါတို့သောင်းစိန်ကို ဆယ်တော့ ငါးကြီးတစ်ကောင်ကိုတွေ့ခဲ့ရသေးတယ်ကွ"

"ငါး . . . ငါးကြီး ဟုတ်လား ကိုမဲတူ"

"အဲဒါ မင်းအစ်ကို သောင်းစိန်က မင်းသေမှာပဲဆိုပြီး စိတ်မကောင်းဖြစ်နေတာ"

ကိုမဲတူ့စကားကို နားထောင်ပြီး ကျုဂ် ငါးကိုက်ထားတဲ့ခြေထောက်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြူးမျက်နှာ။

"ငါ မေးပါရစေဦး ပြူးရာ။ မင်းက ဘယ်လိုနဲ့ အိမ်ပြန်ရောက်သွားတာလဲ"

ကျုပ်မေးမှ ပြူးက သူ့အဖြစ်ကို သူအံ့ဩနေဟန်တူတယ်။ ပြီး ကျုပ်ကိုကြည့်ပြီး . . .

"ကျုပ် ခုလိုအဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ မထင်မိဘူး အစ်ကိုရာ။ ငါးကြီး လှေမှောက်ပြီး အစ်ကို ရေထဲကျသွားတဲ့အချိန်မှာ ကျုပ် လှေကိုဖက်ထားရင်း အစ်ကို့ကို ခေါ်သေးတယ်၊ အဲဒီမှာ ဝဲကတော့ကြီးနဲ့အတူ ကျုပ် ရေအောက်မြုပ်သွားပြီး ဒုန်းဆိုတဲ့အသံကို ကြားရတယ်"

"ရေ . . . ရေအောက် ဟုတ်လား ပြူး"

ကျုပ်ခြေထောက်ကရတဲ့ဒဏ်ရာကိုတောင် မေ့လျော့သွားမိတယ်။ ပြူးအဖြစ်က ကျုပ်ထက် စိတ်ဝင်စားစရာဖြစ်နေတာ။

"အဲဒါနဲ့ ကျုပ် လှေကိုဖက်ရင်း ကြည့်လိုက်တော့ အဘိုးကြီးတစ်ယောက်ကို တွေ့ရတယ်။ အဲဒီအဘိုးကြီးက



ကျုပ်ကိုကြည့်ပြီး လူလေးနဲ့ ဘဝပဋ္ဌာန်းဆက်တွေမပြတ်လို့ ပြန်တွေ့ရတာလို့ပြောရင်း ရွှေထည်ပစ္စည်းတွေကိုပြတယ်။ ကျုပ် ရွှေထည်တွေကိုကြည့်ရင်း ကျုပ်မျက်စိထဲမှာ ခင်လှရီကို သွားမြင်မိတယ်။

"ခင် . . . ခင် . . . လှရီ"

ကျုပ် ပြူးစကားကြောင့် အံ့ဩသွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်သိထားတဲ့ လူဝင်စား ပြူးဘဝ။ ဟိုဘဝကဆုံခဲ့တဲ့ ခင်လှရီအဖြစ်။ ကျုပ်ကို ပြူးပြောထားလို့ ကျုပ် ယုံရအခက်၊ မယုံရအခက်ဖြစ်နေမိတာ။

"အဘိုးကြီးက ကျုပ်ကိုပြောတယ် အစ်ကို။ ဒီရွှေထည်တွေက မင်းဘဝဟောင်းက ပစ္စည်းတွေတဲ့။ ပြီးတော့ မင်းနဲ့ပတ်သက်တဲ့ အတိတ်ဘဝကလူနဲ့ ပြန်ဆုံတွေ့ဖို့ အဘိုးကယ်လိုက်တာတဲ့။ ကျုပ်လည်း ကျုပ်အဖြစ်ကို အံ့ဩနေတုန်း ငါးကြီးတစ်ကောင်တွေ့လို့ ကျုပ် လန့်ပြီးပြေးရင်း ကြည့်လိုက်တော့ ကျုပ် လတာပြင်ပေါ်ရောက်ပြီး အိပ်မက်လား၊ တကယ်လားဆိုတာ ဝေခွဲလို့မရခဲ့ဘူး။ အဲဒီမှာ ကိုဖိုးမောင်တို့

www.burmeseclassic.com

www.burmeseclassic.com



လေ့နဲ့တွေ့ခဲ့တာ။ ကျုပ် ခေါ်သံကြားတော့ ကိုဖိုးမောင်က သရဲခြောက်တယ်လို့ ထင်နေတာ"

"သရဲ ဟုတ်လား ပြေူး"

"ဟုတ်တယ် . . . အစ်ကိုသောင်းစိန်။ ကျုပ်ရောက်နေတဲ့ လတာပြင်ပေါ်က သချိုင်းကုန်းဟောင်းကြီး အစ်ကို။ ပြီးတော့ ကိုဖိုးမောင်က ကျုပ်ရောက်နေတဲ့ လတာပြင်ဘေးမှာ ငါးကြီးတစ်ကောင်တွေ့ပြီး ပျောက်ပျောက်သွားလို့ လိုက်ရှာင်းနေတာ။ ကျုပ်ကို လုံးဝမတွေ့ခဲ့ရဘူး။ ကျုပ်အသံကြားမှ လန့်ဖျပ်ကုန်ကြတာ"

ပြေူးစကားကြောင့် ကျုပ်တင်မကဘူး၊ ကိုမဲတူပါ အံ့ဩနေရှာတယ်။

"ဒါဆို . . . မင်းအဖြစ်က အံ့ဩစရာပါလား ပြေူးရာ။ ငါတို့လည်း အဲဒီချောင်းထဲမှာ အမြဲတမ်းပိုက်ချနေတာကွ။ အဲဒီမဆယ်ဂလိုင်ကွေ့ဝဲက ငါးကြီးတွေကို ငါမယုံဘူး"

"ဘာဖြစ်လို့လဲ ကိုမဲတူ"

"ဟ . . . ဘာဖြစ်ရမှာလဲ ပြေူးရာ။ တစ်ည ငါ အဲဒီ





အနားမှာ အရဲစွန့်ပြီး ပိုက်ပျောနေတုန်း ငါးကြီးတစ်ကောင် ပိုက်ထဲတိုးပြီး ဆွဲသွားတာတွေ့ရက်နဲ့ ငါ ပိုက်ဆွဲတင်တော့ ငါးကြီးမတွေ့ရတော့ဘူးကွ။ ငါလည်း ကြောက်ပြီး ပြန်လာခဲ့တာ။ အဲဒီဂလိုင်ကွေ့ဝဲက မိစ္ဆာတွေလှည့်စားတာပဲဖြစ်မယ်"

ကိုမဲတူစကားသံနဲ့အတူ ကျုပ် ပြေူးဆီကို အကြည့်ရောက်သွားမိတယ်။ ပြေူးက ချောင်းရေပြင်ကို ငေးကြည့်ပြီး ဘဝဟောင်းက ခင်လှရီကိုပဲ တွေးနေမိသလား။ ဒါမှမဟုတ် သူ့ ထူးထူးဆန်းဆန်း အသက်မသေခဲ့တဲ့အဖြစ်ကိုပဲ စဉ်းစားနေသလား မသိဘူး။ ကျုပ်စိတ်ထဲမှာ မပျောက်နိုင်တာက မဆယ်ဂလိုင်ကွေ့ဝဲကြီးထဲက ငါးကြီး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ကျုပ် ပြူးကို စိတ်မချနိုင်ဘဲ မျက်စိအောက်က အပျောက်မခံနိုင်ခဲ့တာ။ ပြူးလည်း သူ့အဖြစ်ကို သူတွေးမိပြီး ဆန်းဆန်းကြယ်ကြယ်ဖြစ်နေဟန် တူတယ်။

"မင်းဖြစ်ခဲ့တဲ့အတိုင်းဆို မဆယ်ဂလိုင်ကျွေ့ကို ပိုပြီး မသွားသင့်တော့ဘူး ပြူး"

"မဆယ်ဂလိုင်ကျွေ့ကို ကျုပ်ကို ဘာဖြစ်လို့ မသွားစေချင်တာလဲ အစ်ကို"

"ခက်တာပဲ ပြူးရာ။ မင်းနဲ့ငါ အဲဒီသွားမိလို့ ကံကောင်းလို့ မသေခဲ့ကြတာမဟုတ်လား"

○———ဂျွှဒေသ———○



"အစ်ကို မသွားရဲလဲ ကျုပ်သွားရမယ် အစ်ကို"

ကျုပ် ပြူးစကားကို ကြားလိုက်ရတော့ အတော့်ကို အံ့ဩထိတ်လန့်သွားမိတယ်။

"မင်းက ဘာဖြစ်လို့ အဲဒီကို သွားမှာလဲ ပြူးရာ။ အစ်ကို့ကို ပြောစမ်းပါဦး"

ကျုပ်စကားကြားတော့ ပြူး တွေတွေလေးဖြစ်သွားတယ်။

"ဒီ . . . ဒီလိုပါ အစ်ကိုရယ်။ ကျုပ် ခုတလော အိပ်မက်တွေ ထူးထူးခြားခြားမက်နေမိတယ်။ ပြီးတော့ ကျုပ် ဘဝဟောင်းကပစ္စည်းတွေက အဲဒီမှာရှိတာ။ အဲဒါတွေရမှ ကျုပ် ခင်လှရီကို ဘဝချင်းဆုံပြီးပေးရမှာ"

ပြူးက သူ့အဖြစ်ကို ကျုပ်ကိုပြောပြီး သူ့ဘဝဟောင်းကို ပြန်တွေးမိဟန်တူတယ်။ မျက်နှာလေးညှိုးငယ်ပြီး ချောင်းရေပြင်ကိုကြည့်နေတယ်။ ကျုပ်လည်း ပြူးအဖြစ်ကို တွေးလို့မရအောင်ဖြစ်သွားမိတယ်။

"ပြီးတော့ ကျုပ်ချစ်ခဲ့တဲ့ ခင်လှရီ တစ်နေရာရာမှာ

○———ဂျွှဒေသ———○

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသလိုလို ကျုပ်စိတ်ထဲမှာ ထင်ထင်နေမိတယ် အစ်ကို ရာ"

ပြေူးရဲ့ ထူးထူးဆန်းဆန်းစကားကြောင့် ကျုပ် ဘယ်လိုပြောရမှန်းတောင် မသိဘဲ ဖြစ်သွားမိတယ်။

"သိပ်ပြီး အစွဲအလမ်းမထားပါနဲ့ ပြေူးရာ။ မင်း ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ ကိုရွှေတင်ဆို သေတဲ့တောင် အစွဲ အလမ်းကြီးမိလို့ မကျွတ်မလွတ်တဲ့ ပြိတ္တာဘဝရောက်နေခဲ့ တာ မဟုတ်လား။ ဒီတော့ ဘုရားရှိခိုး မေတ္တာပို့ပါကွာ။ ဒါမှ မကောင်းဆိုးဝါးတွေ မင်းကို မကပ်နိုင်မှာ မဟုတ်လား။

"အစ်ကိုပြောတာ ဟုတ်ပါတယ် အစ်ကို။ ဒါပေမယ့် ကျုပ် ခုတလော မြင်ယောင်နေမိတာက ဟိုဘဝက လူမိုက် ဘရွှေဆိုတဲ့ကောင်ပဲ အစ်ကို။ တွေ့ရင်တော့ မလွယ်ဘူး တောက်"

ပြေူးရင်ထဲမှာ ဘယ်လောက်ခံစားနေရမှန်း မသိဘူး။ ကျုပ်ကိုပြောရင်း တက်ခေါက်သံပြင်းပြင်းပေါ်လာ လို့ ကျုပ်အံ့အားသင့်သွားမိတယ်။ ဟုတ်တယ်လေ။ အငြိုး





ကြီးတဲ့ပြေူး။ အရင်ဘဝက ပြေူးကို သေနတ်နဲ့ပစ်သတ် ခဲ့တဲ့ဆိုတဲ့ လူမိုက်ဘရွှေ။

"လူမိုက်ဘရွှေဆိုတာက မင်းနဲ့ ဘဝတွေခြားခဲ့ပြီ မဟုတ်လား ပြေူးရာ။ ဘာဖြစ်လို့ လူမိုက်ဘရွှေအပေါ် အခဲမကျေနိုင်ဘဲဖြစ်နေတာလဲ"

"ကျုပ် . . . ကျုပ် အဲဒီကောင်ကို မကျေနပ်ဘူး အစ်ကို။ အဲဒီကောင်ကြောင့် ကျုပ်သိပ်ချစ်ခဲ့တဲ့ ခင်လှရီနဲ့ ဘဝ . . . ဘဝခြားခဲ့ရတာ အစ်ကိုရာ"

"ကဲပါ . . . ပြေူး မင်းအနားယူတော့။ အစ်ကိုပဲ ငါးရှာတော့မယ်"

ကျုပ် ပြေူးကိုပြောပြီး ကျုပ်လှေပေါ်ရောက် တော့ လကလေးတောင် ထွက်စပြုနေပြီ။ ကျုပ် ဟိုဟိုဒီဒီ ကြည့် ရင်း ကျုပ်လှေဝမ်းထဲမှာ ပါနေကျဖြစ်တဲ့ မှိန်းနဲ့ဓား။ ကျုပ် လှေကို ချောင်းရိုးအတိုင်း လှော်ခတ်လာမိတယ်။ ဒါပေမယ့် ကျုပ် ဘယ်သွားရမှန်းမသိဘူး။ ကျုပ်ဆီ ပြေူး လာနေပြီး ကတည်းက ကျုပ်ကြုံတွေ့ရတဲ့အဖြစ်တွေက သေကောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလဲနဲ့ ထူးထူးဆန်းဆန်းတွေချည်းပဲ မဟုတ်လား။ ကျုပ်လေ့လော့ရင်း သတိရမိပြီး ပြေးနဲ့သွားခဲ့တဲ့ ချောင်းဖျားဘက်ဆီ လှေဦးတည်လိုက်မိတယ်။

ကျုပ် လှေဦးမတည်လို့ မဖြစ်ဘူး။ ပြေးနဲ့ သွားခဲ့တုန်းက ရခဲ့တဲ့ ငါးကြီးငါးကောင်းတွေ။ ကျုပ် လှေလော့ရင်း လရောင်မှုန်ဝါးဝါးနဲ့တွေ့လိုက်ရတဲ့ ချောင်းကမ်းဘေးက ဓနိတောအုပ်ဆီကို အကြည့်ရောက်သွားမိတယ်။ ကြည့်လေ။ ကျုပ်တွေ့လိုက်ရတဲ့ ဓနိတောအုပ်ကြီးက လေမတိုက်ဘဲ ယိမ်းခါလှုပ်ရှားနေတဲ့အဖြစ်။ ကျုပ်အဖို့ ထူးတူးခြားခြားဖြစ်နေမိတယ်။ ကျုပ် ဓနိတောအုပ်ကိုကြည့်ရင်း ကျောချမ်းသွားသလိုဖြစ်မိတယ်။ သိပ်မကြာဘူး။ တရှဲရှဲမြည်သံကြီးနဲ့ ဓနိတောအုပ်ကြီးထဲက တိုးထွက်လာတဲ့ မည်းမည်းသဏ္ဍာန်ကြီး။ ကျုပ်ကြည့်ရင်း အသံတောင်ထွက်သွားမိတယ်။

"ဟေ့ . . . ဘယ် . . . ဘယ်သူလဲ"

"ကျုပ် . . . ကျုပ် . . . ပါဗျာ"

"ကျုပ်ဆိုတာ ဘယ်သူလဲဆိုတာ ပြော။ မပြောရင်





မိုန်းနဲ့ ပစ်လိုက်မယ်နော်"

"ကျုပ် . . . ကျုပ်ကို မိုန်း . . . မိုန်းနဲ့တော့ မပစ်ပါနဲ့ဗျာ"

ကျုပ် လှေဝမ်းထဲက မိုန်းကိုယူပြီး ကိုင်ရင်းကြောက်ကြောက်လန့်လန့်နဲ့ မေးလိုက်မိတယ်။ ဓနိတောထဲက ထွက်လာတဲ့အသံက လူသံမှန်းသိပေမယ့် ကျုပ် ဘယ်သူဘယ်ဝါမှန်းမသိဘူး။ အဲဒီလူသံက ကြောက်ကြောက်ရွံ့ရွံ့နဲ့ပြောပြီး ဓနိတောအစပ်မှာရပ်နေတာ။ ဒါနဲ့ ကျုပ် လက်နှိပ်ဓာတ်မီးနဲ့ လှမ်းထိုးကြည့်မိရင်း ကျုပ် ရင်တုန်ပန်းတုန်ဖြစ်သွားမိတယ်။ ကြည့်လေ။ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး အဝတ်ဗလာနဲ့ လူကြီးတစ်ယောက်။ လက်ထဲမှာ ကြက်တွေဆွဲပြီး ကျုပ်ကို တွေ့လိုက်ရလို့ သူခိုးလူမိတဲ့ပုံပံနဲ့ တုန်တုန်ယင်ယင်ဖြစ်နေတာ။ ဒါနဲ့ ကျုပ်မနေသာဘူး။

"ခင်ဗျား . . . ဘယ်သူလဲ မှန်မှန်ပြောစမ်း"

"ကျုပ်နာမည် ငထင်ပါဗျာ"

ကျုပ် ငထင်ဆိုတဲ့ နာမည်ကို ကြားလိုက်ရလို့



www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩသွားမိတယ်။ ကျုပ်တို့ ကွင်းဘက်မှာ ထေင်ဆိုတဲ့ နာမည်မရှိတာ ကျိန်းသေ။ ပြီး ခုတလော ကွင်းတဲဘက်မှ ကြက်တွေ အခိုးခံရတဲ့သတင်းက ပြန့်နေတာ။ ဒါဆို ကျုပ် ရှေ့မှာ ကြက်ဆွဲပြီးရပ်နေတဲ့ ထေင်က ကြက်သူခိုးပဲဖြစ်မယ်။ ဘယ်နှယ့်ဗျာ။ သူမို့ သရဲမကြောက်၊ တစ္ဆေမကြောက် ကြက် ခိုးရတယ်လို့"

"ခင်ဗျား ကွင်းထဲက ကြက်တွေ ခိုးလာတာမဟုတ် လား မှန်မှန်ပြောစမ်း"

"ဗျာ . . . ကြက်သူခိုး ဟုတ်လား။ ကျုပ် ကြက်မခိုး ရပါဘူးဗျာ။ လေ့သံကြားလို့ ကူးတို့ထင်ပြီး ဟိုဘက်ကမ်းကို ကူးချင်လို့ ခေါ်မလို့ထွက်လာတာပါ"

ကျုပ် ထေင်ဆိုတဲ့ လူကြီးကိုကြည့်ပြီး မသင်္ကာဘူး။ ဘယ်နှယ့်ဗျာ။ ညကြီးမင်းကြီး ခနိတောကြီးထဲက ဖြုန်စား ကြီးထွက်လာတာ မဟုတ်လား။ ကျုပ်တောင် စောစောက သရဲထင်ပြီး ကြောက်သွားမိတာ။

"နေပါဦး . . . ခင်ဗျားက အချိန်မရှိကြီး ဘာဖြစ်လို့





လာတာလဲ။ ကျုပ် ခင်ဗျားကို သရဲခြောက်နေတာ အောက် မေ့နေတာ"

"ကျုပ် . . . သရဲ ဟုတ်လား။ သရဲဆို ကျုပ်လည်း ကြောက်လို့ အပြေးလာခဲ့တာဗျ . . . မြန်မြန်လာပါဗျာ"

ကျုပ်စကားကြားမှ အဲဒီ ထေင်ဆိုတဲ့ လူကြီး တုန် တုန်ယင်ယင်နဲ့ အသံထွက်လာတယ်။ အဲဒါနဲ့ ကျုပ် လှေကို ခနိတောဘေးလည်း ကပ်လိုက်ရော၊ အဲဒီ ထေင်ဆိုတဲ့ လူကြီး ကျုပ်လှေပေါ်ကို စွေ့ခနဲခုန်တက်ပြီး . . .

"ကျုပ်က ဒီနယ်သား မဟုတ်ပါဘူးဗျာ။ ပင်လယ် ဘက်က လာတာပါ။ မနေ့ကမှ ဘောက်တူသမ္ဗန်ကြီးနဲ့ ရောက်လာတာပါ။ အဲဒါ ချောင်းရေစစ်နေလို့ ဒီဘက်ချောင်း ကို မလာနိုင်တာပါ။ ရိက္ခာပြတ်သွားလို့ ဒီဘက်ကွင်းထဲမှာ ကြက်ဝယ်ရင်း မိုးချုပ်သွားတာပါ"

"ခင်ဗျားလာတာက ဘောက်တူသမ္ဗန်ကြီးနဲ့ဆို တော့ ထင်းရောင်းလာတာလား၊ ခနိရောင်းလာတာလား"

"ခနိရောင်းလာရင် သမ္ဗန်ပိုင်ရှင်က ဒီဘက်မှာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်ရှိလို့လာတာ။ ကျုပ်က လေ့ထိုးသားပါ"

ကိုထင်စကားကြားမှ ကျုပ် ပင်လယ်ဘက်မှာနေတဲ့ တစ္ဆေဘထွန်းကို သတိရသွားမိတယ်။

"ဒါဆို ခင်ဗျားတို့ သမ္ဗန်ပိုင်ရှင်က တစ္ဆေဘထွန်းများလား"

"ခင် . . . ခင်ဗျားက ကျုပ်ဆရာကို သိနေတယ်ဟုတ်လား။ ကျုပ်ဆရာက ခင်ဗျားပြောတဲ့ တစ္ဆေဘထွန်းပျ။ သူ့သမီးလေးတောင် ပါလာသေးတယ်"

ကျုပ်လည်း ကိုထင်စကား ကြားကြားချင်း ငါးတောင် ဆက်မရှာတော့ဘူး။ လှေကလေးလော်ရင်း ချောင်းရေစီးအတိုင်း စုန်ပြီးမျောလိုက်လာမိတယ်။ ကျုပ် ချောင်းလေးအတိုင်းသွားရင်း ချောင်းကျယ်ကြီး အလယ်မှာ ကျောက်ချပြီးထားတဲ့ ဘောက်တူသမ္ဗန်ကြီးဆီက မီးရောင်လှဲ့လှဲ့။

"ဗျို့ . . . ဆရာဘထွန်း။ ဆရာဘထွန်းနဲ့သိတဲ့ ဧည့်သည်ပါလာတယ်"

o——ရှေ့ဆက်ရန်——o



ကိုထင်က ကျုပ် လှေဘောက်တူသမ္ဗန်ကြီးမရောက်ခင် လှမ်းအော်သံကြားလို့ထင်ရဲ့ ဘောက်တူသမ္ဗန်ကြီးပေါ်က ရေနံဆီမီးခွက်ကြီးနဲ့ ထွက်ပြီးကြည့်နေတဲ့ တစ္ဆေဘထွန်း။ ကျုပ်လည်းမြင်ရော . . .

"ဟာ . . . ကိုသောင်းစိန်ပါလား။ လာဗျို့ . . . တွေ့ရတာဝမ်းသာလိုက်တာဗျာ။ သမီးယဉ်မြသီ အဖေပြောပြောနေတဲ့ အဖေ့ကျေးဇူးရှင်လာပြီ"

တစ္ဆေဘထွန်းရဲ့စကားသံနဲ့အတူ ကျုပ်လှေကိုဘောက်တူသမ္ဗန်ကြီးနဲ့ကပ်ပြီး ကျုပ် ပေါင်မိုးထဲကိုဝင်လိုက်မိတယ်။ ကျုပ် တွေ့လိုက်ရတဲ့ တစ္ဆေဘထွန်းရဲ့သမီးလေးယဉ်မြသီ။ သူ့အဖေ တစ္ဆေဘထွန်းနဲ့ လားလားမှမဆိုင်တဲ့ ရုပ်ရည်နဲ့တွေ့ရတဲ့ အဖြစ်။ ကျုပ် ကြည့်ရင်း အံ့အားသင့်နေမိတယ်။

"ကိုသောင်းစိန်က ကျုပ်သမီး ယဉ်မြသီကိုကြည့်ပြီး ကျုပ်ကို အံ့သြနေပြီနဲ့တူတယ်။ သူ့အမေကို ခင်ဗျားသာတွေ့ရင် ပြစ်မှားမိမှာမလွဲဘူး . . . ဟား . . . ဟား . . . ဟား"

o——ရှေ့ဆက်ရန်——o

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဗျာ . . . ကိုဘထွန်းကလည်း"

ကျုပ်လန့်သွားမိတယ်။ တစ္ဆေဘထွန်းက ကျုပ်ကို ကြည့်ပြီး သဘောကျရယ်နေသံက ဟိန်းသွားတယ်။

"နောက်တာပါဗျာ။ ကျုပ်က ခင်ဗျားကိုတွေ့လိုက်ရတော့ ပျော်သွားလို့ဗျို့။ နေပါဦး ကိုသောင်းစိန် ငထင်နဲ့ ဘယ်လိုများတွေ့ခဲ့ကြတာလဲ"

"ကျုပ်က ငါးရှာဖို့ ထွက်လာတာ။ အဲဒါ ကိုငထင်ကို ခနိတောထဲမှာတွေ့လို့ ကျုပ်က သရဲခြောက်တယ်တောင် ထင်သွားတာ"

"ခင်ဗျားထင်လည်း ထင်စရာဗျ။ ငထင့်ပုံစံက သရဲလိုလို ဘာလိုလို။ ကျုပ်ကလည်း 'တစ္ဆေဘထွန်း မဟုတ်လား"

"အဖေကလည်း သရဲအကြောင်းပြောနေ သမီးကြောက်ပါတယ်ဆိုမှ"

တစ္ဆေဘထွန်းစကားကြောင့် ယဉ်မြသီ အသံလေး ထွက်လာပြီး ကြောက်ကြောက်ရွံ့ရွံ့မျက်နှာလေးပေါ်လာ



တယ်။

"အဖေ ပျော်လို့စတာပါ သမီးလေးရယ်။ သမီးလေး မကြိုက်ဘူးဆိုတာ အဖေ သိပါတယ်။ ကဲ . . . ငထင် ဟင်းအမြန်ချက်ကွာ။ ရေစောင့်ပြီး တို့သွားရမှာ"

တစ္ဆေဘထွန်းပြောပြီး ကျုပ်ကို ရေနွေးကြမ်းနဲ့ ငါးခြောက်ဖုတ်ဆီဆမ်းပြီး ဧည့်ခံတယ်။ ဒါပေမယ့် ကျုပ် ရေနွေးကြမ်းသောက်နေရပေမယ့် ကျုပ်စိတ်ထဲမှာ ထူးထူးခြားခြားတွေ့ရတဲ့ တစ္ဆေဘထွန်းသမီး ယဉ်မြသီ။ ယဉ်မြသီ လက်ကလေးတွေပြတ်နေတဲ့အဖြစ်၊ ကျုပ် အံ့အားသင့်သွားမိတယ်။ ကျုပ်အကြည့်ကြောင့် ယဉ်မြသီ သူ့အဖြစ်ကို ရိပ်မိသွားဟန်တူတယ်။ ပြတ်နေတဲ့လက်ကလေးကိုဝှက်ပြီး ခေါင်းလေးငုံ့ရင်း ရှက်ရွံ့နေတဲ့အဖြစ်။

"ကျုပ် လှေမှောက်ခဲ့တဲ့အဖြစ်ကို ပြောပြတော့ ကျုပ်သမီးလေး အတော့်ကို အံ့ဩနေရှာတယ် ကိုသောင်းစိန်။ ပြီးတော့ ခင်ဗျား ကျုပ်ကို ကူညီစောင့်ရှောက်တာသိပြီး ကျုပ်သမီးလေးက ခင်ဗျားကို ကျေးဇူးဆပ်ချင်တာရယ်၊ တွေ့

www.burmeseclassic.com

www.burmeseclassic.com



ချင်မြင်ချင်တာနဲ့ ကျုပ် ကုန်ရောင်းရင်းလာခဲ့တာပဲ ကိုသောင်းစိန်"

"အေးဗျာ ... ခင်ဗျားကို ခုလိုပြန်တွေ့ရတော့ ကျုပ်ဝမ်းသာတယ် ကိုဘထွန်းရာ"

"နေပါဦး ... ကိုသောင်းစိန်။ ဟို ... ခင်ဗျားညီ ပြေးရော မပါဘူးလား"

"ပြေး မပါဘူးဗျ။ ခုတလော ပြေး ဘာတွေဖြစ်နေတယ် မသိပါဘူး ကိုဘထွန်းရယ်။ မဆယ်ဂလိုင်ကွေ့သွားမယ်ချည်းပြောပြောနေလို့ ကျုပ် မနည်းတားတားနေရတာ"

"ဘာ ... မဆယ်ဂလိုင်ကွေ့ဝဲ ဟုတ်လား ကိုသောင်းစိန်။ ကျုပ်လည်း အဲဒီဂလိုင်ကွေ့ဝဲအဖြစ်ကိုတော့ လှေသမားတွေ ပြောပြထားလို့ ကျုပ်သိနေတယ်။ အဲဒါ ပြေးက ဘယ်လိုများပတ်သက်နေလို့လဲ ကိုသောင်းစိန်"

တရွှေဘထွန်းရဲ့ အမေးစကားနဲ့အတူ ယဉ်မြသီ မျက်နှာလေး အုံ့ညြတကြီးဖြစ်သွားပုံရတယ်။



"ပြေးက အဲဒီဂလိုင်ကွေ့ဝဲမှာ သူ့ဘဝဟောင်းက ပစ္စည်းတွေရှိတယ်လို့ ခဏခဏ ပြောပြနေတာ ကိုဘထွန်း"

"ဂလိုင်ကွေ့ဝဲမှာ ပစ္စည်းတွေရှိတယ် ဟုတ်လား အဖေ"

ကျုပ်စကားအဆုံး ပေါ်လာတဲ့ တရွှေဘထွန်းရဲ့ သမီး ယဉ်မြသီစကားကြောင့် ကျုပ် ရင်ထိတ်သွားမိတယ်။ ကျုပ်ရင်မထိတ်ဘဲ ရှိပါ့မလားဗျာ။ ပြေး ခဏခဏပြောတဲ့ ဂလိုင်ကွေ့ဝဲထဲကပစ္စည်း။ ခု ... ယဉ်မြသီရဲ့စကား။

"သမီးက အဲဒီဂလိုင်ကွေ့ကို သိလို့လား။ အဲဒီဂလိုင်ကွေ့ဝဲက မကောင်းဆိုးဝါးတွေနေလို့ ဘယ်သူမှ မသွားရဲတဲ့နေရာ သမီးရဲ့"

"သမီး သိသလိုလို၊ မသိသလိုလို ဖြစ်နေမိတယ်"

ယဉ်မြသီရဲ့စကားကြားမှ ကျုပ် ပြေးဘဝဟောင်းကချစ်ခဲ့တဲ့ ခင်လှရီရဲ့ အဖြစ်ကိုသွားတွေးမိတယ်။ ဒါနဲ့ ကျုပ်လည်း တရွှေဘထွန်းကို စကားဆက်လိုက်မိတယ်။

"ပြေးပြောတာက သူက ဘဝဟောင်းကလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ဗျူ သူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်က အတော့်ကို အံ့သြစရာပဲ ကိုဘထွန်း"

"ငြေပြူးက ဘဝဟောင်းကလာတဲ့သူ ဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ ကျုပ်သမီး ယဉ်မြသီလည်း ဘဝဟောင်းကလာတဲ့သူပဲ။ သမီးလက်ကလေးတွေကိုကြည့် ကိုသောင်းစိန် မွေးလာကတည်းက ပါလာတဲ့အဖြစ်ပဲ"

တဗွေဘထွန်းက ကျုပ်ကိုပြောရင်း သမီးယဉ်မြသီရဲ့မျက်နှာလေးကို ကြည့်နေမိတယ်။

"ကိုဘထွန်း . . . ယဉ်မြသီက ဘဝဟောင်းကလာခဲ့တာ ဖြစ်နိုင်လို့လား"

ကျုပ်က မယုံနိုင်သည့်အလား ဘဗွေဘထွန်းကို ကြည့်ပြီး မေးလိုက်မိတယ်။ တဗွေဘထွန်းက ကျုပ်ကိုကြည့်ပြီး . . .

"ကျုပ်လည်း အစက သမီးလေးအဖြစ်ကို မသိခဲ့ရဘူး ကိုသောင်းစိန်။ သမီးလေးမွေးကတည်းက လက်ကလေးတွေပြတ်နေတာတွေ့ရတာ။ သမီးလေး စကားပြော





ထတ်တဲ့အရွယ်ရောက်မှ လက်ညှိုးထိုးထိုးပြီး ဟိုအဝေးကြီးမှာ ပဲ့ညှင်းတွေရှိတယ်လို့ပြောပြီး ငိုငိုနေတာ။ ပြီးတော့ သူ့ကိုသေနတ်နဲ့ပစ်တယ်လို့ ပြောပြောနေတာ"

ကျုပ် တဗွေဘထွန်းစကားကိုကြားပြီး ယဉ်မြသီကို ကြည့်လိုက်မိတယ်။ ယဉ်မြသီက မျက်ရည်လေးဝဲပြီး နွမ်းထောင်နေရှာတယ်။

"ဒီရေ . . . လာပြီ ဆရာ"

ကျုပ်နဲ့ထဗွေဘထွန်း ဘယ်အထိ စကားကောင်းနေမိတယ် မသိဘူး။ ချောင်းထိပ်ဆီက ထဝေါဝေါမြည်လာတဲ့ ဒီရေတက်သံနဲ့အတူ ကိုငထင်စကားကြောင့် ကျုပ် လှေပေါ်ပြန်တက်ပြီး ဒီရေအလာစောင့်နေမိတယ်။ ကျုပ် ဒီရေကိုမစောင့်လို့ မဖြစ်ဘူး။ ချောင်းအတွင်း လှိုင်းခေါင်းဖြူဖြူကြီးနဲ့ တလိုမ့်လိုမ့်တက်လာတဲ့ ဒီရေစီးသံက ကြက်သီးထဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး . . . သူ့ကိုသိလား"

တစ္ဆေဘာထွန်းရဲ့ အမေးစကားသံနဲ့အတူ ယဉ်မြသီက ပြေးကိုကြည့်ပြီး မျက်စိမျက်နှာပျက်သွားတယ်။ ပြီး အံကိုတင်းတင်းကြိတ်ပြီး မကျေနပ်တဲ့အကြည့်နဲ့ ပြေးကို စူးစူးစိုက်စိုက်ကြည့်နေတဲ့ ယဉ်မြသီအကြည့်။ ကျုပ်တောင် ယဉ်မြသီကိုကြည့်ပြီး ထူးထူးဆန်းဆန်းဖြစ်သွားမိတယ်။ ပြေးက ကျုံ့ကျုံ့လေးထိုင်နေတဲ့ ယဉ်မြသီကိုကြည့်ပြီး တအံ့တသြဖြစ်နေပုံရတယ်။

"သမီး . . . သမီး သူ့မျက်နှာကို မကြည့်ချင်ဘူး"

"သမီး ဘယ်လိုစကားတွေ ပြောလိုက်တာလဲ။



ပြေးကို အားနာစရာကြီးကွယ်"

"ပြောပါရစေဗျာ . . . ကျုပ်ကို ဘယ်လိုပြောပြော ကျုပ် ယဉ်မြသီကို ခွင့်လွှတ်ပါတယ်"

ယဉ်မြသီက ပြေးကိုကြည့်ပြီး မနှစ်မြို့တဲ့ အကြည့်နဲ့ ရုတ်တရက်ပြောလိုက်လို့ တစ္ဆေဘာထွန်းက ပြေးကို အားနာသွားပုံရပြီး တောင်းပန်နေတဲ့အဖြစ်။

"အဖေ . . . သမီးပြန်မယ်"

"နေပါဦးလား သမီးလေးရယ်။ သမီးပဲ တွေ့ချင်လို့ဆို"

"ဟင့်အင်း . . . ဒီလူ့မျက်နှာကို သမီးမကြည့်ချင်ဘူး"

တစ္ဆေဘာထွန်းက သမီးယဉ်မြသီရဲ့စကားကြောင့် ပြေးကို အတော်အားနာတဲ့မျက်နှာနဲ့ကြည့်ပြီး

"ကျုပ်သမီးလေး ဘာဖြစ်သွားတယ် မသိပါဘူးဗျာ။ ကျုပ်ပြန်ဦးမယ်။ နောက်မှပဲ အေးအေးဆေးဆေးစကား ပြောကြတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေဘဝထွန်းက ယဉ်မြသီကိုခေါ်ပြီး ချောင်းရိုးထဲမှာ ကျောက်ချထားတဲ့ ဘောက်တူသမ္ဗန်ကြီးပေါ်ပြန်သွားမှ ကျုပ် ပြေူးမျက်နှာကို ကြည့်လိုက်မိတယ်။ ပြေူးက ယဉ်မြသီရဲ့ ထူးခြားတဲ့အဖြစ်ကို တွေးတောနေဟန်တူတယ်။

"ဘကြီး . . . ဒီကလေးမကို ကြည့်ရတာ ထူးထူးခြားခြားခံစားနေမိတယ် သောင်းစိန်"

ရေနွေးကြမ်းသောက်ရင်း ပြေူးနဲ့ ယဉ်မြသီအဖြစ်ကို အကဲခတ်နေတဲ့ ဘကြီးထုံစကားသံကြောင့် ကျုပ် ပြေူးကို ကြည့်လိုက်မိတယ်။ ကြည့်လေ။ ကျုပ်တို့ဆီ တစ္ဆေဘထွန်း ရောက်လာပြီး ယဉ်မြသီဆိုတဲ့ သူ့သမီးလေးတွေ့မှ ပြေူး ဝေးဝေးမှိုင်မှိုင်ဖြစ်နေတဲ့ အမူအရာ။ ပြီး တစ်စုံတစ်ယောက်ကို မကျေမနပ်ဖြစ်နေတဲ့ ပြေူး။ ကျုပ်ကတော့ ပြေူး ထူးထူးခြားခြားပြောတဲ့ ဘဝဟောင်းက လူမိုက်ဘရွှေ။

"သိပ်လည်း အစွဲအလမ်းမထားပါနဲ့ ပြေူးရာ။ ယဉ်မြသီက မင်းကို သူ့သိနေကျဲ့လူထင်ပြီး ပြောနေတာဖြစ်မယ်။ ပြီးတော့ အဲဒီယဉ်မြသီမှာ ထူးထူးခြားခြားတွေ့ရတာက လက်ကလေးတွေပြတ်နေတာပဲ ပြေူး"



"ဘယ်လို သောင်းစိန်။ မိန်းကလေးမှာ လက်ချောင်းလေးတွေ ပြတ်နေတယ် ဟုတ်လား"

"ဟုတ်တယ် . . . ဘကြီးထုံ။ ကျုပ် ကိုဘထွန်းနဲ့ ဆုံတုန်းက ယဉ်မြသီလက်ချောင်းတွေ ပြတ်နေတာတွေ့လို့ မေးကြည့်တော့ ယဉ်မြသီ မွေးကတည်းက ပါလာတာလို့ ပြောတယ်။

ကျုပ်စကားကိုကြားတော့ ဘကြီးထုံက ယဉ်မြသီအဖြစ်ကို အံ့ဩနေရှာတယ်။ ပြီးတော့ ပြေူးကို ကြည့်ပြီး

"အင်းလေ . . . ဘဝဘဝက ပဋ္ဌာန်းဆက်တွေ မပြတ်သရွေ့ သံသရာခရီးမှာ ဒီလိုပဲ တွေ့ကြုံကြဦးမှာ မလွဲဘူး ပြေူး။ ခု . . . ဒီကလေးမကို ကြည့်ရတာ ပြေူးကိုကြည့်ပြီး နာကြည်းနေပုံထောက်ရင် ဘဝဟောင်းမှာ မမေ့နိုင်တဲ့အစွဲအလမ်းတစ်ခုကို အမှတ်ရမိပုံထောက်တယ်။ အဘထင်တာက ဒီယဉ်မြသီဆိုတဲ့ ကလေးမက ပြေူးနဲ့များ ပတ်သက်နေမလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ယဉ်မြသီက ကျုပ်နဲ့ပတ်သက်နေမယ် ဟုတ်လား"

"ဟုတ်တယ် . . . ပြေပြူး။ အဘကြုံတွေ့ခဲ့ရတဲ့ ပိုက်ဆွဲဆိုတဲ့ လူတစ်ယောက်အဖြစ်ကို သတိရမိသွားတယ်"

ဘကြီးထုံက ပြေပြူးနဲ့ ယဉ်မြသီအဖြစ်ကို အကဲခတ်ပြီး ပြောလိုက်တဲ့စကားကြောင့် ပြေပြူး ကျုပ်ကိုပြောခဲ့တဲ့ ခင်လှရီ၊ ခု . . . ယဉ်မြသီဆိုတဲ့ ကလေးမလား။

"ဒီလိုကွ . . . ပိုက်ဆွဲဆိုတဲ့ လူအဖြစ်က အတော့်ကို ဆန်းကြယ်တာကွ။ အဘအမေ ငယ်ငယ်တုန်းကနေခဲ့တဲ့ ရွာမှာ ဖြစ်ခဲ့တာ။ ရွာစွန်းမှာ ခြံပျက်ကြီးတစ်ခုရှိတယ်။ ဒီခြံပျက်ကြီးရဲ့ ပိုင်ရှင်လင်မယားမှာ သမီးလေးတစ်ယောက်ပဲ ထွန်းကားခဲ့တာ။ အဲဒီခြံပိုင်ရှင်ဇော်ဇွ ဆုံးပါးပြီး ကျန်ခဲ့တဲ့ သမီးလေးက တစ်ရပ်တစ်ကျေးကို ထွက်သွားသလို သတင်းကြားပြီး ဇာတ်မြုပ်သွားတာ"

"ခက်နေတာက အဘ ခုပြောမယ့် ပိုက်ဆွဲပဲကွ။





ပိုက်ဆွဲက ရွာမှာ စိုက်ရေးပျိုးရေး ဝါသနာပါတော့၊ အဲဒီခြံပျက်ကုန်း လွတ်နေတာတွေ့ပြီး သစ်ပင်စိုက်ချင်တာ။ ဒါပေမယ့် ခြံပိုင်ရှင်မရှိလို့ ခက်နေတာ။ ပြီးတော့ အဲဒီခြံပျက်ကြီးနဲ့ပတ်သက်ပြီး ရှူးသွားတဲ့ ငချွန်ဆိုတာ ရှိခဲ့ဖူးတယ်"

"ငချွန်က ရှူးသွားတယ် ဟုတ်လား ဘကြီးထုံ"

ကျုပ် ဘကြီးထုံစကားကြားပြီး စိတ်ဝင်စားသွားမိတယ်။

"ပြောရရင်တော့ သောင်းစိန်ရာ။ အဲဒီငချွန်က အသောက်အစားမလွတ်ဘဲ အရက်မူးမူးနဲ့ ခြံပျက်ကြီးထဲကို သွားအိပ်ခဲ့တာ။ ငချွန် အဲဒီခြံပျက်ကြီးထဲမှာ ဘာတွေ့ခဲ့သလဲ မသိဘူး။ အော်ဟစ်ပြီး ထွက်ပြေးလာခဲ့တာ၊ အိမ်လည်းရောက်ရော သတိမေ့သွားလို့ မနည်းနာနှပ်ယူခဲ့ရတာ။ ငချွန် သတိရပြီးပြောနေတာက စံပယ်ဆိုတဲ့ နာမည်ပဲ"

"ငချွန်ကို ဆေးမကုဘူးလား ဘကြီးထုံ"

"ဆရာမျိုးစုံနဲ့ ကုသပါပကောလား။ ဒါပေမယ့် အဲဒီခြံပျက်ကြီးထဲက မကျွတ်မလွတ်တဲ့ မကောင်းဆိုးဝါးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်လွှတ်ခဲ့တာလို့ ပြောတယ်။ ဒါပေမယ့် ပိုက်ဆွဲက ငချွန့်အဖြစ်ကို မယုံဘူး။ တစ်နေ့ ဘာပဲဖြစ်ဖြစ် ခြံရှင်းပြီး စိုက်မယ်ဆိုပြီး ခြံပျက်ကြီးထဲကို ပိုက်ဆွဲ မြေသွားရှင်းရင်းနဲ့ ငချွန်ပြောပြောနေတဲ့ စံပယ်ဆိုတဲ့ အမျိုးသမီးနဲ့ ဆုံတွေ့ခဲ့တာပဲ"

ဘကြီးထုံက စကားပြတ်ပြီး ဆေးပေါ့လိပ်သောက်နေတယ်။ ကျုပ် ဘကြီးထုံ ဆက်မယ့်စကားကို နားထောင်နေမိတယ်။ ဘကြီးထုံက ဆေးပေါ့လိပ်ကို အားရအောင်ဖွာရှိုက်ပြီးမှ . . .

"ငချွန်ပြောတဲ့ စံပယ်ဆိုတဲ့ မိန်းကလေးက ခြံပိုင်ရှင်နဲ့ ဆက်နွယ်နေတာ"

"ဒါဆို စံပယ်က ဒီခြံပျက်ကြီးထဲမှာ တစ်ယောက်တည်းနေတာပေါ့ ဟုတ်လား ဘကြီးထုံ"

"ဟုတ်တယ် . . . ပြေုး ရှာနဲ့ လုံးဝ အဆက်အသွယ်ဖြတ်ပြီး တစ်ယောက်တည်းနေတာ"

"ငချွန် ရူးခဲ့တာ စံပယ်ကိုတွေ့ပြီး ဘာကြောင့်ရူး





တာလဲ ဘကြီးထုံ"

"အဘာတွေးမိတာက စံပယ်ဆိုတဲ့ မိန်းကလေးရဲ့ ရတနာတွေကိုတွေ့ပြီး ငချွန်ယူခဲ့တာပဲဖြစ်မယ်။ အဲဒါ မကောင်းဆိုးဝါးတွေနဲ့တွေ့ပြီး ကြောက်လန့်ပြီး ရူးခဲ့တာပဲဖြစ်နိုင်တယ်။ ငချွန် ဘယ်လိုရူးခဲ့တယ်ဆိုတာ ပြောလို့ကို မရဘူး"

"ဒါဆို . . . ကိုပိုက်ဆွဲကရော ဘကြီးထုံ"

ကျုပ်မပြောနဲ့ ငှငှကြီးထိုင်နေတဲ့ ပြေုးတောင် မနေသာဘူး။ ဘကြီးထုံကို စကားဆက်နိုင်းနေတာ။

"ပိုက်ဆွဲအပြောကတော့ သူခြံရှင်းရင်း ခြံထဲက ခြတောင်ပို့ကြီးတစ်ခုတွေ့လို့ တူးကြည့်တော့ အဲဒီခြတောင်ပို့ကြီးက အုတ်ဂူပျက်ကြီးဖြစ်နေတာ။ ပိုက်ဆွဲလည်း မကြောက်မလန့် အုတ်ဂူပျက်ကြီးကိုဖော်ကြည့်မှပဲ လန့်အော်မတတ်ဖြစ်သွားမိတယ်"

"ဘာ . . . ဘာတွေ့လို့လဲ ဘကြီးထုံ"

"ဒီလိုကွ . . . အဲဒီအုတ်ဂူပျက်ထဲမှာ လူအရိုးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ အိုးကလေးတစ်လုံးတွေ့ခဲ့တာ။ ပိုက်ဆွဲ အိုးကလေး တွေ့လို့ ဖွင့်ကြည့်လိုက်တော့ ကျောက်မျက်ရတနာတွေ"

"ကိုပိုက်ဆွဲ ကျောက်မျက်ရတနာတွေရလို့ ချမ်းသာသွားပြီပေါ့ ဘကြီးထုံ"

"ဘယ်ကလာ မြေးရာ။ ပိုက်ဆွဲ ချမ်းသာဖို့ နေနေသာ အသက်လုပြီး မြို့ထဲက ပြေးလာခဲ့ရတယ်"

"ဟင်"

ကျွန်ုပ် ဘကြီးထုံစကားကြောင့် အသံတောင် ထွက်သွားမိတယ်။ မြေးက ဘကြီးထုံကို ကြည့်ပြီး အံ့သြတဲ့ မျက်နှာလေးပေါ်နေတယ်။

"ခက်နေတာက ပိုက်ဆွဲ ဘယ်လိုပြေးပြေး အဲဒီမြို့ပျက်ကြီးထဲက ထွက်ပေါက်ကို မတွေ့နိုင်တာ ဟန်းနေတာကွ။ ပြီးတော့ ပိုက်ဆွဲ နောက်လိုက်နေတာက မြွေကြီးကွ"

ကျွန်တော် ဘကြီးထုံစကားကြားပြီး ကျောအေးလိုလို ချမ်းသွားမိတယ်။

"အဲဒီမြွေကြီးက လိုက်ပေမယ့် ပိုက်ဆွဲက ရလာတဲ့





ပစ္စည်းတွေကို လက်လွတ်မှာစိုးပြီး လောဘဇောနဲ့ပြေးရင်း တွင်းကြီးထဲကျခဲ့တာပဲ။ ပိုက်ဆွဲ သတိရပြီးကြည့်လိုက်တော့ ပိုက်ဆွဲကို ကြည့်နေတဲ့ အဘိုးအို၊ ပိုက်ဆွဲ ယူလာတဲ့ပစ္စည်းတွေ မရှိတော့ဘူး။ ပိုက်ဆွဲက အဘိုးကြီးကို ပစ္စည်းတွေ တောင်းတော့ အဘိုးကြီးက ဒီပစ္စည်းတွေဟာ မြို့ပိုင်ရှင်ရဲ့သမီးရဲ့ ပစ္စည်းတွေတဲ့။ သူ့ကိုသတ်ပြီး ရတနာပစ္စည်းတွေယူဖို့ ကြံတဲ့သူကို အခဲမကျေဘဲ တလှဲ့စားချေဖို့စောင့်နေတာတဲ့"

"ဒါဆို . . . ငချွန် တွေ့ခဲ့တဲ့ စံပယ်က"

"အမှန်တော့ စံပယ်က ဘဝဟောင်းကချစ်သူဖြစ်ခဲ့တဲ့ ပိုက်ဆွဲကို ဒီမြို့ပျက်ကြီးမှာ စောင့်နေခဲ့တာ။ ဒါကို ပိုက်ဆွဲ မသိခဲ့ဘူး။ ပိုက်ဆွဲ ပြန်မလာလို့လိုက်ရှာတော့ တွင်းကြီးထဲက ပြန်တွေ့ခဲ့တာ။ အဲဒီကတည်းက ပိုက်ဆွဲလည်း သူ့ဘဝဟောင်းကိုတွေးမိပြီး စံပယ်ဆိုတဲ့ မိန်းကလေးကို ရှာတော့ စံပယ်က တခြားတစ်ရွာမှာနေတာ"

"ဘကြီးထုံပြောသလိုဆို ကိုပိုက်ဆွဲက ဟိုဘဝက ချစ်သူဖြစ်ခဲ့တဲ့ မြို့စားသမီးရဲ့ပစ္စည်းမှန်း မသိခဲ့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သောင်းစိန်။ ဒါကြောင့် မြပေါသာက သူချစ်သူကို အစွဲအလမ်းကြီးပြီး ဘဝသစ်မှာ စံပယ်အဖြစ်နဲ့ ပြန်ပြီးသတိရလို့ ဒီခြံပျက်ကြီးထဲကို လာနေတာ"

ဘကြီးထုံက စကားအဆုံးသတ်လိုက်ပေမယ့် ကျုပ် အဆုံးမသတ်နိုင်တာက ပြေးအဖြစ်။ ဟုတ်တယ်လေ။ ပြေး ကျုပ်ကိုပြောတဲ့အဖြစ်က ဆန်းဆန်းကြယ်ကြယ်။

"ကျုပ် ဘကြီးထုံကို မေးရဦးမယ်။ ဟို . . . ကိုပိုက်ဆွဲချစ်သူ မြပေါသာက စံပယ်ဆိုတဲ့ လူဝင်စားအဖြစ်ကို သိရတော့ ကျုပ် ပြေးအဖြစ်ကို မေးချင်လို့ပါ"

"ဘာ . . . သောင်းစိန်။ ပြေး ဘာဖြစ်လို့လဲ ပြောစမ်း"

ကျုပ်စကားကြောင့် ဘကြီးထုံက ပြေးကိုကြည့်ပြီး တအံ့တသြဖြစ်သွားတယ်။ ပြီး ပြေးကို မယုံကြည်နိုင်တဲ့ မျက်လုံးနဲ့ကြည့်ပြီး . . .

"ပြေး . . . အဘကို ပြောစမ်း"

"ကျုပ် . . . ဟိုဘဝက နာမည်က ဓားဝေးပါ ဘကြီး





ထုံ"

"ဟေ . . . ဟုတ်လား"

ပြေးစကားကြားတော့ ဘကြီးထုံပင် အာမေဋိတ်သံထွက်သွားတယ်။

"ဟုတ်ပါ့မလား ပြေးရာ။ မင်းအဖေ ဘုန်းရှိန်ဆိုဘကြီးနဲ့ သူငယ်ချင်းအရင်းကြီးပဲ။ အေး . . . မင်းပြောလို့ ဘကြီးကို မင်းအမေ မချယ် ပြောဖူးခဲ့တာတော့ရှိတယ်။ မင်းက မောင်နှမတွေကြားထဲမှာ ထူးထူးခြားခြားရုပ်ရည်ရှိတော့ မင်းကို လူဝင်စားဖြစ်နေမလားဆိုတာတော့ ပြောဖူးခဲ့တယ်"

"ကျုပ်အမေက ဘကြီးကိုပြောခဲ့တယ် ဟုတ်လား။ ကျုပ်ကိုတော့ ဘာမှမပြောဘူး"

"ဒီလိုကွ . . . မင်းအမေ ထူးထူးခြားခြား အိပ်မက်မက်တဲ့အထဲမှာ လူတစ်ယောက်က ရင်ဘတ်ကဒဏ်ရာကြီးကို လက်နဲ့ဖိပြီး ခင်ဗျားဆီ နေပါရစေလို့ပြောပြီး ငိုနေတာ။ မင်းအမေက ကြောက်ပြီး မလာနဲ့လို့ပြောတော့ အဲဒီလူက ခင်ဗျားကို ကျုပ်ပစ္စည်းတွေပေးပါ့မယ်။ ပြီးတော့ ကျုပ်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရှာချင်လို့ပါပြောပြီး ငိုနေလို့ မင်းအမေက သနားပြီးခေါ်လာခဲ့တယ်လို့ ပြောဖူးတယ်"

ကျုပ် ပြေူးကိုကြည့်ပြီး သနားသွားမိတယ်။ ကြည့်လေ။ ဘကြီးထုံပြောလည်း ပြောစရာ။ ညီအစ်ကို မောင်နှမတွေကြားက ထူးထူးခြားခြားဖြစ်နေတဲ့ ပြေူး ရုပ်ရည်။

"ကျုပ်အဖြစ်တွေကို တစ်ခါတစ်ခါ ပြန်တွေးမိပြီး ကျုပ် ငိုချင်မိတယ် ဘကြီးထုံ"

"ဘာဖြစ်လို့လဲ ပြေူး"

"ကျုပ်အချစ်ကို ခွဲခဲ့ရုံတင်မကဘူး၊ ကျုပ်ကိုသတ်ခဲ့တဲ့ လူမိုက်ဘရှေကို ကျုပ်ရှာရဦးမယ် ဘကြီး"

"လူမိုက်ဘရှေ ဟုတ်လား။ လူမိုက်ဘရှေက ခုရှိသေးလား"

"ကျုပ် . . . ပိုးဘဝက ကြုံခဲ့ရတဲ့လူ . . . တောက်"

ပြေူးကပြောရင်း အပေါင်းကအသစ်ဖြစ်လာဟန်တူတယ်။ အံကိုတင်းတင်းကြိတ်ပြီး ထွက်လာတဲ့ တောက်ခတ်သံပြင်းပြင်း။





"သံသရာမဆက်ချင်ပါနဲ့တော့ ပြေူးရယ်။ အဲဒီ လိုလောဘ၊ ဒေါသ၊ မောဟတွေကြောင့် မင်းဘဝ ရှည်လျားတွေပြားခဲ့တာမဟုတ်လား"

"ဘကြီးထုံပြောတာ ကျုပ် လက်ခံပါတယ် ဘကြီးရယ်။ ဒါပေမယ့် ကျုပ် သက်ဆိုင်သူကိုပေးဖို့ ကျန်သေးတယ်။ အဲဒါကြောင့် ကျုပ် မဆယ်ဂလိုင်ကွေ့မှာရှာနေတာ"

"မင်းပစ္စည်းတွေ မဆယ်ဂလိုင်ကွေ့မှာ ရှိတယ်ဟုတ်လား ပြေူး"

"ဟုတ်တယ် . . . ဘကြီးထုံ။ အဲဒါတွေက ကျုပ်ဘဝဟောင်းကချစ်သူကိုပေးဖို့ ကျုပ်သစ္စာဆိုခဲ့တာ"

"ဒါဆို . . . မင်းဘဝဟောင်းကချစ်သူက ဘယ်မှာလဲ"

"ကျုပ်ချစ်သူနာမည်က ခင်လှရီပါ ဘကြီးရယ်။ ခင်လှရီ ကျုပ်လိုပဲ လူ့ဘဝမှာရှိနေတယ်ဆိုတာ ကျုပ်စိတ်ထဲမှာ သိနေတယ်"

ပြေူးက ဝမ်းနည်းကြေကွဲစွာပြောရင်း တဲပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး ချောင်းထဲက လှေတလေးမှာ သွားထိုင်နေပေသယ်။ ဘကြီးထံက ပြေူးကိုကြည့်ပြီး သက်ပြင်းရှည်ကြီးချရင်း

"အင်း . . . လူ့ဘဝ အဖြစ်အပျက်တွေက အတော် ထူးဆန်းတယ် သောင်းစိန်၊ ဘကြီး ပြေူးကို ဒီလိုအဖြစ်မျိုး နဲ့ ကြုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး"

"ဟုတ်တယ် . . . ဘကြီး။ ကျုပ်လည်း ပြေူး အဖြစ်ကို ဘကြီးကို ပြောမပြခဲ့တာ ကျုပ် အစတော မယုံကြည် ခဲ့ဘူး။ ပြီးတော့ ကျုပ်စဉ်းစားမိတာက တစ္ဆေသတ္တဝါပဲ အသား၊ အဲဒီတစ္ဆေသတ္တဝါသမီးလေး ယဉ်မြသီတာ ဘာကြောင့် ပြေူးကိုတွေ့ပြီး မျက်နှာမကြည့်ချင်တာလဲ မသိဘူး"

"အေးလေ . . . သောင်းစိန် ပြောသလို ပြေူး အတွက်တော့ စဉ်းစားစရာဖြစ်နေပြီ သောင်းစိန်။ ဘာပဲဖြစ် ဖြစ် ပြေူးကို ဂရုစိုက်ပါကွာ။ ပြေူး မဆေယ်ပလိုင်တွေကို သွားရင် တစ်ခုခုဖြစ်ရင် မလွယ်ဘူး။ ဘကြီးလည်း သူ့အဖေ ကိုဘုန်းရှိန်ကို ပြေူးကို အိမ်ထောင်ပြုပေးဖို့ တိုက်တွန်းမှ ဖြစ်မယ်"



ကျုပ်ရင်တစ်ခုလုံး ဗိုလ်ထိုးထားသလို ဖြစ်နေမိတယ်။ ကျုပ်မဖြစ်စေချင်ဘဲရှိပါ့မလားများ၊ ပြေူး တစ္ဆေသတ္တဝါတို့ ဘောက် ထူးသဖွန့်ကြီး ရောက်လာမှ ပြေူး တဲကနေ ထူးထူးခြားခြား ပျောက်ပျောက်နေတဲ့ အဖြစ်။ ကျုပ် ပြေူးကို စိတ်မချလို့ ရှာနေရတာ ချောင်းရိုးမြောင်းရိုးတောင်မကဘူး လယ်ကွင်း တွေ၊ တောအုပ်တွေအနှံ့။

တစ်ည ပြေူး ချောင်းဘေးက တဲကလေးမှာ သွား နေတာ ကျုပ်မသိဘူး။ လှေသမားထွန်းခင် ငါးလာပို့ရင်း ပြောလို့ ကျုပ်သွားကြည့်တော့၊ အောင်မာ . . . ပြေူး အရက်

www.burmeseclassic.com

www.burmeseclassic.com



တွေမူးပြီး အန်ဖတ်ဆို့နေတာ။ ကျုပ်အတွေ့ဦးလို့ မသေ ကာ။ ပြေျးကလည်း ပြေျးပဲ အမှတ်သည်းခြေနည်းတဲ့ ကောင်။ ကျုပ်က ပြေျးအဖြစ်ကိုသိလို့ သူ့စိတ်ပြေပါစေဆို ပြီး တားတာ။ ခုလည်း ပိုက်သမား အောင်သာနဲ့ပေါင်းပြီး ချောင်းဘေးက တဲကလေးမှာ သွားအိပ်ပြီး သောက်လိုက်တဲ့ အရက်။ အဲဒီညက ပြေျးရော အောင်သာပါ အရက်သောက် ပြီး ဘာဖြစ်ခဲ့တယ် မသိဘူး။ ကျုပ်တဲကို ပြေျး ကြောက်လန့် တကြီး ပြန်ပြေးလာတဲ့အဖြစ်။

"ပြေျး . . . မင်း ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"

"ကျုပ်ကို အောင်သာက အရက်သောက်ချင်ရင် လိုက်ခဲ့ဆိုလို့ ကျုပ် အရက်သောက်မိတာ အစ်ကိုသောင်း စိန်"

"ခက်တော့တာပဲ ပြေျးရာ။ အရက်က တဲမှာ သောက်လည်း ရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် . . . အစ်ကို။ ဒါပေမယ့် ကျုပ်ရင်ထဲ မှာ"



"တော်စမ်း . . . ပြေျး။ မင်းပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ကိုယ့်စိတ်ကို ဖြေစမ်းပါ ညီလေးရာ"

ကျုပ် ပြေျးကိုကြည့်ပြီး ကရုဏာဒေါသောနဲ့ ပြော မိတယ်။ ကျုပ်မပြောလို့ မဖြစ်ဘူး။ ပြေျးအဖြစ်ကို ကျုပ်ပဲ သိတာ။

"ကျုပ်စိတ်ကို ကျုပ်ဖြေပါတယ် အစ်ကိုရာ။ ဒါပေ မယ့် မရဘူး အစ်ကို . . . ဟီး . . . ဟီး"

ပြေျးက ကျုပ်ကိုပြောပြီး တဟီးဟီးနဲ့ ငိုရှိုက်နေ တဲ့အသံ။

"ကဲပါ . . . မင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြော စမ်းပါဦး"

ကျုပ်မေးတော့ ဒီကောင်ပြေျး မျက်လုံးပြူးပြီး ဟိုကြည့်ဒီကြည့်နဲ့ စိတ်မလုံသလို ဖြစ်နေတာ။

"ကျုပ် . . . အောင်သာနဲ့ အရက်သောက်ဖို့ ငါးကင် နေတုန်း ကျုပ်တင်ထားတဲ့ ငါးကင်ပျောက်သွားတယ် အစ်ကို။ အဲဒါနဲ့ ကျုပ် နောက်ထပ်ငါးတစ်ကောင် ထပ်ကင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်နေတုန်း ကျုပ်တို့ထိုင်နေတဲ့တဲကို သွက်သွက်ခါအောင်လှုပ်နေတာ အစ်ကို။ ပြီးတော့ ချောင်းဘေးက ခြေသံတွေ တဗွမ်းဗွမ်းနဲ့လာတဲ့ ခြေသံတွေ။ အဲဒါနဲ့ ကျုပ်မီးခွက်ထွန်းပြီး ကြည့်တုန်းရှိသေးတယ်။ ကျုပ်နဲ့အောင်သာ သောက်ထားတဲ့အရက်ပုလင်းကိုကြည့်တော့ မရှိတော့ဘူး အစ်ကို"

"မင်းတို့ အရက်မူးမူးနဲ့ အကုန်သောက်ပစ်လို့ဖြစ်မှာပေါ့ ပြူးရာ"

"မဟုတ်ဘူး အစ်ကို။ ကျုပ်နဲ့အောင်သာ တစ်ပုလင်းကုန်လို့ နောက်ထပ်အရက်ပုလင်းသောက်တာ တစ်ဝက်ပဲရှိသေးတာ"

ပြူးက ကျုပ်ကိုပြောရင်း လိပ်ပြာမလုံသလို ဖြစ်နေတာ။ ကျုပ် ပြူးကိုကြည့်ရင်း အမှတ်ရမိသွားတယ်။

"နေပါဦး . . . ပြူးရေ။ မင်းနဲ့အောင်သာ အရက်သွားသောက်တဲ့တဲက ဘယ်သူ့တဲလဲ"

"ဖောင်တဲအဟောင်းတစ်ခုပဲ အစ်ကို။ ဘယ်သူ့တဲမှန်း မသိဘူး"

"ဒါဆို . . . မင်းတို့ ကိုသာညက် ဖောင်တဲပဲဖြစ်မယ်။ အတော်ခက်ပါလား ပြူးရာ"

"ကိုသာညက်ဖောင်တဲက ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်ရမှာလဲ ပြူးရာ။ အဲဒီဖောင်တဲပေါ်မှာ ကိုသာညက် အရက်မူးလွန်ပြီး သေခဲ့တာကွ။ အဲဒီကိုသာညက်က မကျွတ်မလွတ်ဘဲ အရက်သောက်ချင်လို့ မင်းတို့ကို ခြောက်လှန့်ခဲ့တာကွ။ မင်းတို့မို့ကွာ"

အဲဒီကတည်းက ပြူး ကိုသာညက်ဖောင်တဲ ဟောင်းဘက်ကို ခြေဦးမလှည့်ခဲ့တာ ကျုပ်အသိ။ ခုလည်း ကျုပ် ပြူးကို မတွေ့ရလို့ရှာနေတာ နံ့နေပြီ။ ကျုပ် ပြူး ကို မတွေ့ရလေလေ၊ စိတ်ပူလေလေ။

ဒါနဲ့ ကျုပ်လည်း လေ့လော်ပြီး ပြူးပြောတဲ့ ချောင်းဖျားဘက်ဆီ သတိရမိတယ်။ ကျုပ်မသွားလို့ မဖြစ်ဘူး။ အဲဒီချောင်းဖျားဘက်မှာ ငါးတွေကျပြီဆိုရင် စပါးသည်၊ ဆန်သည်သလိုရတာ။ ဒါပေမယ့် ခက်နေတာက အဲဒီ







www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖျားနဲ့သိပ်မဝေးတဲ့နေရာက သချိုင်းတုန်းကြီး။

ဟိုတုန်းက ဒီချောင်းဖျားမှာ ချောင်းဖျားရွာရှိခဲ့တာ၊ သိပ်စည်ကားခဲ့တာ။ အဲဒါ ဓားပြမီးလုံးတို့ လက်ချက်ကြောင့် ရွာပျက်ကြီးဖြစ်ခဲ့တာ။ ကျုပ်အဖေပြောခဲ့လို့ ကျုပ်သိခဲ့ရတာ။ ဒါပေမယ့် ကျုပ်က ငါးရှာဖားရှာတော့ ချောင်းမြောင်းပဲ စိတ်ဝင်စားတာ။ ကျုပ်တွေးရင်း ချောင်းဖျားရောက်တော့၊ အုံ့အုံ့မှိုင်းမှိုင်းနဲ့ ဖုန်းဆိုးတောကြီးလိုဖြစ်နေတဲ့ သချိုင်းတုန်းပျက်ကြီး။

နှစ်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ မသိဘူး။ သစ်ပင်ကြီးတွေ ဖုံးလွှမ်းပြီးတော့ အုပ်ကြီးလိုဖြစ်နေတာ။ ကျုပ်လည်း ချောင်းကမ်းဘေးလှေဆိုက်ပြီး လက်ထဲမှာ လိုရှေးညီရတားကိုကိုင်ပြီး အဲဒီသချိုင်းကုန်းပျက်ကြီးထဲကို ကြည့်လိုက်မိတယ်။ ကျုပ်ရောက်နေတာက နေ့၊ ညဆိုရင် ကျုပ် အဲဒီနေရာကို ခြေထောက်တောင်ချချဲ့မှာ မဟုတ်ဘူး။ ကြည့်လေ၊ တဟူးဟူးတိုက်နေတဲ့ လေတိုးသံနဲ့အတူ ယိမ်းနွဲ့လှုပ်ရှားနေတဲ့ ဖုန်းဆိုးတောကြီး။ ကျုပ် ကြည့်ရင်း ရင်အလိုလိုထိတ်သွား

—— ဤမျှသာ ——



မိတယ်။

"ပြေးရေ . . . ပြေး"

ကျုပ် ဖုန်းဆိုးတောကြီးအဝပ်က ပြေးများ ရှိလေမလားဆိုပြီး အသံကုန်တစ်ခေါ်လိုက်မိတယ်။

"ဟေး . . . ဟေး"

ကျုပ်နားထဲမှာ ကြားလိုက်ရတဲ့ ထူးသံကြီး။ ကျုပ်ခေါင်းနင်း အုံ့သြသွားမိတယ်။ ကြည့်စမ်း၊ ပြေးထူးသံ။ တော်တော်ခက်တဲ့ ပြေး။ ဒီချောင်းဖျားကို လာမယ်ဆိုလည်း ကျုပ်ကိုပြောပါလား။ ခု . . . တစ်ယောက်တည်း သူမို့ မကြောက်မရွံ့။

ကျုပ် ပြေးကို တွေးမိပြီး တဖြည်းဖြည်း ဖုန်းဆိုးတောကြီးထဲဝင်လာမိတယ်၊ ကြည့်စမ်း ဖုန်းဆိုးတောကြီးဆိုပေမယ့် လူဝင်လိုက်ရင် ကြက်တလေးပျောက်၊ ငှက်ကလေးပျောက်သလို ဖုံးနေတာ။ ဒါနဲ့ ကျုပ်လည်း ဓားနဲ့ သစ်ပင်ချုံနွယ်တွေကိုရှင်းပြီး လူသွားလမ်းလုပ်ပြီး ပြေးကို အသံကုန်ဟစ်ပြီး ခေါ်လိုက်မိတယ်။

—— ဤမျှသာ ——

www.burmeseclassic.com

www.burmeseclassic.com



"ပြေးရေ . . . ဟော့ . . . ပြေး"

ကျုပ်ခေါ်သံက တောသံမို့လား မသိဘူး၊ ဟိန်းသွားတယ်။

"ဟေး . . . ဟေး"

ကျုပ်နားထဲမှာ ကြားလိုက်ရတဲ့ထူးသံ။ ကျုပ်လည်း ဝမ်းသာအားရနဲ့ သစ်ပင်ချုံနွယ်တွေခုတ်ပြီး သွားရင်း မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ လူတစ်ယောက်။ ကျုပ် ကြည့်ရင်းရင်တွေ တဒုန်းဒုန်းခုန်သွားမိတယ်။ အဲဒီလူက အုတ်ဂူဟောင်းလေးပေါ်မှာထိုင်ပြီး အရက်သောက်နေတာကိုး။ ကျုပ်ကို သတိထားမိဟန် မတူဘူး။ ကျုပ် အဲဒီလူတွေ့မှ ကျုပ် သချိုင်းပျက်ကြီးထဲ ရောက်နေမှန်း သတိထားမိတယ်။

"ဟော့ . . . လူ . . . ဒီမှာ . . . ဒီမှာ"

ကျုပ် ဘယ်လိုအသံပေးပေး အဲဒီလူက ပတုန်မလှုပ်။ အရက်သောက်လိုက်၊ ဆေးလိပ်တိုဖွာလိုက်နဲ့ လောကကြီးကို မေ့လျော့နေဟန်တူတယ်။

"ဟော့ . . . လူ . . . ဟော့လူ . . . ကျုပ်ခေါ်နေတာ

ရွှေသော



မကြားဘူးလား"

"ဟာဗျာ . . . လန့်လိုက်တာ"

ကျုပ် ဒေါသဖြစ်ဖြစ်နဲ့ အသံကျယ်ကျယ်ကြီးနဲ့ မေးမှ အဲဒီလူ ကြားသွားဟန်တူတယ်။ ကျုပ်ကိုတွေ့တော့ သောက်မယ့် အရက်ခွက်တန်းလန်းကြီးနဲ့ ကြက်သေသေပြီး ကျုပ်ကို လန့်နေပုံပဲ။

"ခင် . . . ခင်ဗျားဗျာ ကျုပ်ခေါ်တာ မကြားဘူးလား"

"ကျုပ် . . . ကြား . . . ကြားပါတယ်ဗျာ။ ကျုပ် . . . ကျုပ် အရက်သောက်ပျက်မှာစိုးလို့ဗျ"

"ခင်ဗျားက သချိုင်းကုန်းကြီးထဲ အရက်လာသောက်ရတယ်လို့ဗျာ။ ကျုပ်ဖြင့် ခင်ဗျားကိုကြည့်ပြီး အံ့ပါဗျာ"

"ကိုယ့်လူကိုကြည့်ရတာ ဇရက်မင်းစည်းစိမ်ကို မခံစားသေးဘူးနဲ့တူတယ်။ ကိုယ့်လူ ကြိုက်တတ်ရင် သောက်၊ ကျုပ်မှာ အရက်အပြည့်ရှိတယ်။ အမြည်းတော့ မရှိဘူး"

ရွှေသော

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ကျုပ်ကို အုတ်ဂူဘေးက အရက်ပုလင်းတွေကို ထုတ်ပြပြီး အရက်သောက်ဖို့ခေါ်နေတာ။

"ကျုပ် အရက်သောက်ဖို့ လာတာမဟုတ်ဘူးဗျ။ ကျုပ်ညီငပြူး ဒီမှာရှိနေမလားဆိုပြီး လာရှာတာ"

"ဘာ . . . ခင်ဗျားညီ နာမည်က ငပြူး ဟုတ်လား။ အတော်ရယ်စရာကောင်းတဲ့ နာမည်ပါလား။ နေပါဦး ခင်ဗျား ညီက ဒီသချိုင်းကုန်းထဲကို ဘာဖြစ်လို့လာမှာလဲ"

အဲဒီလူက ကျုပ်ကိုပြောပြီး အရက်ဆက်သောက်နေတယ်။ ဒီတော့မှ ကျုပ် အဲဒီလူ့မျက်နှာကို သေသေချာချာ အကဲခတ်လိုက်မိတယ်။ ကြည့်စမ်း။ ဒီလူ့မျက်နှာက ကျုပ် မိတ်ဆွေ ဟိန်းထက်စိုးလို မျက်နှာပြုံပြုံကြီးပါလား။ ပြီးတော့ ဝလိုက်တဲ့ကိုယ်လုံး။

"ဘာလဲ ခင်ဗျားက ကျုပ်ကိုကြည့်ပြီး အကဲခတ်နေတာပေါ့လေ"

"ဟုတ်တယ်။ ခင်ဗျားက ဒီသချိုင်းမျက်ထဲလာပြီး အရက်သောက်နေတာ ထူးဆန်းနေလို့ဗျ"

o———ရှုပေသော———o



"ကျုပ် အရက်သောက်တာထူးဆန်းလို့ ဟုတ်လား။ ကျုပ်နဲ့တွေ့တာ ခင်ဗျားအဖို့ ပိုပြီး အထူးအဆန်းတွေကို တွေ့ရမှာ။ ဟောဒီစာကို ဖတ်ကြည့်ဗျာ"

အဲဒီလူက ပြောပြောဆိုဆို သူထိုင်နေတဲ့ အုတ်ဂူဟောင်းဘေးက စာလေးကို ပြတယ်။ ကျုပ် ဖတ်ကြည့်မိရင်း အံ့သြသွားမိတယ်။ ကြည့်လေ။

"ခင်လှရီ အသက် (၃၀)ဆိုတဲ့ စာကလေး"

ကျုပ်ဖတ်ကြည့်ရင်း ငပြူးကို သွားသတိရမိတယ်။ ဒါဆို ငပြူး ဘဝဟောင်းက ခင်လှရီနာမည်နဲ့တူနေတာ။

"ဒါ . . . ခင်လှရီရဲ့ အုတ်ဂူပါလား"

"ဟုတ်တယ် . . . ဒီအုတ်ဂူက ခင်လှရီအုတ်ဂူပဲဗျ"

"ဒါဆို . . . ခင်ဗျား ခင်လှရီကို သိလို့လား"

"ကျုပ် သိရုံတင်မကဘူး ခင်လှရီက ကျုပ်ချစ်တဲ့သူ။ ခင်လှရီ ဘယ်ဘဝရောက်ရောက် သူ့အနားမှာ ကျုပ်နေပါဆိုလို့ ကျုပ်နေတာ ကြာပြီ"

ကျုပ် အဲဒီလူကို ကြည့်ရင်း ရင်ထိတ်သွားမိတယ်။

o———ရှုပေသော———o

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရင်မထိတ်ဘဲ ရှိပ့ါမလားဗျာ။ ဖုန်းဆိုးတောကြီးက သချိုင်းကုန်းပျက်။ ဒီသချိုင်းပျက်ထဲကအုတ်ဂူမှာ မကြောက်မရွံ့ အရက်သောက်နေတဲ့လူ။ ဒီလူက ရူးနေတဲ့သူပဲဖြစ်မှာ။ ကျုပ်အတွေး မဆုံးသေးဘူး ပေါ်လာတဲ့စကားသံ။

"ကျုပ် . . . ကျုပ်ကို လူတွေက အရူးလို့ပြောကြတယ်ဗျ။ ကျုပ်မရူးပါဘူးဗျာ။ ကျုပ်ဘဝမှာ ခင်လှရီကလွဲလို့ ဘယ်သူမှ အစားထိုးလို့မရဘူး။ ကျုပ်ကို ခုနေ ခင်လှရီသာ တွေ့ရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ မသိဘူးဗျာ"

အဲဒီလူက ခင်လှရီဆိုတဲ့ အမျိုးသမီးကို တမ်းတမ်းတတပြောပြီး အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်နေတဲ့ အဖြစ်။

"ကျုပ် မသိလို့ မေးပါရစေ။ ခင်ဗျားနာမည်က ဘယ်သူလဲ"

"ကျုပ်နာမည်ကို မေးတာလား"

"ဟုတ်တယ်လေ . . . ခင်ဗျားနာမည်ကို ကျုပ်သိချင်လို့မေးနေတာဗျ"



"ဒါဆို . . . ကျုပ်ပြောရမှာပေါ့ဗျာ။ ခဏလေး . . . ခဏလေး ကျုပ်အရသာ ပျက်သွားမှာစိုးလို့"

အဲဒီလူက ကျုပ်ကိုပြောပြီး အရက်ပုလင်းကို မော့ပြီး တစ်ကျိုက်ကျိုက်နဲ့သောက်ပြီး ဆေးလိပ်ဖွာနေတယ်။ ပြီးမှ ကျုပ်ကိုကြည့်ပြီး . . .

"ကျုပ်နာမည်က ကျောက်စိမ်းငမိုးဗျ။ ကျောက်စိမ်းငမိုး"

ကျုပ် အဲဒီလူနာမည်ကို ကြားလိုက်ရတော့ အတော့်ကို အံ့သြသွားမိတယ်။ ကျုပ် မအံ့သြဘဲရှိပ့ါမလားဗျာ။ ကျုပ်အဖေ ကိုဖိုးထင်ပြောပြခဲ့တဲ့ ကျောက်စိမ်းငမိုး။ ကျောက်စိမ်းငမိုးဆိုတာ နယ်နယ်ရရ မဟုတ်ဘူး။ ကျုပ်ကျောက်စိမ်းငမိုးကို ကြည့်ပြီး စိတ်မလုံမလဲဖြစ်သွားမိတယ်။

"ဘာလဲ ခင်ဗျားက ကျုပ်နာမည် ကျောက်စိမ်းငမိုးဆိုလို့ အံ့သြနေပြီလား . . . ဟား . . . ဟား ! . . ဟား"

ကျောက်စိမ်းငမိုးက ကျုပ်ကိုပြောပြီး သဘောကျရယ်နေတဲ့အသံကြီးက ဟိန်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ကျောက်စိမ်းငမိုးက ဒီ . . . ဒီသချိုင်းမှာ နေတာလား"

"ကျုပ် ဒီမှာနေတာကြာပြီဗျ။ ဘာလဲ ခင်ဗျားက ကျုပ် သချိုင်းမှာနေလို့ ထူးထူးဆန်းဆန်းကြီးဖြစ်နေပြီလား။ ထူးထူးဆန်းဆန်းမဖြစ်ပါနဲ့ဗျ။ လောကလူသားတိုင်း တစ်နေ့ မလွဲမသွေ ဒီသချိုင်းကုန်းမှာ နေကြရမှာဗျ။ ခုကြည့်လေ။ ကျုပ်သိပ်ချစ်ခဲ့တဲ့ ခင်လှရီဆို၊ ဒီသချိုင်းမှာနေတာ ကြာပြီ။ အဲဒါ ကျုပ်စောင့်နေတာ ဟော . . . ဟော့ . . . သူတို့လာပြီ လာပြီ"

ကျောက်စိမ်းငမိုးက ကျုပ်ကို စကားပြောရင်း နား စွင့်ပြီး သချိုင်းကုန်းပျက်ကြီးထဲကို ထိတ်လန့်တကြီး ကြည့် နေတဲ့အဖြစ်၊ ကျုပ်လည်း နားစွင့်လိုက်မိတယ်။ ကျုပ်ရောက် နေတဲ့ သချိုင်းပျက်ကြီးထဲက ရုတ်တရက်ပေါ်လာတဲ့ တဝေါ ဝေါအသံတွေနဲ့အတူ ခြေသံတွေ။ ပြီး ရှည်လျားစွာအူသံပေး နေတဲ့ ခွေးအူသံ။

ကျုပ် ကျောက်စိမ်းငမိုးတောင် မခေါ်နိုင်ဘူး။ ဖုန်း





ဆိုးတောကြီးထဲက အပြေးထွက်လာမိရင်း ကျုပ် နောင်းချ ထိပ်က ကျုပ်လှေပေါ်လည်းရောက်ရော၊ ကျုပ်ကြားလိုက် ရတဲ့ ကျောက်စိမ်းငမိုးရဲ့ ကြောက်လန့်တကြီးပေါ်လာတဲ့ အော်သံကြီး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ချောင်းဖျားကနေ ဖလှကို အပြင်းလှော်ခတ်ပြီး တဲပြန်ရောက်တော့၊ တဲပေါ်မှာ အခန့်သားတွေ့လိုက်ရတဲ့ ဘကြီးထုံနဲ့ပြေူး။ ကျုပ်တစ်ကိုယ်လုံး ဖောချွေးဖောချွေးတွေနဲ့ ရွှဲနစ်နေတဲ့အဖြစ်။ ပြေူးက ကျုပ်အဖြစ်ကို စိုးရိမ်တကြီး မေးလိုက်တဲ့အသံနဲ့အတူ ကျုပ် ပြေူးကို ဒေါသဖြစ်လိုက်တာ လွန်ပါရော။

"အစ်ကိုသောင်းစိန် . . . ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ ပြေူးရ။ မင်းကို မတွေ့လို့ ငါ ချောင်းဖျားဘက်ဆီကို သွားရှာတာကွ။ မင်းကွာ မပြောမဆိုနဲ့ ထွက်ထွက်သွားတာ အံ့ပါကွာ"





"ပြေူးကို ဘကြီးခေါ်သွားတာ သောင်းစိန်"

ဘကြီးထုံ စကားကြားမှ ကျုပ် ပြေူးအတွက် အစိုးရိမ်လွန်ခဲ့တဲ့အဖြစ်။

"နေပါဦး . . . သောင်းစိန်ရဲ့ မင်းက ဘာဖြစ်လို့ ပြေူးကို ချောင်းဖျားဘက်သွားရှာရတာလဲ ပြောစမ်းပါဦး"

"ကျုပ် ပြေူးကို မရှာလို့မဖြစ်ဘူး ဘကြီးထုံ။ ချောင်းဖျားဘက်ကို ပြေူး ငါးအမြဲရှာနေလို့ တွေ့မလား ဆိုပြီး သွားရှာတာ။ အဲဒါ ပုန်းဆိုးတောကြီးထဲက သချိုင်းပျက် ထဲမှာ ကျောက်စိမ်းငမိုးဆိုတဲ့ သူနဲ့ တွေ့ခဲ့သေးတယ်"

"ဘာ . . . သောင်းစိန် ဘကြီးကို ပြောစမ်း။ ဟို ဟို . . . ကျောက်စိမ်းငမိုးကို တွေ့ခဲ့တယ် ဟုတ်လား"

ကျုပ်စကားကြားလို့ ဘကြီးထုံ ကမန်းကတန်း မေးသံနဲ့အတူ ထိတ်လန့်တကြီး ဖြစ်သွားပုံရတယ်။ ကျုပ် ဘကြီးထုံရဲ့ ထူးခြားသွားတဲ့ မျက်နှာကိုတွေ့တော့ ကျုပ် တောင် ကြောင်အမ်းအမ်းကြီး ဖြစ်သွားမိတယ်။

"ဟို . . . ကျောက်စိမ်းငမိုးက ဘာဖြစ်လို့လဲ ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ထုံ"

"မင်း ကံကြီးပေလို့ ပြန်ရောက်လာတာ သောင်းစိန်။ ဘကြီးတောင် မတွေးရဲဘူး"

ဘကြီးထုံရဲ့ ရင်ထိတ်စဖွယ်စကားကြောင့် ကျုပ်ရင်တွေ တဒုန်းဒုန်းခုန်သွားမိတယ်။

"ကျောက် . . . ကျောက်စိမ်းငမိုးက သရဲလား ဘကြီး"

"သရဲခြောက်တာထက် ဆိုးသေးတယ် သောင်းစိန်။ ဒါတောင် ကျောက်စိမ်းငမိုး ရွာကနေ ပျောက်သွားတာ သေသလိုလို သတင်းကြားပြီး နှစ်အတော်ကြာခဲ့ပြီကွ။ ဒီကောင်က မိုက်တဲ့နေရာမှာ တွင်းတူးပြီးမိုက်တာ။ ဓားပြတွေနဲ့ပေါင်းပြီး ဓားပြတိုက်ရုံတင်မကဘူး သူ့ကြောင့် မိန်းကလေးအတော်များများ ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတာ နည်းသလား"

"ဒါဆို . . . အဲဒီကျောက်စိမ်းငမိုးက အတော်ကြောက်ဖို့ကောင်းတဲ့သူပေါ့ ဟုတ်လားဘကြီး"

ဘကြီးထုံစကားကြားလို့ ပြေူးတောင် မနေနိုင်ဘူး





စကားသံထွက်လာတယ်။

"ဟုတ်တယ် . . . ပြေူး။ အဲဒါ ရွာတစ်ရွာမှာ ဓားပြဝင်တိုက်ရင်း အိမ်ရှင်က လှံနဲ့ထိုးလို့ ကျောက်စိမ်းငမိုး ကံကောင်းလို့မသေခဲ့တာ။ အဲဒါ အိမ်ရှင်ကို အငြိုးထားပြီး သွားသတ်တာ။ အဲဒီလူသတ်မှုနဲ့ ထောင်ကျပြီးကတည်းက ရွာကို ပြန်မရောက်တာကြာပြီ။ မင်း သူ့ကိုတွေ့တော့ ဘယ်လိုအခြေအနေရှိလဲ သောင်းစိန်"

"ကျုပ် . . . ကျောက်စိမ်းငမိုးကိုတွေ့တော့ အုတ်ဂူပျက်ပေါ်ထိုင်ပြီး အရက်သောက်နေတာပဲ။ ကျုပ်မေးတော့ ခင်လှရီကို စောင့်နေတာတဲ့ ဘကြီး"

"ခင်လှရီ. . .ခင်လှရီ . . .ဟုတ်လားအစ်ကို "

ကျုပ်ကျောက်စိမ်းငမိုး၊ ခင်လှရီ အုတ်ဂူပေါ်မှာ စောင့်နေတဲ့ အကြောင်းပြောတော့၊ ပြေူးက ကျုပ်ကို ကမန်းကတန်း မေးနေတဲ့အဖြစ်။

"အစ်ကိုတောင် . . .ကျောက်စိမ်းငမိုးက ခင်လှရီအမည်ကိုပြောလို့ အစက မယုံခဲ့ဘူး အုတ်ဂူပျက်က ခင်လှရီ



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကိုတွေ့မှ အံ့ဩသွားမိတယ်"

ပြေူးက ခင်လှရိဆိုတဲ့ ဘဝဟောင်းက ချစ်သူကို ပြန်သတိရသွားဟန်တူတယ်။ မျက်နှာလေး ညှိုးငယ်နေတယ်။ ဘကြီးထုံက ပြေူးကို ကြည့်ပြီး . . .

"နာမည်ချင်းတူလို့ ဖြစ်မှာပါ ပြေူးရာ။ အဲဒီ ခင်လှရိဆိုတဲ့ နာမည်အတိုင်းဆို ချောင်းဖျားရွာဟောင်း ရှိစဉ်ကတည်းက ရှိလိမ့်မယ်။ ဒီရွာက လူချမ်းသာတွေပေါတော့ ဓားပြ ဟင်းအိုးဖြစ်ခဲ့တာတွေကွ။ ပြီးတော့ ထူးထူးခြားခြား ဖြစ်ခဲ့တာက အဲဒီသချိုင်းပျက်ဘဲကွ"

ဘကြီးထုံက လက်ဖက်ရည်ကြမ်း တစ်ခွက် သောက်ပြီး အစပျိုးလိုက်တော့ ကျုပ်တောင် ပါးစပ်အဟောင်းသား ဖြစ်သွားမိတယ်။ ကြည့်လေ၊ ကျုပ်ရောက်ခဲ့တဲ့ ချောင်းဖျားထိပ်က သချိုင်းပျက်ကြီး။

"ပြောရရင်တော့ သောင်းဖိန်အဖေ ကိုဖိုးထင်နဲ့ မျက်ပြူးဆိုတဲ့ကောင်ကွ"

"ဗျာ . . .ကျုပ်အဖေ . . .ကိုဖိုးထင်ဟုတ်လား



ဘကြီးထုံ"

"အေး . . .မင်းအဖေက လူသာသေးညှက်ညှက်ရယ်၊ ကြုံလိုက်ရရင် အဖြစ်ဆန်းတွေချည်းပဲကွ"

ဘကြီးထုံပြောမှ ကျုပ်အဖေကို သတိရသွားမိတယ်။ ဟုတ်တယ်လေ၊ ကျုပ်အဖေ၊ ကိုဖိုးထင် မဆယ်ဂလိုင်ကွေ့မှာ ရွှေပစ္စည်းတွေ ထူးထူးခြားခြားရပြီး မိကျောင်းကိုက်ခံရတာ၊ အဲဒီကတည်းက ကျုပ်အဖေ တပိန်ပိန် တလိမ်လိမ်ဖြစ်ပြီး ဆုံးပါးခဲ့ရတာ၊ ဆရာတွေနဲ့ ကုကြည့်လည်း ရောဂါအစရှာမရခဲ့ဘူး။ နောက်ဆုံး အဲဒီ မဆယ်ဂလိုင်ကွေ့က မကောင်းဆိုးဝါး နာနာဘာဝကပ်ပြီး ဆုံးခဲ့တာပဲ သတ္တုချခဲ့ရတာ။

"ပြောရရင်တော့ . . .မျက်ပြူးပေါ့ကွာ၊ မျက်ပြူးက အဲဒီသချိုင်းပျက်မှာ ရွှေဒင်္ဂါးတွေရှိတယ်ဆိုပြီး သွားခဲ့ကြတာ"

"ရွှေဒင်္ဂါးတွေ . . .ဟုတ်လား ဘကြီးထုံ"

"ဟုတ်တယ်ကွ အဲဒီရွာမှာ သိပ်ချမ်းသာတဲ့ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



အေးဘုံဆိုတဲ့ အပျိုကြီးရှိတာ။ မိဘအမွေတွေကလည်း ရှိတယ်၊ တစ်ကိုယ်တည်း အပျိုကြီးဆိုတော့ မလှူရက် မတန်းရက်ဘဲ ကြိတ်စုထားတာ။ အဲဒီ အပျိုကြီးမအေးဘုံ သေတော့ သူ့မောင်ဝမ်းကွဲ ကိုချစ်က မအေးဘုံကို ဂူသွင်းခဲ့တာ"

"အဲ . . . ဖိုးထင်နဲ့မျက်ပြူး ရွှေငွေမက်မယ်ဆိုလည်း မက်စရာကွ။ အပျိုကြီးဒေါ်အေးဘုံဆုံးတော့ ရွှေဆိုလို့ မှုးလို့ တစ်ရွေးသားမှ ရှာလို့မရခဲ့ဘူး၊ တချို့က အပျိုကြီးမအေးဘုံ မသေခင်က စားပြရန်ကြောက်ပြီး သင်္ချိုင်းကုန်းထဲမှာ သွားမြှုပ်ထားသလိုလို သတင်းကြားရတာ။ သူ့မောင် ကိုချစ်ကို ဖိုးထင်နဲ့ မျက်ပြူးက အရက်မူးအောင်တိုက်ပြီး မေးမှ ကျွဲခိုးပေါ်တာ"

"ဗျာ . . . ဘကြီး ဘယ်သူ့ကျွဲခိုးပြီး ပေါ်တာလဲ"

"တယ်လည်းခက်တဲ့ သောင်းစိန်ရာ။ မင်းနားက အတော့်ကို ဒုံးဝေးတာပဲ"

ကျုပ်က မနေနိုင်လို့မေးတော့ ဘကြီးထုံ ကျုပ်ကို



ကြည့်ကြည့်ပြီး ဒေါသထွက်နေဟာ။ ကျုပ်ကလည်း ကျုပ်ပဲ။ နံ့ချက် အချက်ကတော့ လွန်ရောပဲ။

"မင်းအဖေ ဖိုးထင်က ကိုချစ်ကို အရက်တိုက်ပြီး မအေးဘုံ ရွှေဒင်္ဂါးတွေ ဘယ်မှာထားခဲ့သလဲဆိုတာ ကြိတ်မေးနေတာကွ။ ကိုချစ်ကလည်း အရက်မူးမူးနဲ့ ပြောတော့ တာ။ အဲဒီညမှာ ဖိုးထင်နဲ့ မျက်ပြူး သင်္ချိုင်းကုန်းထဲကို သွားခဲ့တာ"

ဘကြီးထုံ စကားစရုံပဲရှိသေးတယ်။ ကျုပ် ငပြူး ကို ကြည့်လိုက်တော့ ငပြူးမျက်နှာမှာ ကြောက်လန့်နေတဲ့ အမူအရာ။ ဟုတ်တယ်လေ။ ဒီကောင်ငပြူး ကိုသာညက် ဖောင်ထဲမှာ အောင်သာနဲ့ အရက်သောက်ပြီး သရဲခြောက်ခံ ရပြီးစကတည်းက လိပ်ပြာငယ်နေတာကြာပြီ။

"အဲ . . . သင်္ချိုင်းကုန်းထဲရောက်ပြီး အပျိုကြီးမအေး ဘုံရဲ့အုတ်ဂူကို နှစ်ယောက်သား မူးမူးနဲ့တူးခဲ့တာ"

"ဒါဆို ရွှေဒင်္ဂါးတွေရခဲ့လား ဘကြီးထုံ"

"ရွှေဒင်္ဂါးရ.မရတော့မသိဘူး သောင်းစိန်။ ဖိုးထင်

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းထဲကနေ ငယ်သံပါအောင်အော်ပြီး ပြေးလာခဲ့ရတာ။ ရွာက ပိုက်သမားတွေ တွေ့လို့ ကံကောင်းခဲ့တာ။ အဲဒီတုန်းက မင်းအဖေကိုဖိုးထင် ဆရာပိန်နဲ့ မနည်းကုခဲ့ရတာကွ။ ဒါပေမယ့်"

ဘကြီးထုံက စကားပြောရင်း ရပ်သွားလို့ ကျုပ် နားထောင်ရင်း ဆန့်တငံ့ငံ့ဖြစ်သွားမိတယ်။ ဘကြီးထုံက ချောင်းချေပြင်ကိုကြည့်ပြီး . . .

"အင်း . . . လောဘ . . . လောဘ . . . လောဘဝင်လာရင် တယ်လည်း ကြောက်စရာကောင်းပါလားကွာ။ ဒေါသနဲ့သေရင် ငရဲ၊ မောဟနဲ့ သေရင် တိရစ္ဆာန်၊ လောဘနဲ့သေရင် ပြိတ္တာဖြစ်တာကွ။ မျက်ပြူးလည်း အဲ့ဒီမအေးဘုံအုတ်ဂူနားမှာ ရွှေဒင်္ဂါးပြားလေးကိုင်ပြီး လောဘနဲ့ သေနေတာ"

"ကိုမျက်ပြူးသေတယ်"

"မျက်ပြူးမသေသဘဲရှိပါ့မလားကွာ။ ဖိုးထင် သတိရလို့ ပြောတာက ဒီလိုကွ။ သူတို့နှစ်ယောက် အရက်မူးမူးနဲ့





သွားပြီး အပျိုကြီးမအေးဘုံအုတ်ဂူကို သချိုင်းကုန်းထဲ ဘယ်လိုရှာရှာ မရဘူးတဲ့"

"ဟင်"

"မဟင်နဲ့ ပြေူး။ အပျိုကြီးမအေးဘုံက မသေခင်ကတည်းက ကပ်စေးအလွန်နည်းတာ။ ရှေးဝယ်ရင် နည်းနည်း။ အဆစ်က များများ။ ဒါကြောင့် အပျိုကြီးမအေးဘုံဆိုဘယ်ဈေးသည်မှ မရောင်းချင်ဘူး။ ခုလဲ မအေးဘုံသေသာသေရော ရွှေငွေတွေ ဘယ်မှာထားခဲ့မှန်းကို မသိကြဘူး"

"ဟို . . . မအေးဘုံ အုတ်ဂူကို ရှာတွေ့ခဲ့လား ဘကြီး"

"ဖိုးထင်နဲ့ မျက်ပြူးလည်း မူးမူးနဲ့ မအေးဘုံအုတ်ဂူကို ရှာမတွေ့လို့ တွေ့တဲ့အုတ်ဂူဘေးရပ်ပြီး မအေးဘုံ ခင်ဗျားရွှေဒင်္ဂါးတွေကို ကျုပ်တို့ကို ပေး။ ပေးရင် ခင်ဗျားအတွက် ကျုပ်တို့ အလှူဒါနပေးမယ်လို့ မူးမူးနဲ့ အော်အော်ပြောတာ။ အဲဒီအချိန်မှာ သချိုင်းကုန်းကြီးတစ်ခုလုံး လေတွေ တဝေါဝေါတိုက်ပြီး လူသံတွေကြားရလို့ ဖိုးထင်နဲ့မျက်ပြူး အုတ်ဂူဘေးမှာ ပုန်းနေတာ။ အဲ့ဒါ ဆေးဂါပ်သောက်ချင်လို့ မီးခြစ်



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ပြီး ကြည့်လိုက်တော့ သူတို့နှစ်ယောက် အရက်မူးမူးနဲ့ ရှာနေတဲ့ အပျိုကြီးမအေးဘုံရဲ့အုတ်ဂူဖြစ်နေတယ်"

"ဒီအတိုင်းဆို မအေးဘုံက မကျွတ်မလွတ်တဲ့ နာနာဘာဝဖြစ်နေတာပေါ့"

"ဟုတ်တယ်လေကွာ . . . မင်းပဲ စဉ်းစားကြည့်လေ။ မိဘပစ္စည်းတွေနဲ့ သူ ကြိတ်စုထားတဲ့ ရွှေငွေတွေကို သူ့မောင် ကိုချစ်ကိုတောင် ဖွင့်မပြောဘဲ လောဘဇောကြီး နေမှတော့ ဘယ်လာပြီး ဘဝကျွတ်လွတ်နိုင်မှာလဲကွာ။ အဲ့ဒါနဲ့ ဖိုးထင်နဲ့မျက်ပြူး မအေးဘုံအုတ်ဂူကို တူးပြီးကြည့်လိုက်တော့ အုတ်ဂူကြီးထဲမှာ မည်းမည်းကြီး တွေ့တာ"

"ဟာ . . . ဒါဆို မအေးဘုံ သရဲပဲဖြစ်မယ်"

"ဟုတ်တယ် . . . ငပြူး။ ဖိုးထင်က မကြောက် မရွံ့နဲ့ မီးခြစ်နဲ့ အုတ်ဂူထဲကို ကြည့်တော့ မအေးဘုံအရိုးစုနဲ့ အထုပ်တစ်ထုပ်ကို တွေ့တာ။ အဲဒါ မျက်ပြူးက ယူပြီး ကြည့်တော့ ရွှေဒင်္ဂါးပြားဖြစ်နေတယ်"

"အဲဒီရွှေဒင်္ဂါးပြားတွေက မအေးဘုံနောက်ဘယ်လို





ပါသွားတာလဲ ဘကြီးထုံ"

"ဒီလိုကွ . . . မအေးဘုံက သူသေရင် ခေါင်းထဲ အပြန်ဆုံးထည့်ပြီး မြန်မြန်မြှုပ်ဖို့ ရွာလူကြီးတွေကိုပြောခဲ့တာ ဆိုတော့ ဘကြီးအထင်တော့ မအေးဘုံက သူသေမယ်မှန်း သိပြီး ရွှေဒင်္ဂါးပြားတွေကို ကိုယ်မှာဝှက်ထားခဲ့တာဖြစ်နိုင်တယ်။ အဲဒါ မျက်ပြူးက ရွှေဒင်္ဂါးကိုကြည့်နေတုန်း ဖြုန်းဆို မီးငြိမ်းသွားပြီး သချိုင်းကုန်းတစ်ခုလုံး ခွေးတွေအူသံကို ကြားရတာ။ အဲ့ဒီအချိန်မှာ ဖိုးထင်တစ်ကိုယ်လုံး တုန်သွားတယ်"

"အဖေ ဘာ . . . ဘာဖြစ်လို့လဲ ဘကြီးထုံ"

"ဘာဖြစ်ရမှာလဲ သောင်းစိန်ရာ။ မင်းအဖေကိုဖိုးထင် လက်အေးအေးကြီးနဲ့ အကိုင်ခံရတာကွ။ ဖိုးထင်လည်း မျက်ပြူးတောင် မခေါ်နိုင်ဘူး။ ငယ်သံပါအောင် အော်ပြီး ပြန်ပြေးလာခဲ့တာ။ ကြောက်သေးဇတွေတောင်ပါခဲ့တာ။ သချိုင်းကုန်းထဲ သွားကြည့်တော့ မျက်ပြူး သေနေတာကွ"

"ဒါဆို ကျောက်စိမ်းငမိုးက ဒီသချိုင်းပျက်ကြီးထဲ မကြောက်မရွံ့နေတာ အံ့ပါရဲ့ ဘကြီးရာ။ ပြီးတော့ သူချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ခင်လှရီက သူ့ ဘယ်ဘဝရောက်ရောက် သူ့အနားပါနေပါဆို လို့ စောင့်နေတာလို့ ပြောတယ် ဘကြီး"

"မင်းမြင်ခဲ့တွေ့ခဲ့တဲ့အတိုင်းဆို ကျောက်စိမ်းငမိုး ရှိနေတာပဲ ဖြစ်မယ် သောင်းစိန်။ အင်းလေ . . . ကျောက်စိမ်း ငမိုးကလည်း အလွန်ဆိုးခဲ့တာကိုကွ"



"ကျုပ်ကတော့ လူလေးအတွက် ကောင်းမယ်ထင်လို့ စီစဉ်ထားတာပဲ သောင်းစိန်။ အဲဒါ ဘကြီးထုံကိုလည်း ပြောခဲ့ပြီးပြီ။ မိန်းကလေးရှင်ဘက်ကတော့ လူလေးကို သဘောကျကြပါတယ်"

ကျုပ် ကိုဘုန်းရှိန်စကားကိုကြားပြီး ငပြူးကို ကြည့်လိုက်မိတယ်။ ငပြူးက သူ့အဖြစ်ကို အံ့သြနေရာ တယ်။ ဟုတ်တယ်လေ။ ငပြူး ဒီအသက်အရွယ် ရှိလာပြီး ရည်းစားသားနား မရှိခဲ့ဘူးဆိုတာ ကျုပ်အသိ။

"အဲဒီတော့ ဦးလေးက ငပြူးအတွက် စီစဉ်ထားတာပဲ မဟုတ်လား။ အဓိကက ငပြူးအပေါ်မှာပဲ မူကည်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ ဦးလေး။ ပြေူးသဘောကျရင် ပြီးပါတယ်"

ကျွပ်စကားကြားမှ ကိုဘုန်းရှိန်က ပြေူးကိုကြည့်ပြီး . . .

"လူလေး"

"ဗျာ . . . အဖေ"

"လူလေးမှာ ရည်းစားသားနားရှိလား။ ရှိရင် အဖေ့ကို ပြောစမ်း"

"အဖေ . . . အဖေက ကျွပ်ကို ဘာလုပ်မလို့လဲ"

"လူလေးအသက်က မငယ်တော့ဘူး မဟုတ်လား။ အဲ့ဒီတော့ လူလေးကို အဖေ မိန်းမပေးစားချင်လို့ လူလေး"

"ဗျာ . . . အဖေက ကျွပ်ကို မိန်းမပေးစားမယ် ဟုတ်လား။ ဘယ်မိန်းမနဲ့ ပေးစားမလို့လဲ"

ကိုဘုန်းရှိန်စကားပြောမှ ပြေူး ပျာပျာသလဲ ဖြစ်သွားတယ်။

"ရွာတောင်ပိုင်းက ဒေါ်နွယ်သမီးလေး ခင်သော်တာစိန်နဲ့ပဲလူလေး။ ခင်သော်တာစိန်ဆိုလည်း လူလေးနဲ့ဆို

○———ဂျွဴးဘော———○



ရင် မီးဝင်မီးထွက်မဟုတ်လား"

"ခင်သော်တာစိန်ကို ကျွပ်နဲ့ ပေးစားမယ် ဟုတ်လား အဖေ"

"ဟုတ်တယ် . . . လူလေးရဲ့၊ ခင်သော်တာစိန်က အိမ်မှုကိစ္စဆို နိုင်နင်းပြီး လိမ္မာယဉ်ကျေးတဲ့ မိန်းကလေး ကွယ့်"

"ကျွပ် . . . ကျွပ် . . . ခင်သော်တာစိန်ကို ကျွပ် မယူပါရစေနဲ့ အဖေရာ"

"ဘာဖြစ်လို့လဲလူလေး"

"ခင်သော်တာစိန်က မျက်နှာသိပ်များတယ်အဖေ"

"ဟုတ်ရဲ့လား လူလေးရာ။ သူ့အမေ မနွယ်ဆို အဖေနဲ့ငယ်သူငယ်ချင်းအရင်းတွေပဲ။ ပြီးတော့ လူလေးနဲ့ ခင်သော်တာစိန်ဆိုလည်း ငယ်ငယ်ကတည်းက ခင်မင်ခဲ့တဲ့ သူတွေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ် အဖေရာ။ ခင်သော်တာစိန် ကျွပ်ကို ပြောထားခဲ့တဲ့စကားရှိတယ် အဖေ"

○———ဂျွဴးဘော———○

www.burmeseclassic.com

www.burmeseclassic.com



ပြေါ့ရဲ့စကားကြောင့် ကိုဘုန်းရှိန်တောင် မကဘူး။ ကျုပ်ပါ အံ့ဩသွားမိတယ်။ ပြေါ့က မျက်ရည်လေးဝဲလို့။ ဟိုလူပျိုကြီး ချမ်းအေးဟန်ဆိုရင် မိန်းမဆိုအသေရရ အရှင်ရရလိုချင်ရှာတာ။ ဘယ်မိန်းကလေးမှ မနစ်ဖြိုလို့ အခက်တွေ့တွေ့နေတာ။ သူ့အစ်မကို မိန်းမလိုချင်လို့ ခဏ ခဏ ပူဆာနေတာ။ ခုလို ပြေါ့လိုသာ မိန်းမပေးစားရင်း ကွေးနေအောင်ကမှာ။ ကြည့်လေ။ မိန်းမရဖို့ လည်ပင်းမှာ တစ်ကျပ်သားလောက်ရှိတဲ့ ဆွဲကြိုးကြီးကို ဆွဲပြီး ဟန်ရေးပြ ပြနေတာ။ ဒါတင်ဟုတ်သေးလား။ လက်စွပ်တွေဆို တစ်ကွင်းပြီး တစ်ကွင်းဝတ်ထားတာ။

"လူလေးကို ခင်သော်တာစိန်က ဘာပြောလို့လဲ လူလေး။ အဖေ့ကို ပြောစမ်းပါဦး"

"ကျုပ်ကို ခင်သော်တာစိန်က ဒီလိုရုပ်ရည်မျိုးကို ဘယ်လိုမှ စဉ်းစားလို့မရနိုင်ဘူးတဲ့ အဖေရာ"

"လူလေးကို ဒီလိုပဲပြောကြသလား . . . ဟင်း . . . ဟင်း"



ပြေါ့စကားကြောင့် ကိုဘုန်းရှိန် တဟင်းဟင်းနဲ့ ဒေါသတွေထွက်နေတာ။ ကျုပ်လည်း သိသားပဲ။ သားအဖ ချင်းပြောပါစေဆိုပြီး ကျုပ် အသာလေးကြည့်နေလိုက်ရ တာ။ ကျုပ်တောင် ပြေါ့စကားကြားပြီး ဘဝင်မကျ ဖြစ် သွားမိသေးတယ်။ ဟုတ်တယ်လေ။ ပြေါ့ဆို သူ့မိဘတွေက မွေးရုံတင် မွေးလာခဲ့တာ။ ကျုပ်နဲ့အတူနေ၊ အတူစားဆို တော့ ကျုပ်ညီအရင်းလို ဖြစ်နေတာ။

"ဟုတ်တယ် . . . အဖေရာ။ အဲဒါကို ကျုပ်တွေးပြီး ကျုပ်ဘဝကို ကျုပ် ဝမ်းနည်းမိတယ်ဗျာ"

ပြေါ့ကပြောပြီး မျက်ရည်လေး ဝဲနေရှာတဲ့ အဖြစ်။ ကိုဘုန်းရှိန်က သူ့သား ပြေါ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေပုံရတယ်။ ဟုတ်တယ်လေ။ ပြေါ့က ညီအစ်ကို မောင်နှမတွေကြား ထူးထူးခြားခြား ဥပဓိရုပ်ရှိတဲ့သူ။ ခုလည်း ပြေါ့အစ်ကိုနဲ့ အစ်မတွေ အိမ်ထောင်အသီးသီးကျကုန်ပြီ။ ပြေါ့သာ အိမ်ထောင်မပြုသေးတဲ့ အထီးကျန်ဘဝ ဖြစ်နေ တာ။

www.burmeseclassic.com

www.burmeseclassic.com



"အားမငယ်စမ်းပါနဲ့ လူလေးရာ။ ခင်သော်တာစိန်က လူလေးရုပ်ရည်ကိုကြည့်ပြီး မှိုချိုး၊ မျှစ်ချိုးပြောလည်း ပြောပါစေ၊ အဖေ လူလေးအတွက် စိစဉ်ထားတာ ရှိသေးတယ်"

"ဗျာ . . . ကျုပ်အတွက် ဟုတ်လား အဖေ"

"ဟုတ်တယ် လူလေး။ ခင်သော်တာစိန်က လူလေးကို မယူချင်လည်း စိတ်မပျက်နဲ့ ဒေါ်ခလေးမသပီး မြစ်ပယ်ငုံ ရှိသေးတယ်"

"ဟာဗျာ . . . အဖေကလည်း ကျုပ်ကိုချည်း မိန်းမ ဖွတ်အတင်းပေးစားနေပါလား။ ကျုပ် ယူမယ့်မိန်းမရှိတယ် အဖေ။ အဲ့ဒါ အဖေ့ကို ကျုပ်စကားပြောမထွက်လို့"

ငပြုံးစကားကြောင့် ကျုပ် အတော့်ကိုအံ့သြသွားမိတယ်။ ဟုတ်တယ်လေ။ ငပြုံးက ကျုပ်နဲ့အတူနေ၊ အတူစား။ ငပြုံး မိန်းမယူဖို့ ဘယ်ရည်းစားမှ မရှိဘူးဆိုတာ ကျုပ်လည်း အသိ။ ဒီတော့ ကျုပ် ငပြုံးအတွက် မနေသာဘူး။

"ငပြုံး . . . မင်းယူမယ့်မိန်းမက ဘယ်မှာလဲ။

o———ရွှေအသာ———o



အစ်ကိုကို ပြော . . . ပြောစမ်းပါဦးကွာ"

"ကျုပ်ဘဝမှာ ခင်လှရီကလွဲလို့ ဘယ်သူမှ မယူနိုင်ဘူး အစ်ကို"

"ခင်လှရီ . . . ဟုတ်လား လူလေး။ ခင်လှရီက ဘယ်မှာနေတာလဲ။ လူလေးအတွက်ဆို အဖေ့ပစ္စည်းတွေ ကုန်ချင်တာကုန်ပါစေ၊ အဖေ တင်တောင်းပေးမယ်"

ကိုဘုန်းရှိန်က ငပြုံးစကားကို ကြားပြီး ဝမ်းသာအားရပြောနေပေမယ့် ကျုပ် ငပြုံးကိုကြည့်ပြီး စိတ်အတော်မကောင်းဖြစ်သွားမိတယ်။ ငပြုံးပြောတဲ့ ခင်လှရီဆိုတာ ကျုပ် မသိဘဲရှိပါ့မလားဗျာ။ ကျုပ်ပြောရင် ယုံနိုင်စရာတောင် မရှိတဲ့ ငပြုံးဘဝ။ ငပြုံးအရင်ဘဝက ချစ်ခဲ့တဲ့ ခင်လှရီ။ ခင်လှရီ ဘယ်ဘဝရောက်နေတယ်ဆိုတာ ဘယ်သူ သိပါ့မလဲ။ ဒါပေမယ့် ငပြုံးရင်ထဲမှာ ရှိနေတာက ခင်လှရီ။

"အဖေ . . . ကျုပ်ကို တကယ်ပြောတာနော်"

"တကယ်ပါ လူလေးရာ။ အဖေ မညာပါဘူး။

o———ရွှေအသာ———o

www.burmeseclassic.com

www.burmeseclassic.com



လူလေး ကြိုက်နှစ်သက်တဲ့ ခင်လှရီက ဘယ်ရွာမှာနေတယ် ဆိုတာကို ပြော"

"ခင် . . . ခင်လှရီက ဘဝဟောင်းမှာရှိတယ် အဖေ။ အဲဒါ ကျုပ် ရှာနေတာ"

"ဟေ"

ပြူးစကားလည်းကြားရော ကိုဘုန်းရှိန် ပြူးကို ကြည့်ကြည့်ပြီး တအံ့တသြဖြစ်သွားတယ်။ ပြီးတော့ ကျုပ် ကိုပါကြည့်နေတာဆိုတော့ ကျုပ် မနေသာဘူး။

"ဒီလိုဦးလေးရဲ့ . . . ဦးလေးသားပြူးက လူဝင် စားလို့ပြောတယ်"

"လူ . . . လူလေးက လူဝင်စား ဟုတ်လား"

"ဟုတ်တယ် အဖေ။ ကျုပ် ဟိုဘဝက ဓားပြလှမိုက် ဘရွှေရဲ့လက်ချက်နဲ့ သေခဲ့တဲ့ ဓားငတိုးပါ အဖေ။ အဲဒါ ကျုပ် ချစ်တဲ့ခင်လှရီကို ကျုပ် ရွှေတွေပေးဖို့ခေါ်လာတုန်း ကျုပ်ကို သတ်ခဲ့တာ။ ဟောဒီမှာကြည့် အဖေ။ လှမိုက်ဘရွှေ ကျုပ်ကို သေနတ်နဲ့ပစ်ခဲ့တဲ့ဒဏ်ရာ"



ပြူးက ရင်ဘတ်က ဒဏ်ရာကိုပြလိုက်မှ ကို ဘုန်းရှိန် ပြူးဒဏ်ရာကိုကြည့်ပြီး အံ့အားသင့်သွားတယ်။ ပြီး . . . ပြူးကိုကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေရှာတယ်။

"ဟုတ်ပါ့မလား လူလေးရာ။ မင်း သောင်းစိန်နဲ့ ငါး ရှာရင်း မိကျောင်းဆွဲခံရပြီးကတည်းက စိတ်တွေ ချောက် ချားနေပြီနဲ့တူတယ်။ သောင်းစိန် . . . မင်းညီကိုလည်း ပြော စမ်းပါဦးကွာ"

"ဦးလေးသားက မဆယ်ဂလိုင်ကွေ့ဝဲမှာ သူ့ပစ္စည်း တွေရှိတယ်ဆိုပြီး သွားသွားနေလို့ ကျုပ် မနည်းထိန်းနေရ တယ်"

ကျုပ်စကားကို ထပ်ဆင့်ပြီးကြားလိုက်ရတော့ ကို ဘုန်းရှိန် ပိုပြီး မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားတယ်။

"မချယ် . . . မချယ် . . . လာစမ်းပါဦးဟ"

ကိုဘုန်းရှိန်က ထမင်းချက်နေတဲ့ ဒေါ်ချယ်ကို လှမ်း ခေါ်လိုက်လို့ ဒေါ်ချယ် ရောက်လာပြီး . . .

"ကိုဘုန်းရှိန် ဘာကိစ္စရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိရမှာလဲ မချယ်ရာ။ ထိုင်စမ်းပါဦး။ နင့်သား ပြေးအဖြစ်က အဆန်းတကြယ်ပာ။ ငါတော့ မယုံနိုင်အောင်ဖြစ်နေမိတယ်"

"သား . . . ဘာဖြစ်လို့လဲ။ အမေ့ကိုပြောစမ်း။ ဘာလဲ သားက အဖေပေးစားတဲ့မိန်းကလေးကို မယူနိုင်ဘူးလား ပြောစမ်း။ သား မယူချင်လည်း သားကြိုက်တဲ့မိန်းကလေးကို ပြောလေ။ အမေတို့ စီစဉ်ပေးမယ်"

"ခက်ပါလား မချယ်ရာ။ ငါ့စကားကို ဆုံးအောင် နားထောင်ပါဦး။ နင့်သားက ဘဝဟောင်းက သူ့ချစ်သူခင်လှရီကို ရှာနေတာတဲ့"

"ဟယ်တော်"

ကိုဘုန်းရှိန်စကားကြားမှ ဒေါ်ချယ် ရင်ဘတ်ကို လက်ဖြင့်ဖိပြီး ပြေးကိုကြည့်ရင်း အံ့သြပာကြီးဖြစ်မနေတယ်။

"သားချစ်သူက ဘဝဟောင်းက ဟုတ်လား သား"

"ဟုတ် . . . ဟုတ်ပါတယ် အမေ"

"ကိုယ်ကျိုးနည်းပါပြီ ကိုဘုန်းရှိန်ရယ်။ မဖြစ်ဘူး



မဖြစ်ဘူး။ ဆရာကိုစက်ထိန်ကို အမြန်ဆုံးပင့်ပြီး မေးမှဖြစ်မယ်။ သားကို အမေ စိတ်မချတော့ဘူး"

"အမေကလည်းဗျာ။ ကျုပ်ကို စိတ်ကိုမချဘူး"

"စိတ်မချဆို . . . သားပြောတာကော ဟုတ်ရဲ့လား။ သားချစ်သူက ဘဝဟောင်းကဆိုတော့ အမေ ယုံနိုင်စရာမရှိဘဲ"

"တော်ပါတော့ မချယ်ရာ။ လူလေးစိတ်တွေ ချာများနေပါဦးမယ်"

"ဘကြီးတုံ . . . ပြေးနဲ့ပတ်သက်ပြီး ပြောဖူးတာရှိတယ် ဦးလေး"

ကျုပ်စကားကြားမှ ကိုဘုန်းရှိန်နဲ့ဒေါ်ချယ် အံ့အားသင့်သွားပြီး ကျုပ်ကို ကြည့်နေတယ်။

"လူလေးကို ဘကြီးထုံက ဘာပြောလို့လဲ သောင်းစိန်"

"ဒီလို ဦးလေးရဲ့ . . . ဘကြီးထုံပြောတာက ဒေါ်လေးပြေးကို ကိုယ်ဝန်မရှိခင်က ထူးထူးခြားခြား အိပ်မက်မက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ ရှိတယ်ဆို”

“ဟုတ်ပြီ . . . ကိုဘုန်းရှိန် ကျွန်မ ခုမှပဲ အမှတ်ရပါတယ်။ အဲဒါကိုဘုန်းရှိန်ကို ကျွန်မ ပြောဖို့မေ့နေတာ”

ကျုပ်စကားကြားမှ ဒေါ်ချယ် သတိရသွားဟန်နဲ့ ငပြူးကိုကြည့်ပြီး . . .

“ကျွန်မအိပ်မက်ထဲမှာ လူတစ်ယောက် ဒဏ်ရာရပြီး ကျွန်မနဲ့အတူနေချင်တယ်လို့ ပြောတာ။ အဲဒါ ကျွန်မကြောက်ပြီးမလာနဲ့လို့ပြောတော့ အဲ့ဒီလူက သူ့မှာ ပဒ္ဒည်းတွေရှိတယ်။ ပြီးတော့ သူချစ်သူကိုရှာနေတယ်ဆိုပြီး ငိုနေတာ။ ကျွန်မ အိပ်မက်ကလန့်နိုးသွားတယ်။ အဲ့ဒီအိပ်မက်ကို မက်ပြီး ထူးထူးခြားခြားဆိုလို့ ကျွန်မ သားလေးငပြူးကို ကိုယ်ဝန်ရခဲ့တာပဲ”

ကိုဘုန်းရှိန်က ဒေါ်ချယ့်စကားကိုကြားပြီး ငပြူးကိုကြည့်နေတယ်။ ငပြူးက ခေါင်းကြီးငုံ့ထားလို့။

“ဒီအတိုင်းဆို လူ့ဘဝတွေက အဆန်းအပြားပါလား သောင်းစိန်ရာ။ မင်းအဒေါ်ပြောသလိုဆို လူလေးငပြူး

ရဲ့ဘဝဟောင်းကအဖြစ်က အတော့်ကို အံ့ဩစရာလို့ ပြောရမှာပဲ လူလေး”

“ဗျာ . . . အဖေ”

“မင်းဘဝဟောင်းက ဖြစ်ပျက်ခဲ့တဲ့ နေရာကို အမှတ်ရမိလား လူလေး။ ပြီးတော့ ခင်လှရီဆိုတာကရော”

“ကျုပ်ဘဝဟောင်းကဖြစ်ခဲ့တဲ့နေရာကို ဝိုးတဝါးပဲ မှတ်မိတယ် အဖေ။ ဘယ်နေရာလဲဆိုတာ မသိတော့ဘူး။ ဒါပေမယ့် ကျုပ် ခင်လှရီကိုတော့ မှတ်မိတယ်”

ငပြူးစကားကြားမှ ကျုပ် တစ္ဆေဘထွန်းသမီး ယဉ်မြသီကို ပြေးပြီးမြင်ယောင်သွားမိတယ်။

“အေးလေ . . . ဘာပဲဖြစ်ဖြစ် အဖေတို့ကတော့ လူလေး ကောင်းစားတာပဲ မြင်ချင်တယ်။ လူလေးသဘောမကျဘူးဆိုတော့ မပေးစားပါဘူးကွယ်။ သောင်းစိန်ကလည်း လူလေးကို ဂရုစိုက်ပါကွာ”

“ကျုပ် ဂရုစိုက်ပါတယ် ဦးလေးရယ်။ ငပြူးအတွက် စိတ်ချပါ ဦးလေး။ ကျုပ်တို့ ပြန်မယ်”



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်နဲ့ပြေူး ကိုဘုန်းရှိန်နဲ့ဒေါ်ချယ်ကို နှုတ်ဆက်ပြီး ရွာကထွက်လာတော့ အချိန်ပင်မနည်းတော့ဘူး။ ဒါပေမယ့် ကျုပ်ရင်ထဲမှာ ဘဝင်မကျဖြစ်နေမိတာက ပြေူး။

"ပြေူး . . . မင်းက ဘာဖြစ်လို့ ခင်လှရီကိုပဲယူမယ် ပြောပြောနေတာလဲ။ ခင်လှရီက ဘယ်ဘဝရောက်နေမှန်း မသိဘဲ၊ မင်းအာရုံစွဲနေရင် ကြာရင် ရူးလိမ့်မယ်"

"အစ်ကိုကလည်းဗျာ . . . ကျုပ်ချစ်တာက ခင်လှရီပဲ ရှိတာ။ ခင်လှရီ ဘယ်ဘဝရောက်ရောက် ကျုပ် သေတဲ့အထိ ချစ်နေမှာဆိုတာ တစ်နေ့ အစ်ကိုသိမှာပါ"

"ခက်တော့တာပဲ ပြေူးရာ။ မင်းနိမိတ်မရှိတဲ့ စကားတွေ မပြောစမ်းပါနဲ့ကွာ။ ခင်လှရီဆိုတာက ဟိုဘဝဟောင်းက ချစ်တဲ့သူပဲ။ ခုဦးလေးပေးစားတုန်း ခင်သော်တာစိန်ကို မင်း ယူလိုက်ရင် အိုးနဲ့အိမ်နဲ့ ဘာမှ စိတ်မပူရဘူး ပြေူးရ။ မင်း စိတ်ကူးမမှားနဲ့"

"အစ်ကို့စေတနာကို ကျုပ် သိပါတယ် အစ်ကိုရာ။ ဒါပေမယ့် ကျုပ်ရင် . . . ရင်ထဲမှာ"



ပြေူးက ကျုပ်ကိုပြောရင်း စကားပြတ်သွားတယ်။ ကျုပ်လည်း ပြေူးကို ဆက်မမေးတော့ဘူး။ ကျုပ် ပြေူးကို ဆက်မေးလည်း ပြေူးက ခင်လှရီမှ ခင်လှရီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးက ဘာဖြစ်လို့ ပြေူးကို ပြောရတာ လဲ"

"အဖေကလည်း အဲ့ဒီပြေူးဆိုတဲ့မျက်နှာကို သမီး မကြည့်ချင်ဘူး အဖေ။ သမီး သူ့ကို သိပ်မုန်းတယ်။ အဲ့ဒီပြေူးကြောင့် သမီး . . . သမီး . . . ဟီး . . . ဟီး"

"တိတ်ပါတော့ သမီးရယ်။ အဖေ မမေးတော့ပါဘူး။ သမီးလေး အိပ်တော့နော်"

တစ္ဆေဘထွန်းက ယဉ်မြသီကိုချော့ပြီး သိပ်နေတယ်။ ယဉ်မြသီအိပ်သွားမှ ကျုပ်နဲ့တစ္ဆေဘထွန်း စကားဆက်မိတယ်။ ကျုပ် တစ္ဆေဘထွန်းရဲ့သမီး ယဉ်မြသီအဖြစ်ကို အံ့ဩသွားမိတယ်။ ဟုတ်တယ်လေ၊ တစ္ဆေဘထွန်းတို့



နေတာက ပင်လယ်ဘက်ကရွာ။ ကျုပ်တို့အရပ်ကို အရောင်းအဝယ်လာရင်း ပြေူးကို တွေ့ရတာ။ ဒါပေမယ့် ယဉ်မြသီက အရွယ်နဲ့မလိုက်အောင် ပြေူးကို တွေ့တွေ့ချင်း ရန်သူပမာပြောနေတဲ့စကား။ ကျုပ်အဖို့ ထူးထူးဆန်းဆန်းဖြစ်နေမိတယ်။

"အဲဒါသာကြည့်တော့ ကိုသောင်းစိန်ရေ။ ကျုပ် ဘဝမှာ တွယ်တာစရာဆိုလို့ ပြေးကြည့်မှ ဒီသမီးလေးပဲ ရှိတာ။ ခက်နေတာက သမီးလေးစကားပြောတတ်စကတည်းက ငိုငိုပြီးပြောတဲ့စကားပဲ ကိုသောင်းစိန်"

"ဘာတွေငိုပြီးပြောတာလဲ ကိုဘထွန်း"

"ဒီလို ကိုသောင်းစိန်ရဲ့၊ သမီးလေးက ဟိုဘဝက သေနတ်ပစ်ခံရပြီး သေခဲ့ရတယ်လို့ပြောနေတာ။ ကျုပ်လည်း သမီးအဖြစ်ကိုတွေးပြီး မယုံရအခက်။ ယုံရအခက် ဖြစ်မိတာကြာခဲ့ပြီဗျ"

တစ္ဆေဘထွန်းက ကျုပ်ကိုပြောပြီး လက်ဖက်ရည်ကြမ်းသောက်နေရင်း သူ့သမီးအဖြစ်ကို တွေးတောနေဟန်

www.burmeseclassic.com

www.burmeseclassic.com



တူတယ်။

"ဒီအတိုင်းဆို ကိုဘထွန်းသမီးက သူ့ဘဝဟောင်း ကအဖြစ်ကို အမှတ်ရမိနေမှာ မလွဲဘူး"

"ဟုတ်တယ် . . . ကိုသောင်းစိန်။ ခုလဲ သမီးလေး က သူပါလိုက်မယ်ဆိုပြီး ငိုငိုနေလို့ ကျုပ် ခေါ်လာခဲ့ရတာ။ သူ့အမေက မီးတွင်းထဲမှာဆုံးခဲ့လို့ ကျုပ်ပဲ မိခင်လို ဂရုစိုက်ခဲ့ ရတာ။ ခက်နေတာက သမီးလေးပဲ ကိုသောင်းစိန်။ တစ်ခါ တစ်ရံ အိပ်နေရာကနေ ကြောက်တယ် . . . ကြောက်တယ်။ မလာနဲ့ . . . မလာနဲ့ဆိုပြီး ပြောပြောနေတာပဲ"

တစ္ဆေဘထွန်းစကားကြောင့် ကျုပ် အိပ်နေတဲ့ ယဉ်မြသီကိုကြည့်ပြီး တွေးလို့မရနိုင်အောင် ဖြစ်သွားမိ တယ်။

"ဒီအတိုင်းဆို ကိုဘထွန်းသမီး ယဉ်မြသီနဲ့ ပြေုး က ဘဝဟောင်းမှာ ဆက်နွယ်ခဲ့တဲ့သူတွေပဲ ဖြစ်လိမ့်မယ် ကိုဘထွန်း။ ပြေုးပြောတာက သူက ဘဝဟောင်းမှာ ဓားပြ ဓားတော့်လို့ပြောတယ်"

ကျွမ်းအဘ



"ဘာ . . . ကိုသောင်းစိန် ပြေုးက ဓားတော့် ဟုတ် လား"

ကျုပ်စကားကြားတော့ တစ္ဆေဘထွန်း အံ့ဩတကြီး ဖြစ်သွားပုံရတယ်။ ပြီး ကျုပ်ကို မယုံကြည်တဲ့ မျက်လုံးနဲ့ ကြည့်ပြီး . . .

"ဒါဆို ဖြစ်နိုင်တယ် ကိုသောင်းစိန်။ သမီးလေး အမှတ်ရပြီး ကျုပ်ကိုပြောခဲ့တဲ့ဘဝဟောင်းကအဖြစ်တွေထဲ မှာပါတဲ့ ဓားတော့်ပဲ ကိုသောင်းစိန်"

တစ္ဆေဘထွန်းစကားကြောင့် ကျုပ်တောင် အံ့ဩ သွားမိတယ်။ ဟုတ်တယ်လေ။ ထူးထူးဆန်းဆန်း ဘဝ ဟောင်းက လာဆုံကြတဲ့ ပြေုးနဲ့ ယဉ်မြသီအဖြစ်။ ပြေုး ပြောပြောနေတဲ့ ခင်လှရီက ယဉ်မြသီလား။

"ပြောစမ်းပါဦး ကိုဘထွန်းရယ်။ ကျုပ်လည်း ပြေုးကို စိတ်မချဖြစ်နေတာဗျ။ သူ့မိဘတွေပေးစားတဲ့ မိန်းက လေးကို စိတ်မဝင်စားဘဲ သူ့စိတ်ထဲမှာ ခုချိန်အထိ အစွဲ အလမ်းကြီးနေတာက ခင်လှရီဆိုတဲ့ဘဝဟောင်းက

ကျွမ်းအဘ

www.burmeseclassic.com

www.burmeseclassic.com



မိန်းက လေးပဲ ကိုဘထွန်း"

"သမီးလေးပြောတာက ဒီလို ကိုသောင်းစိန်ရဲ့။ ဟိုတုန်းက သမီးလေးမိဘတွေက ဖောက်တူသမ္ဗာန်ကြီးနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်နေတာတဲ့။ တစ်နေ့ ချောင်းတစ်ခုထဲက ဂလိုင်ကွေ့ကြီးအနီးမှာ ဖောက်တူသမ္ဗန်ကြီးကို ကျောက်ချပြီး ရေစောင့်နေတုန်း ဓားပြအတိုက်ခံရတာ"

တရွှေဘထွန်းက ပြောပြီး အိပ်နေတဲ့ယဉ်မြသီကို ကြည့်နေတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတဲ့ ယဉ်မြသီ။ ကျုပ်ကြည့်ရင်း ထူးထူးဆန်းဆန်းဖြစ်နေမိတယ်။

"ဓားပြတွေက သူ့မိဘတွေဆီကို ပစ္စည်းတွေကို တောင်းနေတုန်း သမီးလေးက ရွှေထည်ပစ္စည်းတွေကို အဲဒီဂလိုင်ကွေ့ထဲကို ပစ်ချခဲ့တာ။ အဲဒါ ဓားပြတွေကသိပြီး ဖောက်တူသမ္ဗန်ပေါ်ကလူတွေကို သေနတ်နဲ့ပစ်ပြီး သမ္ဗန်ကြီး နှစ်ခဲ့တာ။ အဲဒီအချိန်မှာ ဓားငတိုးဆိုတဲ့အသံကြားပြီး သမီးကြည့်နေ‘‘ုန်း သေနတ်သံတွေကြားပြီး ဘာမှ မသိတော့ဘူးလို့ ပြောတယ်"



တရွှေဘထွန်းရဲ့စကားသံနဲ့အတူ ကျုပ်မျက်စိထဲ မြင်ယောင်သွားမိတာက ယဉ်မြသီပြောတဲ့ ဂလိုင်ကွေ့ကြီး။ ဒါဆို မဆယ်ဂလိုင်ကွေ့များဖြစ်နိုင်မလား။ ဟိုတုန်းက ဒီနားက လူတွေက ဓားပြတွေတိုက်ခဲ့လို့ ရွာပျက်ခဲ့ရတယ်ဆိုတာ ကျုပ်အဖေ ကိုဖိုးထင်ပြောပြခဲ့တာ။

"ဒါဆို ယဉ်မြသီက ဂလိုင်ကွေ့ထဲမှာ ထားခဲ့တဲ့ ပစ္စည်းတွေကို အမှတ်ရမိလား ကိုဘထွန်း"

"ကျုပ်သမီးပြောတာက ရွှေတွေရှိတယ်လို့တော့ ခဏ ခဏ ပြောဖူးတာပဲ။ ဘယ်မှာရှိတယ်ဆိုတာ အတိအကျ မပြောခဲ့ဘူး ကိုသောင်းစိန်။ ထူးတာက ကျုပ် ကိုသောင်းစိန်တို့ဆီကပြန်သွားပြီးပြောပြတော့ သမီးလေးက ဒီကို သိပ်လာချင်တာ။ ထားခဲ့လို့မရဘူး"

"အတော်ဆန်းကြယ်ပါလား ကိုဘထွန်းရယ်။ ခု ယဉ်မြသီပြောပုံအရဆို ပြေးက ဟိုဘဝက ဓားငတိုးဆိုတာ ဖြစ်နိုင်တယ်။ ကျုပ် ဘကြီးထုံမေးကြည့်မှ ဖြစ်မယ်။ ဒီအကြောင်းတွေကို ပြေးကိုတော့ မပြောပါနဲ့ ကိုဘထွန်း"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုသောင်းစိန်"

ကျုပ် တစ္ဆေဘထွန်းကို နှုတ်ဆက်ပြီး ချောင်းရိုးအတိုင်း လျှောက်လာမိတယ်။ ဒါပေမယ့် ကျုပ်စိတ်ရောက်နေမိတာက မဆယ်ဂလိုင်ကျွေး၊ ကျုပ်လျှောက်ပြီး မဆယ်ဂလိုင်ကျွေးဘက်ကို ထွက်လာမိတယ်။ မဆယ်ဂလိုင်ကျွေးဆို နာနာဘာဝတွေရှိနေတယ်ဆိုတာ ကျုပ်လည်း အသိ။ ခက်နေတာက ဘာ့ကြောင့်မဆယ်ဂလိုင်ကျွေးမှာ မကောင်းဆိုးဝါးမိစ္ဆာတွေ ရှိနေပါလိမ့်ဆိုတဲ့ ကျုပ်အတွေး။ ပြီး ပြေးမျက်နှာ။

"ကိုသောင်းစိန်ပါလားဗျို့၊ တဲပေါ်တက်ပါဦး"

ကျုပ် လျှောက်ရင်း အတွေးတွေကြွယ်နေတုန်း ချောင်းကမ်းပေါ်က လှမ်းခေါ်လိုက်တဲ့အသံ။ ကျုပ် ကြည့်လိုက်တော့ ကိုမဲဖူတို့ သားအဖ။ ကျုပ်လည်း ချောင်းကမ်းဘေးလျှောစိုက်ပြီး တဲပေါ်တက်ထိုင်လိုက်မိတယ်။

"ဘယ်သွားမလို့လဲ ကိုသောင်းစိန်"

"ကျုပ် မဆယ်ဂလိုင်ကျွေးဘက်ကို သွားမလို့ ကိုမဲ





ဖူ"

"ဘာ . . . ကိုသောင်းစိန် မဆယ်ဂလိုင်ကျွေးကို သွားမလို့ ဟုတ်လား။ ဘာကိစ္စနဲ့သွားမှာလဲ"

"ငါးအခြေအနေသွားကြည့်မလို့ ကိုမဲဖူ"

ကျုပ် ကိုမဲဖူကိုပြောချင်ပေမယ့် ပြောမထွက်ဘူး ဟုတ်တယ်လေ။ ကျုပ် ပြေးအတွက် စိုးရိမ်နေမိတယ်။ ပြီး တစ္ဆေဘထွန်းသမီးလေး ယဉ်မြသီအဖြစ်က ကျုပ်အဖို့ ယုံရအခက် မယုံရအခက်။

"အံ့ပါ့ ကိုသောင်းစိန်ရယ်။ မနေ့ညက ဒေါင့်ချောင်းသားထွန်းစိန် အဲဒီမဆယ်ဂလိုင်ကျွေးဘက်ကို သွားရင်း ကံကောင်းလို့ မသေခဲ့တာ"

"ထွန်းစိန် ဘာဖြစ်ခဲ့လို့လဲ ကိုမဲဖူ"

"ဘာဖြစ်ရမှာလဲ ကိုသောင်းစိန်ရယ်။ ကိုသောင်းစိန် သိသားပဲ မဟုတ်လား။ အဲဒါ ထွန်းစိန်ကို သရဲခြောက်လွှတ်လို့ မနည်းနာနပ်ယူရတယ်။ အဲဒါထွန်းစိန်အပြောက ဂလိုင်ကျွေးဝဲမှာ ပြေးကို တွေ့ခဲ့ရတယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"င . . .ပြေျူး ဟုတ်လား ကိုမဲတူ။ မဖြစ်နိုင်တာဗျာ။ ပြေျူး အဲဒီသွားဖို့ စိတ်ကူးတောင်မထည့်ဝံ့ဘူး ကိုမဲတူ"

"မဟုတ်ဘူး ကိုသောင်းစိန်။ ခု ထွန်းစိန် တွေ့ခဲ့တာက အဲဒီဂလိုင်ကွေ့ဝဲကြီးထဲမှာ တွေ့ခဲ့ရတာ။ ထွန်းစိန် ဘယ်လိုခေါ်ခေါ် မထူးဘူးတဲ့။ ကိုသောင်းစိန် မယုံရင် ထွန်းစိန်ကို မေးသာကြည့်တော့။ ကျုပ်တောင် ထွန်းစိန်ပြောလို့ အစက မယုံခဲ့ဘူး"

"ဒါဆို ကျုပ် ပြန်မယ် ကိုမဲတူ"

ကျုပ်လည်း ကိုမဲတူစကားကြောင့် ပြေျူးအတွက် အတော့်ကို စိုးရိမ်သွားမိတယ်။ ကျုပ်လှေကို အပြင်းလှော်ပြီး တဲကိုပြန်ရောက်တော့ ကျုပ် တွေ့လိုက်ရတဲ့ပြေျူး။ တဲပေါ်မှာ အရက်တွေမူးပြီး ဆန့်ဆန့်ကြီး လဲနေတဲ့အဖြစ်၊

"ပြေျူး . . . ပြေျူး"

"အင်း"

"ဟော့ကောင် ထစမ်းပါဦး"

ကျုပ် ပြောပြောဆိုဆို ပြေျူးကို ဆွဲကူတာတောင်



မရဘူး။ ပြေျူး အတော့်ကိုအမူးလွန်နေတဲ့အဖြစ်။ ကျုပ် ပြေျူးကို ကြည့်ကြည့်ပြီး ဒေါသဖြစ်သွားမိတယ်။ ကြည့်လေ။ ပြေျူး အရက်သောက်နေတာ လူမှန်းသူမှန်း မသိခဲ့တာ။

"ပြေျူး . . . ဟော့ကောင် ထစမ်း။ မင်းအရက်တွေ သောက်လာချည်လား။ ဘာဖြစ်လို့ သောက်တာလဲ။ အစ်ကို့ကို ပြောစမ်းပါဦးကွာ"

ကျုပ် ပြေျူးကို ပြုစုမှ သက်သာသွားတယ်။ ပြီး ကျုပ်ကို စူးစူးဝါးဝါးကြည့်နေတဲ့အကြည့်။ ကျုပ်တောင် လန့်သွားမိတယ်။ ကြည့်လေ။ ပြေျူး လိပ်ပြာလွယ်နေလို့လား မသိဘူး။ သရဲဝင်ပူးခဲ့တာ ကျုပ်အသိ။ ကိုမဲတူ ပြောသလို ပြေျူး မဆယ်ဂလိုင်ကွေ့ကိုသွားခဲ့လို့ မကောင်းဆိုးဝါးများ ပူးကပ်နေပြီလား။ ကျုပ် ပြေျူးကိုကြည့်ပြီး မယုံသင်္ကာဖြစ်နေမိတယ်။

"ဟော့ကောင် ပြေျူး . . . ပြေျူး"

"ဟင် . . . အစ်ကိုသောင်းစိန်"

"မင်း . . . မင်း မဆယ်ဂလိုင်ကွေ့ကို သွားခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

ဆို"

ကျုပ်စကားကြားမှ ပြေူး သတိရသွားဟန်ဖြင့် ကျုပ်ကိုကြည့်ပြီး . . .

"အစ်ကို့ကို ဘယ်သူပြောလဲ"

"ဘယ်သူပြောရမှာလဲ ပြေူးရာ။ သရဲခြောက်လို့ ပြန်ပြေးလာတဲ့ ထွန်းစိန် ပြောတာကွ . . . ပြောတာ"

"ဟုတ်တယ် အစ်ကို။ ကျုပ်ရွှေတွေကို သွားရှာတာ"

"ခက်တော့တာပဲ ပြေူးရာ။ မင်းစိတ်ထင်ရာ လုပ်နေလို့ မဖြစ်ဘူးကွ။ ဒီမဆယ်ဂလိုင်ကွေ့ဆိုတာ မင်းလည်း သိတယ် မဟုတ်လား"

"သိ . . . သိပါတယ် အစ်ကို။ ဒါပေမယ့် ကျုပ် ခင်လှရီကို ကျုပ် ရွှေ . . . ရွှေတွေပေးချင်လို့ သွားရှာတာပါ"

ကျုပ် ပြေူးစကားကိုကြားပြီး ယဉ်မြသီရဲ့ဂလိုင်ကွေ့မှာ ရွှေတွေရှိတယ်ဆိုတဲ့စကားကို အမှတ်ရမိသွားတယ်။

ဈေးသော



"မင်း . . . ရွှေတွေကို တွေ့ခဲ့လား ပြေူး"

"တွေ့ . . . တွေ့ခဲ့တယ် အစ်ကို . . . ဒါပေမယ့်"

ဒီကောင်ပြေူးစကားကိုကြားတော့ ကျုပ်တောင် မယုံနိုင်အောင် ဖြစ်သွားမိတယ်။ ဒီကောင်ပြေူး အရက်တွေ မူးမူးပြီး စိတ်ကယောင်ချောက်ချားများဖြစ်နေပြီလား။

"ပြောစမ်းပါဦး ပြေူးရာ"

"ကျုပ် အဲ့ဒီကိုသွားတော့ မပေးဘူး . . . မပေးဘူး ဆိုတဲ့အသံတွေကြားပြီး ဂလိုင်ဝဲကြီးထဲမှာ သမ္ဗန်ပျက်ကြီး တစ်စင်းကို တွေ့ခဲ့ရသေးတယ် အစ်ကို"

ပြေူးစကားကြားမှ ကျုပ် တစ္ဆေဘထွန်းသမီး ယဉ်မြသီ ကြုံခဲ့ရတဲ့အဖြစ်ကို သတိရသွားမိတယ်။ ဟုတ်တယ်လေ။ ဗောက်တူသမ္ဗန်ကြီး အဲဒီဂလိုင်ကွေ့ဝဲကြီးမှာ နစ်မြုပ်ခဲ့တယ်ဆိုတဲ့စကား။

"ကျုပ် သမ္ဗန်ပျက်ကြီးထဲကို ကြည့်လိုက်တော့ လူတွေ အများကြီးတွေ့ခဲ့ရသေးတယ်"

"ဒါဆို . . . မင်း ကံအလွန်နိမ့်နေပြီ ပြေူး။ ပင်းမို့

ဈေးသော

www.burmeseclassic.com

www.burmeseclassic.com



မကြောက်မရွံ့ သွားရတယ်လို့ကွာ။ အဲဒီလူတွေက မကျွတ်မလွတ်တဲ့ မကောင်းဆိုးဝါးတွေပဲဖြစ်မှာ ပြေျူး"

"ကျုပ် သမ္ဘန်ပျက်ကြီးပေါ်မှာ တွေ့ခဲ့တဲ့သူတွေက မကောင်းဆိုးဝါးတွေ ဟုတ်လား အစ်ကို"

"ဟုတ်တယ် . . .ပြေျူး။ မင်းကိုယ်မင်းလည်း သတိထားတော့ ပြေျူး။ ပြီးတော့ မင်းစွဲစွဲလမ်းလမ်းဖြစ်နေတဲ့ ခင်လှရီဆိုတာက ဘဝဟောင်းကလူကွ။ မင်း တမ်းတနေလို့မဖြစ်ဘူး။ ပြီးတော့ မင်း အရက်မသောက်ပါနဲ့တော့ ညီလေးရာ။ မင်း အရက်မူးမူးနဲ့ တစ်ခုခုဖြစ်သွားရင် အစ်ကို ရင်ကျိုးရမှာ ပြေျူး . . . ရင်ကျိုးရမှာ"

ကျုပ်စကားလည်းကြားရော ပြေျူးလေ ကျုပ်ကို ကြည့်ပြီး မျက်ရည်တွေ တွေတွေကြီးကျနေတဲ့အဖြစ်။ ကျုပ် ပြေျူးကို ကြည့်ပြီး ရင်ငိုသွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ်နဲ့ပြေျူးက ဘယ်ဘဝရေစက်ပါခဲ့သလဲ မသိဘူး။



"ခက်တာပဲ သောင်းစိန်ရာ။ မင်းမလဲ ပြေျူးနဲ့ ပတ်သက်ပြီး ကြောင့်ကျပူပန်နေရတာ ဘကြီးဖြင့် အံ့ဩလို့ မဆုံးနိုင်ဘူး"

"ဟုတ်တယ် . . . ဘကြီးရာ။ ပြေျူး တစ်ခုခုဖြစ်သွားမှာကို ကျုပ် အလွန်ပဲစိုးရိမ်မိတယ်။ ပြီးတော့ သူ ပြောပြောနေတဲ့ဘဝဟောင်းက ခင်လှရီကို စွဲလမ်းတကြီးဖြစ်နေတာ ခက်နေတယ် ဘကြီး။ ဟိုဧက်က ပြေျူး ကျုပ်မသိဘဲ မဆယ်ဂလိုင်ကွေ့ကို သွားသေးတယ်"

"ဒီကောင် ပြေျူး တယ်လဲခက်ပါလား။ မင်းက မပြောဘူးလား သောင်းစိန်"

ဤမေသာ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အမြဲတမ်းပြောပြပါတယ် ဘကြီးရာ။ ခက်တာက ပြေျး အရက်မူးမူးနဲ့ အဲ့ဒီသွားမှာ ကျုပ် အစိုးရိမ်ဆုံးပဲ။ ခုလဲ ပြေျးက မဆယ်ဂလိုင်ကျွေ့ဝဲထဲမှာ သမ္ဘာန်ပျက်ကြီးတစ်စင်းကို တွေ့ခဲ့သေးတယ်တဲ့။ ပြီးတော့ လူတွေကို တွေ့ခဲ့တယ်လို့ ပြောတယ်။ အဲဒါ ဘကြီးများ သိမလားလို့ ကျုပ် လာမေးတာ ဘကြီး"

ကျုပ်စကားကြားတော့ ဘကြီးထုံ အတန်ကြာထိ စဉ်းစားနေတယ်။ ပြီးမှ သတိရသွားဟန်နဲ့ . . .

"တစ်ခုတော့ရှိတယ် သောင်းစိန်။ ဟိုတုန်းက ဒီနေရာက ချောင်းမကြီးဆိုတော့ လှေသမ္ဘန်၊ သင်္ဘောတွေ အဝင်အထွက်ရှိခဲ့တာ အမှန်ပဲကွ။ ပြေျးပြောသလို သမ္ဘန်တွေ၊ သင်္ဘောတွေ ပျက်ခဲ့ဖူးတာတော့ ရှိတယ်။ အဘ ငယ်ငယ်တုန်းက ဒီချောင်းမကြီးဘက်မှာ ဓားပြတွေ ဧ႑ ခဏ အတိုက်ခံခဲ့ရတာရှိတယ်"

ကျုပ် ဘကြီးထုံစကားကြားပြီး တစ္ဆေဘထွန်းသမီး ယဉ်မြသီအဖြစ်ကို သတိရသွားမိတယ်။ ဒါနဲ့ ကျုပ်လည်း





ဘကြီးထုံကို စကားစလိုက်မိတယ်။

"ဘကြီးကို ပြောစရာရှိသေးတယ်။ ဟို တစ္ဆေဘထွန်းသမီးလေး ယဉ်မြသီက ဘဝဟောင်းကို မှတ်မိနေတယ် ဘကြီး"

"ဟေ . . . တစ္ဆေဘထွန်းသမီးလေး ဟုတ်လား"

"အဲ့ဒါ ကျုပ်ကို တစ္ဆေဘထွန်းက ပြောပြခဲ့တာ။ ယဉ်မြသီက ဟိုဘဝက ဒီဘက်ကို ရောက်ခဲ့ဖူးတာဖြစ်မယ်။ သူ့ရွှေတွေ ဓားပြလက်မပါအောင် ဂလိုင်ကျွေ့ထဲကို ပစ်ချခဲ့တယ်လို့ ပြောတယ်"

"ဒီအဖြစ်ကဆန်းဆန်းကြယ်ကြယ်ပါလား သောင်းစိန်"

"ဟုတ်တယ် ဘကြီးရာ။ ကျုပ်လည်း အံ့ဩနေမိတယ်။ ပိုပြီး အံ့ဩမိတာက ပြေျးပဲ ဘကြီး"

"ပြေျးက ဘာဖြစ်လို့လဲ သောင်းစိန်"

"ယဉ်မြသီက ဟိုတုန်းက သူ့တို့ကို ဓားပြတိုက်ပြီး သတ်ခဲ့တာ။ ဓားတေိုးလို့ စွဲစွဲမြဲမြဲအမှတ်ရနေတာ။ အဲဒီ ဓား တေိုးက ပြေျးပဲ ဘကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . သံသရာမှာ ကျင်လည်ခဲ့သမျှ ဘဝ ပဋ္ဌာန်းဆက်တွေကြောင့် ပြန်လည်ဆုံတွေ့ကြတဲ့အဖြစ်က ဆန်းကြယ်ပါလား သောင်းစိန်ရား ဒီတော့ ကိုဘတွန်းသမီး လေး ယဉ်မြသီကိုလည်း ဘကြီး မေးကြည့်ပါဦးမယ်"

ဘကြီးထုံက ပြောပြီး တငြိမ့်ငြိမ့်စီးဆင်းနေတဲ့ ချောင်းရေပြင်ကို ကြည့်နေတယ်။ ကျွန်ုပ်လည်း မြေးနဲ့ ယဉ်မြသီအဖြစ်ကို စဉ်းစားနေမိတယ်။

"မင်းပြောသဂၢါဆို ဒီမဆယ်ဂလိုင်ကွေ့ပဲမှာ ဟိုတုန်းက သင်္ဘောလေးတစ်စင်း နစ်ခဲ့တာရှိတယ်ကွ။ အဲဒီတုန်းက . . ."

ဘကြီးထုံက ကျွန်ုပ်ကိုပြောပြီး စကားမဆက်နိုင်သေးဘဲ ဆေးပေါ့လိပ်ဖွာနေတယ်။ ဘကြီးထုံဆိုတာက လည်း ရွာမှာ အသက်အကြီးဆုံးဆိုရင် မမှားဘူး။ ဘကြီးထုံတွေ့ကြုံခဲ့ရတဲ့အဖြစ်တွေက အဆန်းတကြယ်တွေ။ ခုလည်း မဆယ်ဂလိုင်ကွေ့မှာ သင်္ဘောမှောက်ခဲ့တဲ့အဖြစ်၊ ကျုပ်အတော့်ကို စိတ်ဝင်စားသွားမိတယ်၊



"အဲ့ဒီသင်္ဘောကဘယ်လိုမှောက်ခဲ့တာလဲ ဘကြီး"

"ဒီလိုကွ . . . အဲ့ဒီသင်္ဘောလေးဟာ ဒီရေစောင့်ရင်း ဒီရိုက်ပြီး မှောက်ခဲ့တာကွ။ ထူးတာက ချောင်းဖျားရွာက သူဌေးကိုဖိုးချုပ်ပဲ သောင်းစိန်၊ သူဌေးကိုဖိုးချုပ်က သူ့သမီး လေးအတွက် မင်္ဂလာဆောင်ပေးဖို့ မြို့တက်ပြီး ပစ္စည်းတွေ သွားဝယ်ရင်းအပြန်မှာ သင်္ဘောမှောက်ခဲ့တာ၊ အဲ့ဒါ သင်္ဘော မှောက်ခဲ့တဲ့နေရာမှာ ညညဆို အော်သံကြီးတွေ ပေါ်ပေါ်လာ လို့ ဘယ်သူမှ ငါးထောင်မရှာဘူး။ ခြောက်လိုက်လှန့်လိုက် တာတာ လွန်ရော။ အဲ့ဒီမှာ ထန်းပင်ကုန်းရွာဘက်က ငမဲတို့ ချောင်းထဲပိုက်ဆွဲရင်း ချောင်းကမ်းဘေးက လက်စွပ်တစ် ကွင်းရခဲ့တာ"

"ငမဲတို့က သင်္ဘောမှောက်ခဲ့တာ မသိဘူးလား ဘကြီး"

"ဘယ်သိပါ့မလဲကွာ။ အဲဒါလက်စွပ်ရပြီး ရွာကို ပြန် သွားတာ ငမဲတစ်ယောက် ညညဆို မကောင်းဆိုးဝါးကောင် ကြီး လိုက်တယ်ဆိုပြီး အိပ်မက်တွေမက်မက်ပြီး အော်အော်

www.burmeseclassic.com

www.burmeseclassic.com



နေတာ။ အဲဒါ ဆရာနဲ့ပြကြည့်တော့ သူဌေးကိုဖိုးချိုက မကျွတ်မလွတ်တဲ့ပြိတ္တာဘဝရောက်ပြီး သူ့ရွှေလက်စွပ်ကို ပြန်ပြန်တောင်းနေတဲ့အဖြစ်ပဲ သောင်းစိန်"

"သူ့မိန်းမက သူဌေးကိုဖိုးချိုအတွက် ကုသိုလ် ကောင်းမှုပြုပြီး အမျှမဝေဘူးလား ဘကြီး"

"အမျှဝေတာပေါ့ သောင်းစိန်ရာ။ ဒါပေမယ့် သူဌေး ကိုဖိုးချိုက သူ့မိန်းမရဲ့ အမျှဝေသံ မကြားရရှာဘူးနဲ့တူတယ်။ သူ့ရွှေလက်စွပ်ကိုရသွားတဲ့ ငမဲကို အိပ်မက်ပေးပြီး အမြဲ တမ်းလိုလို ခြောက်လှန့်ခဲ့တာ။ အဲဒါ နောက်ဆုံး ငမဲကိုယ်စား ဆရာက တောင်းပန်ပြီးမေးတော့ သူဌေးကိုဖိုးချိုက မကျွတ် မလွတ်တဲ့ဘဝနဲ့ အဲ့ဒီဂလိုင်ကွေ့ထဲမှာနေရတာတဲ့။ အဲ့ဒါသာ ကြည့်တော့ သောင်းစိန်။ ဘဝတကာ အစွဲအလမ်းကြောင့် ခံစားရတဲ့ဘဝက ဘယ်လောက်ကြောက်စရာကောင်းလဲ၊ ခုလဲ မင်းပြောတဲ့အတိုင်းဆို ငပြူးဘဝက အတိတ်သံသရာ က ပြုခဲ့တဲ့ ကုသိုလ်ကံအကျိုးဆက်ကြောင့် လူဖြစ်လာခဲ့ပေ မယ့် အစွဲအလမ်းက မပြေဘူးကွ"

[illegible]



ဘကြီးထံ့စကားကြားမှ ကျုပ် ငပြူးရဲ့အဖြစ်ကို တုန်လှုပ်သွားမိတယ်။

"ဒါဆို . . . ငပြူးတွေ့ခဲ့တဲ့ ဂလိုင်ကွေ့ထဲက သမ္ဘန်ပျက်ကြီး ရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အင်း . . . သမ္ဘန်ပျက်ကြီးဆိုလို့ ဘကြီး သိသမျှ ပြောရရင် ဟိုတုန်းက ရွာတွေကို ဓားပြတိုက်ခဲ့သလို၊ ချောင်း ထဲဝင်လာတဲ့ သမ္ဘန်တွေကိုလည်း ဓားပြတွေက အလွတ် မပေးဘူးကွ။ သမ္ဘန်ကြီးတစ်စင်းတော့ ဓားပြတိုက်ခံရပြီး နစ်ခဲ့တယ်ဆိုတာတော့ သိရတယ်။ ဘယ်နေရာမှာ နစ်ခဲ့ တယ်ဆိုတာ မသိရဘူး သောင်းစိန်။ ခုပြောမှ မဆယ်ဂလိုင် ကွေ့ထဲမှာ သမ္ဘန်ပျက်ကြီးရှိမှန်း သိတာ"

"ဘကြီးထံ့ပြောစကားအရဆို ဒီသမ္ဘန်ပျက်ကြီးက ယဉ်မြသီဘဝဟောင်းက ကြုံခဲ့တဲ့ သမ္ဘန်ကြီးများဖြစ်နေ မလား မသိဘူး ဘကြီး"

"ဖြစ်နိုင်မယ်ထင်တယ် သောင်းစိန်။ တို့ရွာဘက် ကို ပင်လယ်ဘက်က တောက်တူသမ္ဘန်ကြီးတွေ အမြဲလာပြီး

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထင်း၊ ခနီတွေ လာလာရောင်းတာကွ။ ဟိုတုန်းကတည်းက ရှိခဲ့တာ။ ကဲ . . . သောင်းဆိန် ဘကြီးပြန်မယ်"

ဘကြီးထိုက နှုတ်ဆက်ပြီး ပြန်သွားမှ ကျုပ်တဲပေါ်မှာ ငုတ်ကြီးကျန်ခဲ့တယ်။ တုပ်တယ်လေ။ ပြေးတာ ခုတလော အခြေအနေထူးနေတာ ကျုပ်အသိ။ ကျုပ်ကို မခေါ်ဘဲ တစ်ယောက်တည်း ငါးရှာ ဖားရှာနေဘာ။ ကျုပ်တဲပေါ်ကဆင်းပြီး ချောင်းထဲကိုကြည့်လိုက်မိတယ်။ ချောင်းရေစီးက တပြိမ့်ပြိမ့်စီးဆင်းနေဆဲပင်။ ကျုပ်လည်း ချောင်းရေကိုကြည့်မိရင်း သတိရမိပြီး ပြေးအတွက် စိုးရိမ်သွားမိတယ်။ ကြည့်လေ။ ပြေး မိကျောင်းဆွဲခံရတဲ့အဖြစ်က ထူးထူးဆန်းဆန်း။ ပြီး မဆယ်ဂလိုင်ကွေ့။

ကျုပ် ကမန်းကတန်း ချောင်းထဲမှာ ဆိုက်ထားတဲ့ လှေပေါ်တက်ပြီး မဆယ်ဂလိုင်ကွေ့ဘက်ဆီသို့ အပြင်းလှော်ခတ်လိုက်မိတယ်။ ကျုပ် မလှော်လို့မဖြစ်ဘူး။ ပြေး ငါးရှာသွားတာကြာပြီ။ ကျုပ်လှေလှော်ရင်း မဆယ်ဂလိုင်တွေ့ မရောက်ခင် ချောင်းစွယ်လေးတိုရေးဘ်တော့ ကျုပ်တွေ့



လိုက်ရတဲ့မြင်ကွင်းက အသည်းထိတ်စရာ။ ကြည့်လေ။ လတာပြင်စပ် ခနီတောထဲက မည်းမည်းသဏ္ဌာန်။ ကျုပ်ကြည့်ရင်း ရင်ဖိုသွားမိတယ်။ ကျုပ်လှေသံလည်းကြားရော မည်းမည်းသဏ္ဌာန်က ချောင်းထဲ လျှောခနဲ ဆင်းသွားတဲ့အဖြစ်။

ကျုပ်ရင်ထဲမှာ ပိုပြီး ပြေးအတွက် ရင်ထိတ်သွားမိဘယ်။ ဒါနဲ့ ကျုပ်လည်း ချောင်းရေပြင်အခြေအနေကို ကြည့်ပြီး ဂလိုင်တွေဘက်ကို လှေဦးတည်လိုက်မိတယ်။ တဝုန်းဝုန်း ပွက်နေတဲ့ငါးပွက်သံကြီးတွေနဲ့ ဂယက်လှိုင်းထနေတဲ့ ချောင်းရေပြင်။ ကျုပ်ကြည့်ပြီး ကြက်သီးမွေးညင်းထသွားမိတယ်။

ကြည့်လေ။ ချောင်းရေဝဲကတော့ကြီးထိုးသံနဲ့ အတူ တဟဲဟဲမြည်ပေးနေတဲ့ ဂလိုင်တွေကြီးထဲကအသံ။ ချောင်းဘေးမှာပေါက်နေတဲ့ သစ်ပင်ကြီးတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ကြောက်စရာ အသွင်ဖြစ်နေတဲ့ ဂလိုင်ကွေ့။ ချောင်းရေကျချိန်ဆို မက်တောက်တဲ့ ချောက်ကမ်းပါး

www.burmeseclassic.com

www.burmeseclassic.com



ဂလိုင်ခွဲကြီးဖြစ်နေတဲ့နေရာ။ ကျုပ် ပြေးဖောကြောင့် အကြောက်အလန့်ပရှိဘဲလာခဲ့မိတာ။

ဂလိုင်ကွေ့ခွဲကြီးက ဘယ်အထိနက်သလဲ မသိဘူး။ ဝဲကတော့ထိုးပြီး တဝေါဝေါရေစီးသံနဲ့အတူ ကျုပ်တွေ့လိုက်ရတဲ့မြင်ကွင်း။ ကျုပ် အံ့ဩတကြီးပင် အသံထွက်သွားမိတယ်။

"ပြေး . . . ပြေး"

ကျုပ်ခေါ်သံလည်းကြားရော ပြေး ကျုပ်ကို ကြည့်ပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဂလိုင်ကွေ့ခွဲဘေးက ချောက်ကမ်းပါးပြတ်ကြီးပေါ် တက်နေတဲ့ ပြေးအဖြစ်။

"ပြေး . . . မတက်နဲ့ . . . မတက်နဲ့"

ကျုပ် ပြေးကိုကြည့်ပြီး ဘယ်အထိခေါ်နေမှန်း မသိဘူး။ ပြေးက ဂလိုင်ကွေ့ချောက်ကမ်းပါးပြတ်ကြီးပေါ်က ပြေး။

"ဝုန်း"

"ဗွမ်း"



အသံနဲ့အတူ ဂလိုင်ကွေ့ခွဲထဲကို ကျသွားတဲ့ ပြေး။ ကျုပ်မျက်လုံးတွေ ပြာဝေသွားတယ်။ ကျုပ် လှေကို အားကုန်လှော်ခတ်ပြီး ဝဲကတော့ကြီးထဲကို ဖြတ်လိုက်စဉ် ကျုပ် ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားတဲ့အဖြစ်။ ပြီး ကျုပ်မျက်စိထဲမှာ ဗိုးဘတ်းမြင်လိုက်ရတဲ့ ချောင်းရေစီးသံနဲ့ပြေး။

ကျုပ်ကြည့်နေစဉ်မှာပဲ ကျုပ်ရှေ့မှာ တွေ့လိုက်ရတဲ့ သမွန်ပျက်ကြီး၊ သမွန်ပျက်ကြီးပေါ်မှာထိုင်ပြီး ကျုပ်ကို အထူးအဆန်းသဖွယ်ကြည့်နေတဲ့လူတွေ။ ကျုပ် ကြည့်ရင်း ကြက်သီးဖျန်းခနဲထသွားမိတယ်။ အဲဒီအချိန်မှာ ကျုပ် မမျှော်လင့်ဘဲ တွေ့လိုက်တဲ့ မိကျောင်းကြီးတစ်ကောင်။ ပါးစပ်ကြီးဟပြီး ကျုပ်ဆီလာနေတာ။ ကျုပ်လည်း ကြောက်ကြောက်လန့်လန့်နဲ့ငေးကြည့်နေမိတယ်။ အဲဒီအချိန်မှာ လူမည်းမည်းကြီးတစ်ယောက်က ကျုပ်ကို လက်ညှိုးထိုးထိုးပြီး ပြနေလို့ ကျုပ် ကြည့်လိုက်တော့ ပြိုးပြိုးပြက်ပြက်အရောင်တွေကြားမှာ တွေ့လိုက်ရတဲ့ ပြေးအဖြစ်။

www.burmeseclassic.com

"ပြူး . . . ပြူး"

ကျုပ် ဘယ်အထိ ပြူးကို စိုးရိမ်တကြီးဟာင်ခေါ်နေမိတယ် မသိဘူး။ ကျုပ်ရှေ့မှာ ပြေးနေတဲ့ပြူး၊

"အစ်ကိုသောင်းစိန် . . . အစ်ကိုသောင်းစိန်"

ကျုပ်ရှေ့မှာပြေးနေတဲ့ ပြူးကို ခေါ်ရင်း ရုတ်တရက် ကျုပ်နားထဲမှာပေါ်လာတဲ့အသံ။ ကျုပ် လေးလံနွံးနည့်တဲ့ ခန္ဓာကိုယ်နဲ့အတူ ကျုပ် မျက်စိ အားယူပြီးဖွင့်ကြည့်လိုက်မိတယ်။

"ဟာင် . . . ပြူး . . . ပြူး . . . မင်း . . . မင်း မသေဘူးနော်"



"ကျုပ် ဘာဖြစ်လို့သေရမှာလဲ အစ်ကိုသောင်းစိန်"

ကျုပ် ပြူးစကားကြောင့် ကျုပ်အဖြစ်ကို ကျုပ် အံ့သြသွားမိတယ်။ ပြူးက ကျုပ်ကို စိုးရိမ်တဲ့အကြည့်နဲ့ ကြည့်ပြီး ပြောလိုက်တဲ့စကားသံ။ ကျုပ်နားတောင် ကျုပ် မယုံနိုင်အောင်ဖြစ်သွားမိတယ်။

"မင်း မသေဘူးလား ပြူးရဲ့"

"ကျုပ် ဘယ်မှမသွားပါဘူး အစ်ကိုရာ။ ကျုပ် ငါးရှာပြီးပြန်လာတော့ အစ်ကိုကို မတွေ့လို့ လိုက်ရှာတာ။ အဲဒါ အစ်ကိုလှေပေါ်မှာလဲပြီး ချောင်းထဲမှာ မျောနေလို့ ကျုပ် ပြန်ခေါ်ခဲ့ရတာ"

"ဟာ . . . ငါ လှေပေါ်မှာ လဲနေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုသောင်းစိန်၊ ရှင်လှေပေါ်မှာ လဲနေတာတွေ့လို့ ပြူး ပြန်ခေါ်လာတာ"

ပြူး စကားဆုံးသွားဘူး။ ကျုပ်မိန်းမ မြရီစကားကြောင့် ကျုပ်အဖြစ်ကို ကျုပ် ယုံနိုင်အောင်ဖြစ်သွားမိတယ်။ ဒါဆို ကျုပ် ဘာတွေဖြစ်ခဲ့တာလဲ။

www.burmeseclassic.com



"မင်းပြောတဲ့သမ္ဘန်ပျက်ကြီးကို သွားကြည့်ရင်း မင်းကိုရှာတာ ငြေျူး။ အဲဒါ မင်း ဂလိုင်ကွေ့ဝဲကြီးသေးက ရှောက်ကမ်းပါးကြီးတက်နေတာ တွေ့လို့ ခေါ်တာ"

ကျူပ်စကားကြားတော့ ငြေျူး ကျူပ်ကိုကြည့်ပြီး မျက်လုံးလေး ပြူးသွားတယ်။

"ကျူပ် . . . ကျူပ်ကို . . . အဲ့ဒီဂလိုင်ကွေ့မှာ အစ်ကို တွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် ငြေျူး။ အဲဒါ မင်းဆီကိုအလာ ငါ ဘာ ဖြစ်သွားတယ် မသိတော့ဘူး"

ကျူပ်အဖြစ်ကို ကျူပ်စဉ်းစားလို့မရဘူး။ ကျူပ် အိပ်မက်ပဲမက်ခဲ့သလား။ တကယ်ပဲလားဆိုတာ ဇဝေဇဝါဖြစ်နေမိတယ်။ ပြီး ကျူပ် ငြေျူးကို သေသေချာချာကြည့်လိုက်မိတယ်။ ဟုတ်တယ်လေ။ ကျူပ် ဂလိုင်ကွေ့ဝဲကြီးထဲမှာ တွေ့ခဲ့ရတဲ့ ငြေျူး။

"မင်းကို ဂလိုင်ကွေ့ကြီးထဲမှာ ထူးထူးခြားခြား တွေ့ခဲ့ရလို့ အစ်ကို စဉ်းစားလို့ မရဘူး ငြေျူးရာ"



ကျူပ် ငြေျူးကိုပြောရင်း စိတ်မကောင်းဖြစ်သွားမိတယ်။ ဟုတ်တယ်လေ။ ခုတလော ကျူပ် ဘာတွေဖြစ်နေမှန်းတောင် မသိဘူး။ ငြေျူးအတွက် စိတ်စွဲပြီး ခဏ ခဏ မက်ခဲ့တဲ့ အိပ်မက်ဆိုးတွေ။ ကြည့်လေ။ ကျူပ် မက်ခဲ့တဲ့ အိပ်မက်ဆိုးထဲက ငြေျူးကို ဂလိုင်ကွေ့ကြီးထဲမှာ တွေ့ခဲ့ရတဲ့အဖြစ်။

"အစ်ကို . . . မင်းနဲ့ပတ်သက်ပြီး မက်ခဲ့တဲ့အိပ်မက်တွေက မကောင်းဘူး ငြေျူးရာ။ မင်း ဂလိုင်ကွေ့ကို မသွားပါနဲ့ကွာ"

ကျူပ် စကားကြားတော့ ကျူပ်ကိုကြည့်နေတဲ့ ငြေျူး။ ကျူပ် ငြေျူးအကြည့်ကို သိတာပေါ့ဗျာ။ ဒီကောင် ငြေျူးကလည်း ခုတလော ဘာဖြစ်နေတယ်မသိဘူး။ သောက်လိုက်တဲ့အရက်။ ဒါတင်ဟုတ်သေးလား။ ညညဆို ချောင်းကမ်းဘေးထိုင်ထိုင်ပြီး ခင်လှရိနွာမည်ကို ခေါ်ခေါ်နေတာ။

"ကဲ . . . ငြေျူး အစ်ကို့အတွက် စိတ်မပူနဲ့တော့။ မင်း အနားယူလိုက်ဦး။ အရက်ကိုတော့ လျှော့သောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ညီလေးရာ"

"ဟုတ် . . . ဟုတ်တဲ့ပါ အစ်ကို"

ပြေါ့ ကျုပ်ကို ပြောပြီးထွက်သွားမှ ကျုပ်မိန်းမ မြရီကို ကျုပ် ကြည့်လိုက်မိတယ်။

"မြရီ"

"ပြောလေ . . . အစ်ကိုသောင်းစိန်"

"ငါ့စိတ်တွေ ခုထားပဲ ဘာဖြစ်နေတယ်မသိဘူး မြရီရာ။ ပြေါ့ တစ်ခုခုဖြစ်မှာကို သိနေသလိုပဲ"

"အစ်ကိုကသာ ပြေါ့အတွက် စိုးရိမ်ပြီးပြောနေ ပြေါ့ ခုတလော ကိုဘထွန်းတို့တောက်တူသစ္စာကြီးကို သွားသွားနေတာ"

ကျုပ်မိန်းမမြရီစကားကြားတော့ ကျုပ် အံ့ဩနေမိ တယ်။ ကြည့်လေ၊ ပြေါ့ သွားနေပဲ့ပဲ အဲဒီဘထွန်းသမီး လေး ယဉ်မြသီက ပြေါ့ကို ဘယ်လိုမှ ကြည့်လို့မရနိုင်တာ ကျုပ်အသိ။

"အဲ့ဒါ . . . ကိုဘထွန်းသမီးလေးကို ခင်လှရိုပဲလို့



အမှတ်ရှိနေသလား မသိဘူး အစ်ကိုသောင်းစိန်။ အဲဒါ သူ ပစ္စည်းတွေပေးဖို့ရည်း ပြောပြောနေတာ"

"တယ်ခက်တဲ့ ပြေါ့ပါလား မြရီရာ။ အဲဒါ ကိုဘ ထွန်းသမီးလေး ယဉ်မြသီက ဟိုဘဂေ သူ့ကိုသတ်ခဲ့တာ မားငတိုးလို့ဆိုပြီး ပြေါ့ အသိစွဲနေတာ ဒီကောင်လည်း အသိပဲ မြရီ"

"ဪ . . . ကိုသောင်းစိန် . . . ကိုသောင်းစိန်"

ကျုပ်နဲ့မြရီ ပြေါ့အကြောင်းတို ပြောနေတုန်း လှမ်းခေါ်လိုက်တဲ့အသံကြားလို့ ကျုပ် ကြည့်လိုက်တော့ ဘချွေဘထွန်း . . .

"ဘယ်လိုနေသေးလဲ ကိုသောင်းစိန်။ ပြေါ့ပြော လို့ ကျုပ် ကြားကြားချင်းလာခဲ့ရတာ"

"ကျုပ် သတိသာသွားပါပြီ ကိုဘထွန်း"

"အေးရာ . . . ခင်ဗျား ဂလိုင်တွေ့နေမှာတွေ့ရတယ် ဆိုလို့ ကျုပ် စိတ်ပူသွားတာ။ အဲ့ဒါ ကျုပ်တို့လည်း ကုန်ရောင်း ပြီးလို့ တစ်ရက်နှစ်ရက်နေပြီး ပြန်ကြမယ် ကိုသောင်းစိန်"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တစ္ဆေဘထွန်းစကားကြောင့် ယဉ်မြသီကို အမှတ်ရမိသွားတယ်။

"ဟို . . . ကိုဘထွန်းဆီ ပြေူးလာတယ်ဆို"

"လာတယ် ကိုသောင်းစိန်။ ခုတလော ပြေူး အရက်တွေမူးမူးပြီး ရောက်လာတာ။ အဲ့ဒါ သမီးလေးကို ခင်လှရီလို့ ခေါ်ခေါ်နေတာ။ သမီးလေးက ပြေူးကို နင်ပဲငဆ ပြောတာတောင် ပြေူးက မနာနိုင်ဘူး"

တစ္ဆေဘထွန်းစကားကြောင့် ကျုပ် ပြေူးအဖြစ်ကို သနားသွားမိတယ်။ ဟုတ်တယ်လေ။ ပြေူး ရင်ထဲမှာ အစွဲအလမ်းမပျောက်တဲ့ဘဝဖော်ဟောင်းက ခင်လှရီ။ ကျုပ် အမျိုးမျိုး နားချလည်း ခင်လှရီမှ ခင်လှရီဖြစ်နေတဲ့ ပြေူး။

"ဒီအတိုင်းဆို ပြေူးက ယဉ်မြသီကို ခင်လှရီ အမှတ်နဲ့ စွဲနေတာခက်တယ် ကိုဘထွန်း"

"ဟုတ်တယ် ကိုသောင်းစိန်။ ပြီးတော့ ကျုပ်သမီး လေးက ပြေူးလာမှ ကျုပ်ကို ထူးထူးခြားခြား ပြောခဲ့တဲ့ စကားပဲ"



ကျုပ် တစ္ဆေဘထွန်းစကားကြားမှ စိတ်ဝင်စားသွား မိတယ်။

"ယဉ်မြသီက ဘာပြောလို့လဲ ကိုဘထွန်း"

"သမီးက အဲ့ဒီဂလိုင်ကွေ့ကြီးထဲမှာ သူ ထားခဲ့တဲ့ ပစ္စည်းတွေကို ပြေူး ယူသွားတယ်လို့ ပြောပြောနေတာ ခက်တယ် ကိုသောင်းစိန်ရယ်။ ကျုပ်လည်း သမီးလေးပြော သမျှ ယုံရအခက် မယုံရအခက်ဖြစ်နေမိတယ်"

တစ္ဆေဘထွန်းရဲ့စကားသံနဲ့အတူ ကျုပ် ဘကြီးထုံ ပြောတဲ့ ဂလိုင်ကွေ့ထဲက သမ္ဘာန်ပျက်ကြီး။

"ဒါဆို . . . ကိုဘထွန်းကို မေးရဦးမယ်။ ယဉ်မြသီ ပြောတဲ့ ဟိုဘဝက သမ္ဘန်ကြီးနစ်ခဲ့တာ မဆယ်ဂလိုင်ကွေ့ လားဆိုတာ ကျုပ် သိချင်တယ်ဗျာ"

"ကိုသောင်းစိန်က ဘာလုပ်မလို့လဲ ပြောစမ်းပါဦး"

"ဒီလိုဗျ။ ကျုပ်. ယဉ်မြသီပြောတဲ့စကားအရနဲ့ ပြေူးပြောခဲ့တာ တိုက်ဆိုင်နေလို့ပဲ. ကိုဘထွန်း။ မဆယ် ဂလိုင်ကွေ့ထဲမှာ သမ္ဘန်ပျက်ကြီးတစ်စင်းရှိခဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သိရတယ်။ ဘကြီးထုံပြောတာက သမ္မန်ကြီးကို ဓားပြ တိုက်ပြီး နစ်မြုပ်ခဲ့တယ်လို့ ပြောတယ် ကိုဘထွန်း"

ကျုပ်စကားကြားမှ တစ္ဆေဘထွန်းစဉ်းစားနေဟန် တူတယ်။ ကြည့်လေ၊ တိုက်တိုက်ဆိုင်ဆိုင် ပြေူးနဲ့ ယဉ်မြ သိက ဘဝဟောင်းက လှူ၀င်စားအဖြစ်တွေ။

"သမီးလေးကတော့ သူ့ပစ္စည်းတွေကို ဓားပြလက် ကို မပါအောင် ဂလိုင်ကွေ့ထဲကို ပစ်ချခဲ့တယ်လို့ မေးတိုင်း ပြောပြောနေတာပဲ ကိုသောင်းစိန်"

ကျုပ် ပြေူးအတွက် စဉ်းစားနေမိတယ်။ ကျုပ် မစဉ်းစားလို့ မဖြစ်ဘူး။ ကြည့်လေ၊ ပြေူးနဲ့ ယဉ်မြသီ၊ ဒါပေ မယ့် ခက်နေတာက ပြေူး။ ယဉ်မြသီပြန်ဖို့သိရင် ဘယ်လို ခံစားနေရမလဲ မသိဘူး။

"ကိုဘထွန်းကို ကျုပ် ပြောချင်တာက ကိုဘထွန်း တို့ပြန်တာ ပြေူး မသိပါစေနဲ့ဗျာ"

"ဘာဖြစ်လို့လဲ ကိုသောင်းစိန်"

"ပြေူးက ယဉ်မြသီကို ဘဝဟောင်းက ခင်လှရှိလို့





စိတ်ဖွဲ့နေတာမဟုတ်လား။ ကိုဘထွန်းတို့ပြန်မယ်ဆိုရင် ပြေူး တစ်ခုခုဖြစ်မှာစိုးလို့ပါဗျာ"

တစ္ဆေဘထွန်းက ကျုပ်စကားကို နားထောင်ပြီး ပြေူးအတွက် စိတ်မကောင်းဖြစ်နေပုံရတယ်။

"အေးဗျာ . . . ပြေူးနဲ့ ကျုပ်သမီးလေးအဖြစ်က အဆန်းတကြယ်ဗျာ။ ကိုသောင်းစိန်ပြောသလို ကျုပ်လည်း ပြေူးကို ပြန်မယ်ဆိုတာ မပြောရက်ပါဘူးဗျာ"

တစ္ဆေဘထွန်း နှုတ်ဆက်ပြီး ပြန်သွားမှ ကျုပ် ပြေူးအတွက် အလိုလိုစိုးရိမ်သွားမိတယ်။ ကျုပ် စိုးရိမ်စိတ်နဲ့ တဲပေါ်ကနေ ချောင်းထဲကိုကြည့်လိုက်တော့ တသွင်သွင် စီး ဆင်းနေတဲ့ ချောင်းရေပြင်။



www.burmeseclassic.com

www.burmeseclassic.com



"ပြေူး"

"ဗျာ . . . အစ်ကို"

"မင်းကြည့်ရတာ ငိုင်ငိုင်နေပါလား။ နေမကောင်းလို့လား။ အစ်ကို့ကို ပြောစမ်း"

"ကျုပ် ခင်လှရီကို သတိရမိလို့ပါ အစ်ကိုရယ်။ ခင်လှရီ ကျုပ်အပေါ် ဘယ်လိုမုန်းမုန်း ကျုပ်ဘယ်ဘဝရောက်ရောက် မမုန်းနိုင် မမေ့နိုင်ဘူး အစ်ကိုရာ"

ကျုပ်ကို ဖြည်းညင်းစွာပြောပြီး မျက်ရည်လေးဝဲနေရှာတဲ့ ပြေူးအဖြစ်။ ကျုပ် ပြေူးအဖြစ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိတယ်။



"ပြီးတော့ ကျုပ်မက်ခဲ့တဲ့အိပ်မက်တွေထဲမှာ ခင်လှရီက သူနဲ့ဆုံဖို့ ခေါ်ခေါ်နေတယ် အစ်ကိုရာ"

"စိတ်အစွဲသိပ်မထားပါနဲ့ ညီလေးရာ။ ခင်လှရီက မင်းနဲ့ဘဝတွေ ခြားနေပြီ မဟုတ်လား"

"ဘဝမခြားဘူး အစ်ကို။ မခြားဘူး ခင်လှရီက ကျုပ်လိုပဲရှိနေမှာ မလွဲဘူး။ ကျုပ်ရှာနေတာ။ ပြီးတော့ ယဉ်မြသီ ယဉ်မြသီ . . . တောက်"

ပြေူးက ကျုပ်ကိုပြောရင်း သတိရသွားဟန်ဖြင့် တောက်စတ်သံပြင်းပြင်း ပေါ်လာတယ်။ ပြီး အံကိုတင်းတင်းကြိတ်ပြီး မကျေမချမ်းနဲ့ ချောင်းရေပြင် ငေးကြည့်နေတဲ့ ပြေူး။

"ကျုပ်နဲ့ ခင်လှရီကို ဘဝချင်း မဆုံနိုင်အောင်ခွဲခဲ့ သူကို ကျုပ် မကျေနပ်ဘူး အစ်ကို . . . မကျေနပ်ဘူး"

ကျုပ် ပြေူးကိုကြည့်ပြီး ဘာစကားဆက်ပြောရမှန်းတောင် မသိဘူး။ အရက်တွေသောက်ပြီးတွေနေတဲ့ ပြေူး။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . . အရက်သောက်တာ ခွင့်လွှတ်ပါ အစ်ကိုရာ။ ကျုပ်ရင်ထဲမှာ ဘယ်အထိခံစားနေရသလဲဆိုတာ ကျုပ်ပဲ သိတယ် အစ်ကို။ ဒီတစ်ခါပဲ ကျုပ် အရက်ဘိုသောက်တာပါ အစ်ကို။ နောက်ဆို အစ်ကို အရက်ထိုက်လည်း ကျုပ် မသောက်နိုင်တော့ဘူး အစ်ကို"

ပြေူးက ကျုပ်ကိုပြောပြီး အရက်ပုလင်းငှဲ့ငှဲ့ပြီး သောက်နေတဲ့မြင်ကွင်း။ ကျုပ်လည်း ပြေူးကို မတားရက်တော့ဘူး။ ဟုတ်တယ်လေ။ ပြေူးရင်ထဲမှာ ကြိတ်ပြီး ခံစားနေရတဲ့အဖြစ်က အဆန်းတကြယ်။

"အရက်သောက်ရင်လည်း လျှော့ပြီး သောက်ပါ ပြေူးရာ။ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး"

"စိတ်ချပါ အစ်ကိုရာ။ ကျုပ် ဘာမှမဖြစ်ပါဘူး။ ကျုပ် သေသွားရင်တောင် အစ်ကိုနဲ့ ခင်လှရီအတွက် ကျုပ် ပစ္စည်းတွေပေးပြီးမှ ကျုပ် ပြန်မယ်"

ကျုပ် ပြေူးစကားကိုကြားပြီး ရင် ထဒုန်းဒုန်းခုန်သွားမိတယ်။ ကြည့်လေ။ အရက်မူးမူးနဲ့ပြောနေတဲ့ ပြေူးစကားသံ။





"နိမိတ်မရှိတဲ့စကားတွေကို မပြောပါနဲ့ ပြေူးရာ။ ကဲ . . . ညီမလေးလည်း အိပ်တော့။ အစ်ကို ငါးသွားရှာဦးမယ်"

"ကျုပ် . . . ကျုပ်လည်းလိုက်မယ် အစ်ကို"

"မလိုက်ပါနဲ့ ပြေူးရာ။ မင်းသောက်ထားတာ လွန်နေပြီ"

ကျုပ် ပြေူးကိုနှစ်သိမ့်ပြီး တဲပေါ်မှာ သိပ်လိုက်မိတယ်။ ကျုပ် ချောင်းထဲဆင်းပြီး လှေပေါ်ထိုင်ရင်း ငါးရှာမယ့်နေရာကို စဉ်းစားနေမိတယ်။ ကျုပ် ငါးမရှာလို့မဖြစ်ဘူး။ ခုတလော ကျုပ်နဲ့ပြေူး ငါးမရှာနိုင်ခဲ့တာ ကြာပြီ။

ကျုပ် လှေလှော်ပြီး ချောင်းရိုးအတိုင်း ဆင်းလာခဲ့မိတယ်။ ကြည့်လေ။ ကျုပ် နေ့စဉ်ချောင်းရိုးမြောင်းရိုးအနှံ့ ငါးဖားရှာခဲ့တာ ကြာပြီ။ ဒါပေမယ့် ကျုပ် ဒီနေ့ကြမှ ဘာဖြစ်တယ်မသိဘူး။ ကျုပ်မျက်စိထဲမှာ ထူးထူးခြားခြား ပြေူးမျက်နှာတွေပဲ ခဏ ခဏ မြင်ယောင်နေမိတယ်။ ပြီးတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက လေးလံနေမိတာ အမှန်ပဲ။

ဒါနဲ့ ကျုပ်လည်း ချောင်းဖျားဘက်ဆီကို ထွက်လာမိတယ်။ ကျုပ် ပြေးနဲ့အတူ ရောက်ခဲ့တဲ့ချောင်းဖျား။ ချောင်းဖျားလည်းရောက်ရော တဝုန်းဝုန်းနဲ့ ပွက်နေတဲ့ ငါးတွေ။ ကျုပ် ကွန်ချက်သုံးလေးချက်ပဲ ပစ်လိုက်ရသေးတယ်။ ကျုပ် ကွန်ချက်ထဲမှာ မရစဘူး ရတဲ့ငါးတွေ။ ကျုပ်ကိုကျုပ် တောင် အံ့ဩသွားမိတယ်။

ကြည့်လေ။ ကျုပ် ပြေးနဲ့ချောင်းဖျားရောက်ခဲ့တုန်းက ဆယ်သယ် စပါးသယ်ရခဲ့တဲ့ငါး။ အဲဒီကတည်းက ကျုပ်တစ်ယောက်တည်း ချောင်းဖျားမှာ ငါးရှာခဲ့တာ အနှံ့။ ဘယ်လိုရှာရှာ တဝုန်းဝုန်းနဲ့ ငါးပွက်သံကြီးတွေကြားပြီး ကျုပ် ငါးတစ်ကောင်မှ မရခဲ့တဲ့အဖြစ်။

ခု ကျုပ် ငါးတွေမရစဘူးရလို့ ဝမ်းသာအားရနဲ့ ပြန်လာမိတယ်။ ကျုပ် ချောင်းဖျားဘက်ကနေ တဲပြန်ဖို့ လှေဦးတည်ပြီး ပြန်မယ်လုပ်တော့ ကျုပ်လှေ ငြိမ့်ခနဲ ထူးထူးခြားခြားလူးသွားလို့ ကျုပ် မိကျောင်းများလားဆိုပြီး အသည်း





တောင် ထိတ်သွားမိတယ်။ ကြည့်လေ။ ကျုပ်လှေဘေးမှာ ဝဲဂယက်ကြီးတွေထပြီး သွားတဲ့အဖြစ်။ ကျုပ်လည်း တစ်ခါမှ မဖြစ်စဘူးဖြစ်လို့ လှေဝမ်းထဲကမှိန်းကိုယူပြီး ချောင်းရေပြင်ကို အကဲခတ်ကြည့်လိုက်မိတယ်။ ချောင်းရေပြင်က တသွင်သွင်စီးနေဆဲ။ ဒါပေမယ့် ကျုပ်ရင်ထဲမှာ တစ်ခုခုကို ကြောက်သလို ထိတ်သလို ခံစားနေမိတဲ့အဖြစ်။ ဟုတ်တယ်လေ။ ချောင်းဖျားက မကောင်းဆိုးဝါးတွေလား ကျုပ် တွေးမိပြီး လှေကို အားကုန်လှော်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . မြရီ . . . င . . . ငပြူး ဂလိုင်ကွေ့ကြီး ထဲကျလို့ အလောင်းတောင် ရှာလို့မတွေ့ရသေးဘူး ဟုတ်လား"

"ဟုတ် . . . ဟုတ်တယ် အစ်ကိုသောင်းစိန်၊ သကြီး ထုံတို့ လှုံပြီး ဘယ်လိုရှာရှာ င . . . ငပြူး . . . ဟီး . . . ဟီး"

ကျုပ်မိန်းမ မြရီ ကျုပ်ကို စကားတောင်အဆုံး မသတ်နိုင်ဘူး။ ငိုရှိုက်ရင်းပြောလိုက်တဲ့စကားသံ။ ကျုပ် မင်သက်မိပြီး ရင်ထဲမှာ ဗိုဗို့နင့်နင့်ကြီး ဖြစ်သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ် ချောင်းဖျားမှာ ငါးတွေခရစဘူး ရှာရှိ ဝမ်းသာပြီး ပြန်အလာ၊ ကျုပ်ကို ဆီးကြိုပြီးပြောလိုက်တဲ့



ကျုပ်မိန်းမ မြရီရဲ့စကား။

"မဖြစ်နိုင်တာ . . . မြ . . . မြရီရာ၊ ငါ ချောင်းဖျား သက် ငါးရှာမယ်ဆိုတော့ ငပြူး ငါနဲ့လိုက်မယ်ပြောသေးတာ"

"ငပြူးက အရက်တွေမူးပြီး အစ်ကို့အတွက်ဆိုပြီး အထုပ်ကလေးပေးခဲ့သေးတယ်။ ဘာလဲ မသိဘူး"

မြရီက ကျုပ်ကို ပြောပြီး အထုပ်ကလေးကို ယူပြီး ပြတယ်၊ ကျုပ် ကမန်းကတန်းဖွင့်ကြည့်လိုက်တော့ ရွှေစတွေ။ ကျုပ် အံ့အားသင့်ပြီး ငပြူး ကျုပ်ကို ခဏ ခဏ ပြောခဲ့တဲ့စကားကို အမှတ်ရမိသွားတယ်။ ကျုပ့်ကို ကျေးဇူးဆပ်မယ်ဆိုတဲ့ ငပြူးစကား။ ကျုပ် ငပြူးပေးထားခဲ့တဲ့ ရွှေစတွေကိုကြည့်ပြီး ကျုပ်ပါးပြင်ပေါ် ကျလာတဲ့မျက်ရည်။

"တဲ့ဆိုးလိုက်တာ ငပြူးရာ။ မင်းအစ်ကို့ကို ကျေးဇူးဆပ်ခဲ့တယ်ဆိုတာ အစ်ကို သိပါပြီကွာ . . . သိပါပြီ"

ကျုပ် ငပြူးပေးခဲ့တဲ့ရွှေစတွေကို ကြည့်ပြီး ယူကျုံးမရတဲ့စိတ်တွေနဲ့ ကျုပ် အားသွန်ငြေးနေမိတာက

www.burmeseclassic.com

www.burmeseclassic.com



မဆယ်ဂလိုင်ကွေ့၊ ကြည့်လေ။ ကျုပ်ရှေ့မှာ ထဟဲဟဲ ဝဲတာ တော့ကြီးထိုးပြီးနေတဲ့ မဆယ်ဂလိုင်ကွေ့ကြီး၊

"ပြေူးရယ် . . . ဖြစ်ရလေကွာ၊ အစ်ကို ဖြေလို့ မရဘူး"

"စိတ်ကိုထိန်းပါ သောင်းစိန်ရာ။ ဘကြီးလည်း မောင်သိုက် လာပြောမှ သိရတာ။ ပြေူးအဖြစ်ကို ကြားလို့ မယုံနိုင်အောင်ဖြစ်နေပါတယ်"

ကျုပ် ဂလိုင်ကွေ့ကြီးကိုကြည့်ပြီး ပြေူးအတွက် ဘယ်အထိငိုရှိုက်နေမိတယ် မသိဘူး။ ဘကြီးတုံစကားကြား မှ ကျုပ်မျက်ရည်ကြားက တွေ့ရတဲ့မကောင်းဆိုးဝါး နာနာ ဘာဝတွေရဲ့အသံလား တဝေါဝေါမြည်နေတဲ့ဂလိုင်ကွေ့ကြီး။

"ကျုပ် ဘယ်ဘဝရောက်ရောက် ခင်လှရီကို မေ့နိုင် မမေ့နိုင်ဘူး အစ်ကိုရာ"

ပြေူး အရက်မူးမူးနဲ့ ပြောခဲ့တဲ့စကားသံ။ ခုတော့ ပြေူး အသက်ပေးခဲ့တဲ့ ဂလိုင်ကွေ့ကြီး။

"ဘကြီးလည်း သူ့မိဘတွေဆီကို လူကြုံစကား





ထိုးပြီးပြီ သောင်းစိန်၊ ခက်နေတာက ပြေူးအဖြစ်ပဲကွ။ ဘာ ဖြစ်လို့ ခုန်းသွားတာလဲ မသိပါဘူးကွာ"

"ဗျာ . . . င . . . ပြေူး . . . ဂလိုင်ကွေ့ကြီးထဲကို ဆင်းသွားတယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကိုသောင်းစိန်၊ ကျုပ် ပိုက်ချဖို့ ထွက်လာတော့ ပြေူး အရက်တွေအတော်မူးနေတာ။ ကျုပ် မေးတော့ ဂလိုင်ကွေ့သွားမယ်ဆိုလို့ ကျုပ် တားသေးတယ်။ အဲ့ဒါ ပြေူးက ခင်လှရီ သူ့ကို စောင့်နေလို့ပြောပြီး ဆင်း သွားတာပဲ"

ပိုက်သမားတွေ့ စကားကြားမှ ကျုပ် ပြေူး အတွက် ကြေကွဲသွားမိတယ်၊ ကြည့်လေ။ ဘဝဟောင်းက ခင်လှရီကို အစွဲအလမ်းကြီးကြီးနဲ့ ဘဝချင်းဆုံဖို့ မျှော်လင့်နေ တဲ့ ပြေူးအဖြစ်က အံ့ဩစရာ၊

"ကဲ . . . သောင်းစိန် မင်း တဲပြန်တော့။ ဘကြီးတို့ ပြေူးအလောင်းကို တတ်နိုင်သမျှ ရှာကြည့်ဦးမယ်"

ဘကြီးတုံက ကျုပ်ကိုပြောလို့ ကျုပ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဂလိုင်ကွေ့ကြီးရဲ့ရေစီးသံ။ ဒီရေစီးသံနဲ့အတူ ပြေးရဲ့ ဝိညာဉ်ရှိနားရာနေရာ။ အဲဒီကတည်းက ကျုပ် ဘယ်လိုဖြေဖြေ မရခဲ့ဘူး။ ကြည့်လေ။ ကျုပ်နဲ့ပြေးက စားအတူ သွားအတူဘဝ။ ခုကြည့်၊ ပြေး မရှိတော့ ကျုပ်မနေတတ် မထိုင်တတ်ဖြစ်ပြီး ပြေးကိုယ်စား ကျုပ်အဖော်ပြုနေတာက အရက်။

"အစ်ကိုသောင်းစိန်ရယ် . . . ကိုယ့်စိတ်ကိုယ် ထိန်းစမ်းပါဦး။ သေတဲ့လူလည်း သေခဲ့ပြီမဟုတ်လား"

ကျုပ်မိန်းမ မြရီပြောမှ ကျုပ် ပြေးကို ပိုပြီး သတိရနေမိတယ်။

"ငါ အရက်သောက်တာ ခွင့်လွှတ်ပါ မြရီရာ။ ငါ သိပ်ချစ်တဲ့ ပြေးအတွက် . . . ဟီး . . . ဟီး"

ကျုပ် ငိုသံကြီးကပေါ်လာပြန်တယ်။ မြရီလည်း ကျုပ်အဖြစ်ကိုကြည့်ပြီး ဘာမှမပြောရှာဘူး။ ကျုပ် ငိုရင်း သတိရသွားမိတယ်။ ဟုတ်တယ်လေ။ ပြေးက အရက်ဆို လွန်ကြိုက်တဲ့ကောင်။ ဒါနဲ့ပဲ ကျုပ်အရက်မူးမူးနဲ့ ချောင်းကမ်းဘေးထွက်လာမိတယ်။ ကျုပ် မလာလို့မဖြစ်ဘူး။ နေညိုချိန်ဆို ဒီချောင်းကမ်းဘေးမှ ပြေး ထိုင်ထိုင်ပြီး အရက်မူးမူးနဲ့ ခင်လှရီကို ခေါ်ခေါ်နေတဲ့အဖြစ်။ ကျုပ် အရက်ပုလင်းနဲ့ အမြည်းသန်းဘာနဲ့ချပြီး ချောင်းရေပြင်ကို ကြည့်လိုက်မိတယ်။



ကျုပ် ချောင်းရေပြင်ကိုကြည့်ရင်း ကျုပ် မျက်စိထဲမှာ မြင်ယောင်လာမိတာက ပြေးမျက်နှာ။

"ပြေးရေ . . . မင်းအရက်သောက်ဖို့ အရက်နဲ့ အမြည်းရှိတယ်။ အစ်ကိုနဲ့အတူသောက်ရအောင်"

ကျုပ်လည်း မူးမူးနဲ့ပြောပြီး ပြေးအတွက် ပန်းကန်လုံးထဲကို အရက်ငှဲ့ထည့်ပြီး ကျုပ် အရက်သောက်နေပါတယ်။ ဥမ်းဆိုတဲ့အသံနဲ့အတူ ကျုပ် ပြေးသောက်ဖို့ချထားတဲ့ အရက်ခွက်နဲ့ အမြည်းပန်းကန် မရှိတော့ဘူး။ ကျုပ် ကြည့်ရင်း အံ့အားသင့်ပြီး ဟာင်ခနဲဖြစ်သွားပြီး အမူးပြေသလိုလို။ ဒါနဲ့ ကျုပ် နောက်တစ်ခွက်ဆင့်သောက်ပြီး ပြေးအတွက် အရင်ငှဲ့ထည့်ပြီး . . .

"ပြေးရာ . . . မင်းဟာ အရက်ဆိုသိပ်ကြိုက်တ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မင်းပဲ ခင်လှရီနဲ့တွေ့ချင်တယ်ဆို . . . အဲဒါ"

"ပွမ်း"

"ပွမ်း"

ကျုပ်စကားတောင် မဆုံးသေးဘူး ရုတ်တရက် ပေါ်လာတဲ့အသံကြီးနဲ့အတူ ကျုပ်ကို ကြည့်နေတဲ့ ပြေူး ကျုပ် အံ့ဩသွားမိတယ်။ ကြည့်လေ။ တစ်ကိုယ်လုံး ရေတွေရွှဲနစ်ပြီး ညှိုးငယ်နေတဲ့ ပြေူးမျက်နှာ။

"အစ်ကိုသောင်းစိန် ကျုပ်ကိုချစ်ရင် အရက်တွေကို မသောက်ပါနဲ့ အစ်ကိုရာ။ ကျုပ် . . . ကျုပ် ဂလိုင်ကျွေးကြီးထဲမှာနေတာ။ အဲဒါ အစ်ကို့ကို စိတ်မချလို့ လာကြည့်တာ။ ပြီးတော့ ကျုပ် . . . ကျုပ်ကို အမျှဝေပါ"

"ကိုသောင်းစိန် . . . ကိုသောင်းစိန်"

ကျုပ်ကို ပြေူးပြောနေတုန်း ရုတ်တရက်ပေါ်လာတဲ့အသံကြောင့် ကျုပ် လန့်နိုးသွားမိတယ်။ ပြီး ငေူပ်ကြည့်လိုက်တော့ ချောင်းရိုးဘေးမှာ အရက်ပုလင်းတွဲနဲ့ အမြည်းပန်းကန်။ ဒါဆို . . . ဒါဆို . . . ကျုပ်အဖြစ်ကို မတွေးတတ်



အောင် ဖြစ်သွားမိတယ်။

"အစ်ကိုသောင်းစိန် ဘာဖြစ်လို့ ဒီချောင်းဘေးမှာ လာအိပ်နေတာလဲ"

မြရီပြောမှ ကျုပ် ချောင်းဘေးမှာ အရက်သောက်ရင်း အိပ်ပျော်သွားမိတဲ့အဖြစ်၊ ဒါဆို ကျုပ်တွေ့ရတဲ့ ပြေူး။ ကျုပ်ကို အမျှဝေဖို့ပြောနေတဲ့အဖြစ်။

"မြရီ . . . ငါ . . . ငါတို့ ပြေူး အိပ်မက်ပေးတယ်ဟ။ ပြေူးက မဆယ်ဂလိုင်ကျွေမှာနေရတာယ်တဲ့ . . . အဲ့ဒါ"

"ကိုသောင်းစိန်လည်း ပြေူးအတွက် စိတ်စွဲလမ်းနေလို့မဖြစ်ဘူး။ ဘုရား၊ တရားကိုလည်း အာရုံပြုပြီး မေတ္တာပို့ပါဦး"

ကျုင်မိန်းမမြရီ ပြောပြောဆိုဆို ထွက်သွားမှ ကျုပ် တဲပေါ် ပြန်တက်ပြီး ပြေူးပေးခဲ့တဲ့ ရွှေထုပ်ကလေးကြည့်လိုက်မိတယ်၊ ကျုပ် ရွှေထုပ်တလေးကိုကြည့်ပြီး မျက်ရည်ဝဲနေမိတယ်၊ ဟုတ်တယ်လေ၊ ပြေူးဘဝက အံ့ဩစရာ။ သူ့သေမည့်ကို ကြိုတင်ပြီး ကျုပ်ကို ကုသိုလ်ကောင်းမှုပြု

www.burmeseclassic.com

www.burmeseclassic.com



အမျှဝေဖို့ ရွှေထုပ်ကို ပေးခဲ့တာလား။ ဒါမှမဟုတ် ဘဝ ဟောင်းက ခင်လှရိုခေါ်လို့လား။ ကျုပ် တွေးမိရင်း စဉ်းစားရ ခက်သွားမိတယ်။

ဒါပေမယ့် ကျုပ် ကြာကြာစဉ်းစားနေလို့ မဖြစ်ဘူး။ ကျုပ်အိပ်မက်ထဲမှာ တွေ့ရတဲ့ ငပြူးရဲ့ ညှိုးငယ်နေတဲ့ မျက်နှာနဲ့အတူ တစ်ကိုယ်လုံး ရေတွေရွှဲနစ်ပြီး သနားစရာ ဖြစ်နေတဲ့ဘဝ။ ငပြူး ဒီဘဝက အမြန်ဆုံးကျွတ်လွတ်နိုင် ဖို့ ကျုပ် ရွာဦးကျောင်းဆရာတော်ပင့်ပြီး ငပြူးအတွက် ကုသိုလ်ဒါနပြုလိုက်မိတယ်။ ကျုပ် ကုသိုလ်ဒါနပြုရင်း ရင်ထဲ ဆို့နင့်ပြီး ငုငိုကြီးဖြစ်နေမိတယ်။ ဟုတ်တယ်လေ၊ ကျုပ် အမျှဝေသံကို စောင့်မျှော်နေမယ့် ငပြူး။

"ညီလေး . . . င . . . ငပြူးအတွက် အစ်ကို ကုသိုလ်ဒါနပြုသမျှ အစ်ကို အမျှဝေပါတယ်။ ညီလေးငပြူး ရောက်ရာဘုံဘဝက သာဓု . . . သာဓုခေါ် . . . ခေါ်ပါ။ ညီလေး ရေ အမျှ . . . အမျှ . . . အမျှ"

ကျုပ်ရဲ့အမျှဝေသံနဲ့အတူ ချောင်းထဲမှာ ထူးတူး

ဤမျှသာ



ခြားခြား ဝုန်းဆိုပြီး ထပွက်သွားတဲ့အသံကြီး။ ပြီး ကျုပ် ငိုလိုက် တဲ့အသံ ဟိန်းသွားတယ်။ ဒါပေမယ့် ကျုပ် မျက်စိထဲမှာ ထူး ထူးခြားခြား တွေ့လိုက်ရတဲ့ ငပြူး။ ကျုပ် ကြက်သီးထမဆုံး အောင် ဖြစ်သွားမိတယ်။ ဒါနဲ့ ကျုပ်ရင်ထဲက ထွက်သွားတဲ့ စကားသံ၊ ငပြူး ကြားနိုင်ပါစေလို့ ဆုတောင်းရင်း . . .

"ငပြူး ကောင်းရာဘုံဘဝ ရောက်ပါစေ . . .
ငပြူး ကောင်းရာဘုံဘဝ ရောက်ပါစေ . . ."

မန်ခင်းထန်

ဤမျှသာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မမသဒ္ဒါမောင်

ထွက်ပြီးစာအုပ်များ

၁။ ရင်ကိုပစ်ခွင်းခဲ့သော်လည်း
၂။ တံလျှပ်ကိုမှရေထင်
၃။ အသက်လို
၄။ သဲမြည္ဟာ
၅။ တိတ်တဆိတ်လေး
၆။ ငြိုးသူ့ရင်မှာ
၇။ ရှန်းထွက်ခွင့်
၈။ ရွှေရင်ခုနှ်တအုံနွေးနွေး
၉။ အံနားသတ်မညီသော
၁၀။ ရော့....ယူပါ....၁၅၀၀
၁၁။ နှလုံးသားရဲ့ကွန်းခိုရာ
၁၂။ မောင့်ရင်ထဲက နှင်းပန်းခိုင်
၁၃။ မြားနှစ်စင်း၏ဆုံမှတ်တစ်နေရာ
၁၄။ ရှင့်ကိုမုန်းတယ်
၁၅။ ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ
၁၆။ ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော
၁၇။ ရင်ထဲမှာထာဝရ

ယခုလထုတ် ( ၂၀၀၉ စက်တင်ဘာလ )

"တစ်မိုးအောက် တစ်ပေါ်အောက်သား"

# ၂၀၀၈ မှာ မမသဒ္ဒါမောင်

ကို အောင်မြင်စွာ စင်တင်နိုင်ခဲ့ပါသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • •

# ၂၀၀၉ မှာ မဖော်ခိုင်

တိုင်းရင်းသူလေးရဲ့ ချစ်စရာအတွေးအရေးကို
ခံစားကြည့်စေလိုပါသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • •

# ၂၀၁၀ မှာ စာရေးဆရာတစ်ယောက်ကို စင်တင်လိုပါသည်။

- ◊ အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင်ရပါမည်။
- ◊ အသက် (၂၃) နှစ်အထက် ဖြစ်ရန်လိုပါသည်။
- ◊ ဝတ္ထုဖတ်ဝါသနာပါပြီး စာရေးရန် စိတ်ထက်သန်သူဖြစ်ရပါမည်။
- ◊ ဗလာစာအုပ်ဖြင့် စာမျက်နှာ ၂၀၀ မှ ၂၄၀ အတွင်း ရေးရပါမည်။
- ◊ ရွေးချယ်ခံရပါက ဝတ္ထုတစ်ပုဒ်ကို ငါးသောင်းကျပ် စတင်ပေးပါမည်။

ရွှေပဒေသာစာပေ
တိုက်(၄)၊ အခန်း (၁၀)၊ ပြည်တော်သစ်ရိပ်သာ
အောက်ပုဇွန်တောင်၊ ရန်ကုန်အရှေ့ပိုင်းစာတိုက်
ဖုန်း-၀၁-၃၈၄၉၂၇၊ ၀၉-၅၁၂၇၁၉၅၊ (အိမ်) ၀၁၅၁၀၁၆၃၁


www.burmeseclassic.com

www.burmeseclassic.com

ရွှေပဒေသာစာပေ

# ဖန်ခင်းထန်

## လူထူးလူဆန်း



BURMESE CLASSIC .com

graphic designed by YuWa

www.burmeseclassic.com